www.burmeseclassic.com




# ဦးနု

# ဗုဒ္ဓသာသနာ

www.burmeseclassic.com

www.burmeseclassic.com

၁၉၅၈ ဇွန်လ၊ စာပေဗိမာန်ထုတ် မြတ်စွာဘုရား အကြောင်းနှင့် ၁၉၅၈ ခု၊ ဇူလိုင်လ စာပေဗိမာန် ထုတ် ဗုဒ္ဓသာသနာအရေးတော်ပုံ ၂ အုပ် အား တပေါင်းတည်း ထုတ်ဝေခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# မြတ်စွာဘုရားအကြောင်း

သဘာပတိနှင့် ကြွရောက်လာကြသော လူကြီးမင်းများ ခင်ဗျား။

ယနေ့ ဘုရားအကြောင်းကို ကျွန်တော် ပြောလိုတယ်။ ဘုရားအကြောင်းကို ပြောတဲ့အခါမှာ ပရိသတ်များ နားလည်လွယ်အောင် နောက်ခံကားကို အကျဉ်းချုံးပြီး ရှေးဦးစွာ ပြောပြဖို့ လိုလိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်။

## သတ္တဝါ အမျိုးမျိုး

ကျွန်တော်တို့ မျက်စိနဲ့ မြင်နိုင်တဲ့ လူနဲ့ တိရစ္ဆာန်တွေအပြင် တစ်လောကလုံးမှာ အခြားသတ္တဝါတွေ အများကြီး ရှိကြသေးတယ်။ တစ်လောကလုံးမှာရှိတဲ့ သတ္တဝါတွေကို အမျိုးအစားအားဖြင့် ဖော်ပြရမယ်ဆိုရင် ၎င်းတို့ဟာ

(၁) ဗြဟ္မာတွေ၊

(၂) နတ်တွေ၊

(၃) လူတွေ၊

(၄) တိရစ္ဆာန်တွေ၊

www.burmeseclassic.com

www.burmeseclassic.com



(၅) ပြိတ္တာတွေ၊
(၆) အသုရကာယ်တွေ၊
(၇) ငရဲသူ၊ ငရဲသားတွေ ဖြစ်ကြတယ်။

ဒီသတ္တဝါတွေဟာ သတ္တဝါအသီးသီးဖြစ်လာကြပြီး အချိန်ရောက်တဲ့အခါ သူတို့ဟာ သေကြရတယ်။ အဲဒီလို သေပြီးရင် သူတို့ဟာ ပျောက်ကွယ်သွားကြတာ မဟုတ်ဘူး။ ဗြဟ္မာတွေ သေပြီး နတ်တွေ ဖြစ်ချင်လည်း ဖြစ်လာကြတာပဲ။ လူတွေ ဖြစ်ချင်လည်း ဖြစ်လာကြတာပဲ။ နတ်အဖြစ် လူအဖြစ်က သေတဲ့အခါမှာ သူတို့ဟာ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊ အသုရကာယ်တွေ၊ ငရဲသူ ငရဲသားတွေ ဖြစ်ချင်လည်း ဖြစ်လာကြတာပဲ။ အဲဒီလိုပဲ နတ်တွေ၊ လူတွေ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုကာယ်၊ ငရဲသူငရဲသားတွေ သေကြပြန်ရင်လည်း သူတို့ လုပ်ခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်တွေအရ အစုပြောခဲ့တဲ့အတိုင်း ဗြဟ္မာတွေ၊ နတ်တွေ၊ လူတွေ၊ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊ အသုကာယ်တွေ၊ ငရဲသူ ငရဲသားတွေထဲက တစ်ခုခုပြန်ပြီး ဖြစ်ရတာပဲ။ ပြန်ပြီး မဖြစ်ဘဲ မနေနိုင်ဘူး။

အဲဒီလို ဗြဟ္မာတွေ၊ နတ်တွေ၊ လူတွေ၊ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊ အသုကာယ်တွေ၊ ငရဲသူ ငရဲသားတွေ အဖန်တလဲလဲ ဖြစ်ပြီး အဖန်တလဲလဲ အိုနေရတာတွေ၊ နာနေရတာတွေ၊ သေနေရတာတွေဟာ အင်မတန် ကြောက်စရာကောင်းတဲ့ ဆင်းရဲဒုက္ခတွေပဲ ဖြစ်တယ်။

ဘုရားတစ်ဆူပွင့်တော်မူမှပဲ ဒီဒုက္ခတွေက လွတ်မြောက်စေနိုင်တဲ့ တရားကို သတ္တဝါတွေ ကြားနာရပြီး အဲဒီ တရားအတိုင်း ကြိုးစားအားထုတ်တဲ့အတွက် ဗြဟ္မာတွေ၊ နတ်တွေ၊ လူတွေ အမြောက်အမြားဟာ သေပြီးရင် တစ်ဖန် ပြန်မဖြစ်တော့ဘဲ အဖန်တလဲလဲ အို၊ နာ၊ သေနေရတဲ့ ဆင်းရဲဒုက္ခတွေက လွတ်မြောက်သွားကြပါတယ်။ ဒီ

www.burmeseclassic.com

www.burmeseclassic.com



တရားဟာလည်း ဘုရားပရိနိဗ္ဗာန် စံဝင်တော်မူပြီးတဲ့နောက် အချိန် အတော်ကြာတဲ့အခါ ပျောက်ကွယ်သွားပါတယ်။ နောက်ဘုရားတစ်ဆူ ပွင့်တော်မူမှပဲ ပြန်ပြီး ပေါ်ပါတယ်။

အဲဒါကြောင့် သူတော်ကောင်းတွေဟာ ဒီသတ္တဝါတွေကို ဒီဆင်းရဲ ဒုက္ခတွေကလွတ်အောင် ကယ်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဘုရားဖြစ်ဖို့ အဓိဋ္ဌာန် ပြုကြပါတယ်။ အဲဒီ အဓိဋ္ဌာန်ပြုရုံနဲ့ ဘုရားမဖြစ်နိုင်သေး ပါဘူး။ ဒီလို အဓိဋ္ဌာန်ပြုပြီး ဘုရားဖြစ်အောင် ဘဝပေါင်းများစွာ ကြိုးစား အားထုတ်ရပါသေးတယ်။ ဥပမာ...လူတွေ ရောဂါခံစားနေရ တာကို သနားပြီး ကယ်တင်လိုတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ ဆရာဝန် လုပ်မယ်လို့ ရှေးဦးစွာ အဓိဋ္ဌာန်ပြုရလိမ့်မယ်။ ဒီလို အဓိဋ္ဌာန် ပြုရုံ နဲ့ ဆရာဝန်မဖြစ်သေးဘူး၊ ဆရာဝန်ဖြစ်အောင် နှစ်ပေါင်း များစွာ ဆရာဝန် အတတ်ကို ဆည်းပူးရလိမ့်မည်။

## ပါရမီ ၁၀ ပါး

ဘုရားဖြစ်အောင် ဘုရားဆုတောင်းတဲ့လူတွေ လုပ်ရတဲ့ လုပ်ငန်း ကြီးတွေဟာ ဆယ်ခုရှိပါတယ်။ အဲဒီ လုပ်ငန်းကြီးတွေကို ပါဠိလို ပါရမီ လို့ ခေါ်တယ်။ ပါရမီဆိုတာဟာ ဘုရားဖြစ်အောင် လုပ်ရတဲ့ လုပ်ငန်းပဲ ဖြစ်ပါတယ်။ အဲဒီ လုပ်ငန်းကြီးတွေကတော့

(၁) မိမိရဲ့ ပစ္စည်းဥစ္စာ၊ သားသမီး၊ မယားမှစပြီး မိမိ အသက် အထိ ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲခြင်း ဆိုတဲ့ **ဒါန ပါရမီ**။

(၂) ကိုယ်နှင့်နှုတ်ကို အမှားမလုပ်မိ၊ မပြောမိအောင် အထူးစောင့် ထိန်းခြင်း ဆိုတဲ့ **သီလပါရမီ**။

(၃) ကာမဂုဏ်တွေကို စွန့်လွှတ်ခြင်း ဆိုတဲ့ **နိက္ခမပါရမီ**။

www.burmeseclassic.com

www.burmeseclassic.com



(၄) သတ္တဝါတွေ ချမ်းသာစေနိုင်တဲ့ ပညာရပ်များကို ဆည်းပူးပြီး သတ္တဝါတွေ ချမ်းသာအောင် ပြုလုပ်ပေးခြင်း ဆိုတဲ့ **ပညာပါရမီ**။

(၅) သတ္တဝါတွေ ချမ်းသာရေးအတွက် အလွန်အမင်း အပြင်းအထန် ကြိုးစားအားထုတ်ခြင်းဆိုတဲ့ **ဝီရိယပါရမီ**။

(၆) နေရာတကာတိုင်းတွင် အထူးသည်းခံခြင်းဆိုတဲ့ **ခန္တီပါရမီ**။

(၇) အသက်ပင် သေရစေကာမူ ပဓာနမပြုဘဲ ပေးထားတဲ့ ကတိတို့ကို တည်စေခြင်းဆိုတဲ့ **သစ္စာပါရမီ**။

(၈) ကိစ္စတစ်ခုကို ဆောင်ရွက်မည်ဟု အဓိဋ္ဌာန်ပြုပြီးသည့်အခါ အသက်သေစေကာမူ မဓာနမထားဘဲ ဆောင်ရွက်ခြင်း ဆိုတဲ့ **အဓိဋ္ဌာန်ပါရမီ**။

(၉) အယုတ်၊ အလတ်၊ အမြတ်မရွေးဘဲ သတ္တဝါအားလုံးအပေါ်မှာ ချစ်ကြည်သောစိတ်ကို ထားရှိခြင်းဆိုတဲ့ **မေတ္တာပါရမီ**။

(၁၀) မိမိအလိုဆန္ဒ ပြည့်ဝသည့်အခါများ၌လည်းကောင်း၊ မပြည့်ဝသည့် အခါများ၌လည်းကောင်း စိတ်တက်ကြွခြင်း၊ စိတ်နိမ့်ကျခြင်းမရှိရအောင် မိမိကိုယ်ကို မိမိ ထိန်းသိမ်းစောင့်ရှောက်ခြင်း ဆိုတဲ့ **ဥပေက္ခာပါရမီ**။

ဆိုတဲ့ ပါရမီဆယ်ပါးပင် ဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီး ဆယ်ခုကို အယုတ်စား၊ အလတ်စား၊ အမြတ်စား ဆိုပြီး သုံးစား ခွဲထားပါတယ်။

အဲဒီ သုံးခုစလုံးကို ရာခိုင်နှုန်းအပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ ဆိုတာဟာ မလွယ်ကူပါဘူး။ တစ်ဘဝထဲနဲ့ ပြည့်စုံအောင် မဆောင်ရွက်နိုင်ပါဘူး။ ဘဝပေါင်းတစ်ရာ၊ တစ်ထောင် ဆောင်ရွက်လို့လည်း မပြည့်စုံနိုင်ပါဘူး။ မရေမတွက်နိုင်အောင် များပြားလှတဲ့

www.burmeseclassic.com

www.burmeseclassic.com

၁၉၅၈ ဇွန်လ၊ စာပေဗိမာန်ထုတ် မြတ်စွာဘုရား အကြောင်းနှင့် ၁၉၅၈ ခု၊ ဂျူလိုင်လ စာပေဗိမာန် ထုတ် ဗုဒ္ဓသာသနာအရေးတော်ပုံ ၂ အုပ် အား တပေါင်းတည်း ထုတ်ဝေခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁။ မြတ်စွာဘုရားအကြောင်း
၂။ ဗုဒ္ဓသာသနာအရေးတော်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ဘဝပေါင်းများစွာ အားထုတ်မှပဲ ဒီလုပ်ငန်းကြီး ဆယ်ခုကို ရာခိုင်နှုန်းအပြည့် အောင်မြင်နိုင်ပါတယ်။

## ဘုရားလောင်း မျောက်မင်း

ပါရမီဆယ်ပါးကို လွယ်လွယ်နဲ့နားလည်အောင် ဘုရားအလောင်းမျောက်မင်းဖြစ်စဉ်က အဖြစ်အပျက် တစ်ခုကို ပြောပြချင်တယ်။ ဒေဝဒတ်အလောင်းဖြစ်တဲ့ ပုဏ္ဏားတစ်ယောက်ဟာ ပျောက်နေတဲ့နွားကို လိုက်ရှာရင်း တောထဲ မျက်စိလည် လမ်းမှားရောက်သွားပြီး ချောက်ထဲ ကျသွားတယ်။ ချောက်ထဲကျနေတဲ့ ပုဏ္ဏားကို ဘုရားအလောင်း မျောက်မင်းဟာ တွေ့မြင်မိတယ်။

(၁) ဒီလိုပုဏ္ဏား သေဘေးဒုက္ခရောက်နေတာကို မြင်မြင်ချင်းပဲ ဘုရားအလောင်း မျောက်မင်းရဲ့ စိတ်ထဲမှာ မိမိ သားငယ် ချောက်ထဲကျနေတာကို တွေ့ရသလို သနား ချစ်ခင်တဲ့ စိတ်တွေ၊ ချမ်းသာရာရစေလိုတဲ့ စိတ်တွေ ပေါ်လာတယ်။

(၂) အဲဒါနဲ့ ဘုရားအလောင်း မျောက်မင်းက ပုဏ္ဏားရဲ့ အသက်ကို မိမိအသက်ပင် စွန့်ပြီး ကယ်မယ်လို့ ကတိပေးတယ်။ ကတိအတိုင်းပဲ ကယ်ဆယ်လိုက်တယ်။ ဘယ်လို ကယ်လိုက်တယ်ဆိုတာကို ပြောပြပါမယ်။

(၃) ဘုရားအလောင်း မျောက်မင်းဟာ ပုဏ္ဏားကို ကတိပေးပြီးတဲ့နောက် ချောက်ထဲက ဘယ်လို အပေါ်ရောက်အောင် ကယ်ယူရပါ့မလဲလို့ နည်းလမ်းများကို စူးစမ်းရှာဖွေတယ်။ ဒီလို စူးစမ်းဆင်ခြင်တဲ့အခါကျတော့ ပုဏ္ဏားကို ကုန်ပိုးပြီး ချောက်ထဲက အပေါ်ရောက်အောင် ခုန်တက်မှ ဖြစ်မယ်ဆိုတဲ့ နည်းလမ်းကိုရတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၄) ဒါပေမဲ့ ဒီလို ခုန်တက်တဲ့အခါမှာ အပေါ်မရောက်ဘဲ လိမ့်ကျသွားရင် ပုဏ္ဏားဟာ သေသွားစရာအကြောင်း ရှိတယ်။ ဒါကြောင့် စမ်းခုန်ကြည့်ဦးမှပဲဆိုပြီး ပုဏ္ဏားရဲ့ အလေးချိန်လောက်ရှိတဲ့ ကျောက်တုံးကြီးတစ်တုံးကို ပိုက်ပြီး အကြိမ်ကြိမ် ခုန်တက်ကြည့်တယ်။ ဒီလို ကြိုးစားပမ်းစား စမ်းသပ်ကြည့်လို့ စိတ်ချရမှ ပုဏ္ဏားကို ကုန်းပိုးပြီးခုန်တက်လိုက်တာ အပေါ်ရောက်သွားတယ်။

(၅) ဒီလို ပုဏ္ဏားကို ကယ်ဆယ်တဲ့နေရာမှာ ဘုရားအလောင်းမျောက်မင်းဟာ သူသေသွားနိုင်တယ် ဆိုတာကို သိပေမဲ့ သူ့အသက်ကို စွန့်ပြီး ပုဏ္ဏားအသက်ကို ကယ်ခြင်း ဖြစ်တယ်။

(၆) ပုဏ္ဏားကို အသက်စွန့်ကယ်လိုက်ပြီးတော့ ဘုရားအလောင်းမျောက်မင်းဟာ အလွန်မောပန်းတာနဲ့ ပုဏ္ဏားရဲ့ ပေါင်ပေါ်မှာ ခဏအိပ်နေတယ်။ အဲဒီအခါမှာ ပုဏ္ဏားက မျောက်သားစားဖို့ အိပ်ယူသွားမယ်ဆိုတဲ့ အကြံနဲ့ မျောက်မင်းရဲ့ ခေါင်းကို ကျောက်ခဲနဲ့ထုတယ်။ မျောက်မင်းဟာ ဦးခေါင်းမှာ ဒဏ်ရာအကြီးအကျယ် ရပြီး သစ်ပင်ပေါ် တက်ပြေးရတယ်။ ဒီလို သူ့ခေါင်းကို ပုဏ္ဏားက ကျောက်ခဲနဲ့ ထုတဲ့အတွက် သူ့မှာ ဝေဒနာအပြင်းအထန် ခံစားရပေမဲ့ ပုဏ္ဏားကို စိတ်မဆိုးဘူး။ သည်းခံလိုက်တယ်။

(၇) ပြီးတော့ ပုဏ္ဏားကို ကိုယ်အားဖြင့်လည်း ရန် မမူဘူး။ နှုတ်အားဖြင့်လည်း ဆဲဆိုကြိမ်းမောင်းခြင်း မပြုဘူး။

(၈) ပုဏ္ဏားက ဒီလို မိမိကို သေကြောင်း ကြံစည်တာကို ဘုရားအလောင်း မျောက်မင်းကလည်း လျစ်လျူရှုထားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



(၉) ဒါတင် မကသေးဘူး။ ဘုရားအလောင်း မျောက်မင်းဟာ သစ်ပင်တစ်ပင်မှ တစ်ပင်ကူးပြီး မိမိခေါင်းရဲ့ ဒဏ်ရာက ယိုစီးကျနေတဲ့ သွေးစက်ကြောင်းနဲ့ ပုဏ္ဏားတောထဲက ထွက်သွားနိုင်အောင် လမ်းပြလိုက်ရသေးတယ်။ ဆုံးခန်းတိုင်အောင် ကယ်ဆယ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်အတိုင်း ဘုရားအလောင်း မျောက်မင်းက ကယ်လိုက်တာပဲ။

(၁၀) ဒီလိုဘုရားအလောင်းဟာ ပုဏ္ဏားကို ကယ်ဆယ်လိုတာဟာ ဘာအကျိုးကိုမှ လိုလို့မဟုတ်ဘူး။ မိမိအတွက် အကျိုးခံစားရမှုတွေကို စွန့်လွှတ်ပြီး ကယ်ဆယ်ခြင်း ပြုခဲ့တာပဲ။

အဲဒီဝတ္ထုမှာ –

(၁) အလောင်းတော် မျောက်မင်းဟာ အသက်စွန့်ပြီး ပုဏ္ဏားကို ကယ်တာဟာ **ဒါနပါရမီ** ဖြစ်တယ်။

(၂) ပုဏ္ဏားက မိမိရဲ့ ဦးခေါင်းကို ကျောက်ခဲနဲ့ထုပေမဲ့ ပုဏ္ဏားကို ကိုယ်အားဖြင့်လည်း ရန် မမူ၊ နှုတ်အားဖြင့်လည်း ဆဲဆို ကြိမ်မောင်းခြင်း မလုပ်ဘဲ နှုတ်ကို ထိန်းသိမ်းစောင့်ရှောက်တာ **သီလပါရမီ** ဖြစ်တယ်။

(၃) ပုဏ္ဏားကို ကယ်တဲ့အခါမှာ မိမိအတွက် ဘာအကျိုးကိုမျှ မမျှော်လင့်ခြင်းဟာ **နိက္ခမပါရမီ** ဖြစ်တယ်။

(၄) ပုဏ္ဏားအား ချောက်ထဲမှ လွတ်မြောက်စေနိုင်တဲ့ နည်းလမ်းများကို စူးစမ်းရှာဖွေခြင်းဟာ **ပညာပါရမီ** ဖြစ်တယ်။

(၅) ပုဏ္ဏားနဲ့ အလေးချိန်ချင်းတူမျှတဲ့ ကျောက်တုံးကို ပိုက်ပြီး အကြိမ်ကြိမ် စမ်းသပ်ခုန်တက်ပြီး ကြိုးပမ်းမှုဟာ **ဝီရိယပါရမီ** ဖြစ်တယ်။

(၆) ဦးခေါင်းကို ကျောက်ခဲနဲ့ ထုလိုက်တဲ့အတွက် အရိုးကွဲလုမျှ ပြင်းထန်လှတဲ့ ဝေဒနာကြီးကို ခံစားရတဲ့တိုင်အောင် ပုဏ္ဏား

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ ဒေါသမထွက်မိအောင် မိမိစိတ်ကို ချုပ်တည်းထားခြင်းဟာ **ခန္တီပါရမီ** ဖြစ်တယ်။

(၇) ပုဏ္ဏားရဲ့ အသက်ကို ကယ်မယ်လို့ ကတိပေးပြီးတဲ့နောက် မိမိရဲ့အသက်ကို ပဓာနမထားဘဲ ဒီ ကတိကို မဖျက်ခြင်းဟာ **သစ္စာပါရမီ** ဖြစ်တယ်။

(၈) ပုဏ္ဏားကို ဆုံးခန်းတိုင် ရောက်အောင် ကယ်မယ်လို့ ဆုံးဖြတ်ထားပြီးတဲ့နောက် ပုဏ္ဏားက မိမိရဲ့ သေကြောင်းကို ကြံပေမဲ့ ဆုံးခန်းတိုင်အောင် မိမိရဲ့ မူလ ဆုံးဖြတ်ချက်အတိုင်း မပျက်မကွက်ဆောင်ရွက်ခြင်းဟာ **အဓိဋ္ဌာန်ပါရမီ** ဖြစ်တယ်။

(၉) ချောက်ထဲ ကျနေတဲ့ ပုဏ္ဏားကို မြင်တဲ့အခါ အလောင်းတော် မျောက်မင်းရဲ့ စိတ်ထဲမှာ မိမိသားငယ် ချောက်ထဲကျနေတာကို တွေ့ရသလို သနားချစ်ခင်တဲ့ စိတ်တွေ ပေါ်ပေါက်ခြင်းဟာ **မေတ္တာပါရမီ** ဖြစ်တယ်။

(၁၀) ပုဏ္ဏားက မိမိရဲ့ သေကြောင်းကို ကြံစည်ပေမဲ့ ဒီလိုကြံစည်တာကို လျစ်လျူရှုထားခြင်းဟာ **ဥပေက္ခာပါရမီ** ဖြစ်တယ်။

BURMESE CLASSIC

## ဘုရားဖြစ်ရန် အဓိဋ္ဌာန်

ဘုရားဖြစ်ဖို့ အဓိဋ္ဌာန်ပြုထားတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ ဒီလုပ်ငန်းကြီး ဆယ်ခုစလုံးကို သော်လည်းကောင်း၊ တစ်ခုခုသော်လည်းကောင်း ကြိုးစား အားထုတ်ရပါတယ်။ သူ့ရဲ့ ကြိုးစားအားထုတ်မှုဟာ မည်မျှပင် သေးငယ်စေကာမူ အချည်းနှီး မဖြစ်ပါ။ ယခုဘဝမှာ အားထုတ်မှုဟာ မည်မျှပင်သေးငယ်စေကာမူ နောက်ဘဝအားထုတ်မှုရဲ့ အထောက်အပံ့ ဖြစ်စေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ကြိုးစားအားထုတ်ရင်း ဘဝပေါင်းများစွာ ကြာတဲ့အခါ အဲဒီပုဂ္ဂိုလ်ရဲ့ ကြိုးစားအားထုတ်မှုတွေဟာ ရာခိုင်နှုန်းပြည့် အောင်မြင်ခြင်းသို့ ရောက်တဲ့အချိန်အခါမှာ ထိုပုဂ္ဂိုလ်ဟာ ဘုရားအဖြစ်သို့ ရောက်ပါတယ်။

ဘုရားဆိုတာ အခြား မဟုတ်ပါ။

(၁) အဖန်တလဲလဲ အိုခြင်း ဆင်းရဲ၊ နာခြင်း ဆင်းရဲ၊ သေခြင်း ဆင်းရဲတွေက လွတ်မြောက်စေနိုင်တဲ့ တရားကို မည်သူကမှ သင်ကြားခြင်း မပြုရဘဲ မိမိကိုယ်တိုင် တစ်ခုမကျန် တွေ့ရှိခြင်း။

(၂) ဤတရားအတိုင်း မိမိကိုယ်တိုင် ကြိုးစားအားထုတ်သဖြင့် စုတေပြီး နောက်တစ်ဖန် ပြန် မဖြစ်ရသော နောက်ဆုံးဘဝသို့ မိမိကိုယ်တိုင် ရောက်ရှိခြင်း။

(၃) မိမိတွေ့ရှိရသော တရားကို ပြဟ္မာ၊ နတ်၊ လူတို့အား နားလည်အောင် ဟောပြောပြသနိုင်ခြင်း။

(၄) ဤသို့ ဟောပြောပြသပြီးနောက် အဲဒီ တရားအတိုင်း ကျင့်ကြံကြိုးစား အားထုတ်စေသဖြင့် မိမိကဲ့သို့ပင် စုတေပြီး နောက်တစ်ဖန် ပြန်မဖြစ်စေနိုင်ခြင်း ဟူသော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ပင် ဖြစ်ပါတယ်။

ဒီလို ပုဂ္ဂိုလ်မျိုးတွေဟာ လွန်ခဲ့ပြီးတဲ့ မရေမတွက်နိုင်သော ကမ္ဘာတွေမှာ မရေမတွက်နိုင်အောင် ပွင့်တော်မူခဲ့ကြပြီးပါပြီ။ ကျွန်တော်တို့ ကမ္ဘာမှာလည်း ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဆိုတဲ့ ဘုရားလေးဆူ ပွင့်တော်မူပြီးခဲ့ပါပြီ။ ယနေ့ ကျွန်တော် ဟောရမယ့် အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ဟာ ဂေါတမ မြတ်စွာဘုရားရဲ့ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဂေါတမမြတ်စွာဘုရားဖြစ်စဉ်

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်လောက်က အိန္ဒိယနိုင်ငံ သက္ကတိုင်း ကပိလဝတ်ပြည်ကြီးကို သုဒ္ဓေါဒနမင်းကြီး အုပ်စိုးခဲ့ပါတယ်။ ဒီမင်းကြီးရဲ့ မိဖုရားခေါင်ကြီးကတော့ မဟာမာယာ ဖြစ်ပါတယ်။ တစ်နေ့သောအခါမှာ မယ်တော် မာယာဟာ အင်မတန်ထူးခြားတဲ့ အိပ်မက်ကြီးတစ်ခုကို မြင်မက်ပါတယ်။ ဒီအိပ်မက်ထဲမှာ စာတုမဟာရာဇ် နတ်မင်းကြီး လေးယောက်က မယ်တော်မာယာကို သလွန်ပေါ်မှာ တင်ပြီး ဟိမဝန္တာတောင်ရှိ အနောတတ်အိုင်ကြီးအနီး ငွေတောင်ကြီးအတွင်းမှာရှိတဲ့ ရွှေဗိမာန်ကြီးထဲကို ယူဆောင်သွားပါတယ်။ အဲဒီ ရွှေဗိမာန်ထဲမှာ မဟာမာယာ မိဖုရားကြီးဟာ အိပ်ပျော်နေစဉ် မြောက်အရပ်က ဆင်ဖြူတော်တစ်စီးလာပြီး မိဖုရားကြီးကို လက်ျာရစ် လှည့်ပါတယ်။ အဲဒီလို လက်ျာရစ် လှည့်ပြီးတော့မှ မိဖုရားကြီးရဲ့ လက်ျာနံပါးကို ဖောက်ထွင်းပြီး မိဖုရားကြီးရဲ့ ကိုယ်တွင်းကို ဝင်သွားတယ်လို့ အိပ်မက် မက်ပါတယ်။ အဲဒီလို အိပ်မက် မက်ပြီး မကြာမီ မိဖုရားကြီးမှာ ပဋိသန္ဓေ တည်ရှိလာပါတယ်။ ဖွားမြင်ခါနီး အချိန်အခါမှာ မိဖုရားကြီးဟာ သူ့ရဲ့ဇာတိဖြစ်တဲ့ ဒေဝဒဟပြည်ကို အလည်သွားချင်တဲ့ဆန္ဒ အလွန်ပြင်းပြင်းပြပြ ဖြစ်လာပါတယ်။ မိဖုရားကြီးနဲ့ ခြွေရံသင်းပင်းတို့ဟာ ကပိလဝတ်ပြည်နဲ့ ဒေဝဒဟပြည် အကြားမှာရှိတဲ့ လုမ္ဗိနီအင်ကြင်းတောကို ရောက်တဲ့အကါ မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် သောကြာနေ့မှာ သားတော်တစ်ပါး ဖွားမြင်ခဲ့ပါတယ်။ ဒီသားတော်ကို သိဒ္ဓတ္ထလို့ အမည်ပေးထားပါတယ်။ ပါဠိလို သိဒ္ဓဆိုတာကတော့ ပြီးမြောက်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ အတ္ထဆိုတာကတော့ အကျိုးလို့ အဓိပ္ပာယ်ရပါတယ်။ ကိစ္စဟူသမျှကို ပြီးမြောက်စေနိုင်မယ့် မင်းသားလို့ အဓိပ္ပာယ်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓတ္ထမင်းကလေးကို ဖွားမြင်ပြီးလို့ များမကြာခင် သုဒ္ဓေါဒန မင်းကြီး အမြဲကိုးကွယ်ထားတဲ့ ကာလဒေဝီရသေ့ကြီးဟာ နန်းတော်ကို ရောက်လာပါတယ်။ ဒီရသေ့ကြီးဟာ ရှင်ဘုရင်မှအစပြုပြီး တစ်ပြည်လုံး ရိုရိုသေသေ ဆည်းကပ် ကိုးကွယ်ရတဲ့အတွက် အင်မတန် တန်ခိုးကြီးမားတဲ့ ရသေ့ကြီး ဖြစ်ပါတယ်။ အဲဒီ ရသေ့ကြီးဟာ သိဒ္ဓတ္ထမင်းသားကလေးကို မြင်တဲ့အခါမှာ မင်းသားကလေးရဲ့ အလွန်ခန့်ညားတင့်တယ် ကြည်ညိုဖွယ်ဖြစ်တဲ့ အသရေတော်ကြီးကို မြင်တာနဲ့ တစ်ပြိုင်နက် ရှိခိုးကော်ရော် ပူဇော်လိုတဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာပြီး မင်းသားကလေးကို ရှိခိုးလိုက်ပါတယ်။ အဲဒီအခါမှာ ရသေ့ကြီးကို ပြားပြားဝပ် ရှိခိုးကြတဲ့ ရှင်ဘုရင် မိဖုရားနဲ့တကွ ပတ်ဝန်းကျင်မှာ ရှိကြတဲ့ နန်းတော်သူ နန်းတော်သား အားလုံးဟာ ထူးထူးခြားခြား အံ့အားသင့်သွားကြပါတယ်။ အဲဒီအခါမှာ သုဒ္ဓေါဒနဘုရင်ကြီး ကိုယ်တိုင် သူ့ရဲ့သားတော်ကလေး သိဒ္ဓတ္ထမင်းသားကို ရှိခိုးလိုက်ပါတယ်။

တစ်နေ့သောအခါမှာ သုဒ္ဓေါဒနမင်းကြီးဟာ သူ့နိုင်ငံတွင်းမှာ ရှိတဲ့ လက္ခဏာဖတ် ပုဏ္ဏား ၁၀၈ ယောက်ကို နန်းတော်သို့ ပင့်ဖိတ်လိုက်ပါတယ်။ ဒီလက္ခဏာဖတ် ပုဏ္ဏားတွေဟာ မင်းသားကလေးကို ကြည့်ရှုစစ်ဆေးတဲ့အခါ သူတို့တစ်သက်တွင် တစ်ခါမျှ မမြင်ဘူးတဲ့ သူတစ်ပါးတို့နဲ့ မတူ၊ တစ်မူထူးခြား လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် ၈၀၊ စက်လက္ခဏာ ၁၀၈ ပါးနဲ့ ပြည့်စုံနေတာကို တွေ့ကြရပါတယ်။ အဲဒီအခါ ပုဏ္ဏားတော် ၁၀၈ ယောက်ထဲက အထူးတတ်ကျွမ်းတဲ့ ပုဏ္ဏား ၈ ယောက်က မင်းသားကို နိမိတ်ဖတ်တယ်။ အဲဒီ ၈ ယောက်ထဲက ၇ ယောက်သော ပုဏ္ဏားတို့က 'ဤမင်းသားဟာ ဘုရားသော်လည်း ဖြစ်လိမ့်မယ်။ လေးကျွန်းလုံး အစိုးရတဲ့ စကြာမင်းသော်လည်း ဖြစ်လိမ့်မယ်' လို့ လက်နှစ်ချောင်း ထောင်ပြီး ဟောကိန်းနှစ်မျိုး ထုတ်ခဲ့ပါတယ်။ ကောဏ္ဍညအနွယ်ဖြစ်တဲ့ သုဒတ္တ

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားငယ်ကတော့ လက်တစ်ချောင်းထဲထောင်ပြီး 'ဒီမင်းသားဟာ ဗုဒ္ဓဘုရားစင်စစ် ဖြစ်လိမ့်မယ်' လို့ ဟောကိန်းတစ်ခုထဲ ထုတ်ခဲ့ပါတယ်။

အဲဒီလို ဟောကိန်းတွေကို ကြားတဲ့အခါမှာ သုဒ္ဓေါဒနမင်းကြီးဟာ သူ့သား ဘုရားဖြစ်သွားမှာ အလွန်စိုးရိမ်တယ်။ ဘုရင်ကြီးရဲ့ဆန္ဒကတော့ သူ့သားကို ဘုရားမဖြစ်စေချင်ဘူး။ လေးကျွန်းလုံးကို အစိုးရတဲ့ စကြာမင်းသား ဖြစ်စေချင်တယ်။ အဲဒီတော့ သူ့သား ဘုရားမဖြစ်ရအောင်ဆိုပြီး နည်းမျိုးစုံနဲ့ ကြိုးစားတော့တာပါပဲ။

ကပိလဝတ်နေပြည်တော်ကြီးရဲ့ သုံးမိုင်အတွင်းမှာ သူ့သားတော်မြင်ရင် သံဝေဂရစေနိုင်တဲ့ သူအို၊ သူနာ၊ သူသေ၊ ရဟန်းများ မရှိရအောင် တင်းကျပ်တဲ့ အစီအစဉ်တွေ ပြုလုပ်ထားပါတယ်။

ဒီလို အစီအစဉ်တွေသာ မကသေးဘူး၊ မင်းသား ပျော်ပါးဖို့ ကြာမျိုးငါးပါးနဲ့ ပြည့်စုံတဲ့ ရေကန်ကြီးတွေ၊ အင်မတန် သာယာလှပတဲ့ ပန်းမျိုးစုံ၊ သစ်သီးမျိုးစုံတွေနဲ့ တန်ဆာဆင်ထားတဲ့ ဥယျာဉ်တော်တွေကိုလည်း စီမံပေးထားပါတယ်။

သိဒ္ဓတ္ထမင်းသားကလေး ၁၆ နှစ်သား ရောက်တဲ့အခါမှာ ဘေးတော်၊ ဘိုးတော် မင်းအဆက်ဆက်တို့ မစံစားခဲ့ဘူးတဲ့ ဘုံငါးဆင့်ရှိတဲ့ ရမ္မပြာသာဒ်၊ ဘုံ ၇ ဆင့်ရှိတဲ့ သုရမ္မပြာသာဒ်၊ ဘုံ ၉ ဆင့်ရှိတဲ့ သုဘပြာသာဒ်ဆိုတဲ့ အင်မတန် ခန့်ညားပျော်မွေ့ဖွယ်ရာ ကောင်းတဲ့ နန်းပြာသာဒ်ကြီး ၃ ဆောင်ကို ဆောက်လုပ်ပေးထားပါတယ်။ ပျော်စရာ၊ ပါးစရာတွေ ဆိုပြန်ရင်လည်း လိုလေသေး မရှိအောင် သုဒ္ဓေါဒနဘုရင်ကြီးက အားလုံး စီစဉ်ထားပါတယ်။ အဲဒီလို စီစဉ်ပြီးတော့ ဒေဝဒဟပြည့်ရှင် ဘုရင်မင်းမြတ်ရဲ့ သမီးတော် အလှထိပ်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်တင် ယသောရောမင်းသမီးနဲ့ သားတော်ကို ထိမ်းမြားစေပြီး သူ့ရဲ့ နန်းစည်းစိမ်ကို သားတော်အား အပ်နှင်းလိုက်ပါတယ်။

ဒီအစီအစဉ်တွေကို လုပ်တာကတော့ တခြားကြောင့် မဟုတ်ပါဘူး။ သူ့သားတော်ကလေးဟာ သံဝေဂရစရာတွေနဲ့ မတွေ့ရဘဲ ပျော်စရာ ပါးစရာတွေကိုသာ တွေ့နေရရင် တောထွက်ချင်တဲ့ ဆန္ဒတွေ ရှိတော့မှာမဟုတ်တဲ့အတွက် စကြာမင်း ဖြစ်လာနိုင်လိမ့်မယ်လို့ ယူဆထားတာကြောင့်ပဲ ဖြစ်ပါတယ်။

## သူအို

BURMESE CLASSIC

ဒါကြောင့် သိဒ္ဓတ္ထမင်းသားကလေးဟာ သက်တော် ၂၉ နှစ် တိုင်တိုင် အဲဒီလို လောကီစည်းစိမ်တွေနဲ့ ဝိုင်းဝန်း ခြံရံထားခြင်းကို ခံခဲ့ရပါတယ်။ သက်တော် ၂၉ နှစ်မြောက်ပြီး တစ်နေ့သောအခါမှာ ဘုရင်သိဒ္ဓတ္ထဟာ ဥယျာဉ်တော်သို့ ထွက်ခွာသွားနေစဉ် လမ်းခရီးမှာ ဆံဖြူ၊ သွားကျိုး၊ အရေတွန့်လိပ်ပြီး တရွေ့ရွေ့ သွားနေတဲ့ လူအိုကြီးတစ်ယောက်ကို မြင်းခနဲ တွေ့လိုက်ပါတယ်။ ၂၉ နှစ်တိုင်တိုင် ဒီလိုလူအိုကို ဘုရင်သိဒ္ဓတ္ထဟာ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးတဲ့အတွက် သူ့ရဲ့ရထားမှူးကို "သူများနဲ့ အသွင်မတူ ရှေ့က တရွေ့ရွေ့သွားနေတဲ့လူဟာ ဘယ်သူလဲ" လို့ မေးလိုက်ပါတယ်။

"အရှင်မင်းမြတ်၊ ဤသူဟာ သူအိုဖြစ်ပါတယ် ဘုရား" လို့ ရထားမှူး ပြန်ပြီး ဖြေပါတယ်။

အဲဒီအခါမှ ဘုရင် သိဒ္ဓတ္ထက "ငါလည်း သူ့လို အိုရဦးမှာလား" လို့ ထပ်ပြီး မေးမြန်းတယ်။

"အရှင်မင်းမြတ်၊ ဘုရင်မင်းမြတ်သာမက တစ်လောလုံး သူ့လို အိုကြရပါလိမ့်မယ် ဘုရား" လို့ ရထားမှူးက ထပ်ပြီး ဖြေလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ ဘုရင်သိဒ္ဓတ္ထဟာ အလွန်သံဝေဂရပြီး ဥယျာဉ်ကို မဝင်တော့ဘဲ နန်းတော်ကို ပြန်ကြွသွားပါတယ်။

## သူနာ

နောက်တစ်ကြိမ် ဥယျာဉ်ကစား သွားပြန်တော့ ရှေးအခါက မမြင်ဘူး၊ မကြားဘူးတဲ့ ကယ်ပါ၊ ယူပါ တစာစာအော်ပြီး အလူးအလဲ ခံနေရတဲ့ သူနာတစ်ယောက်ကို တွေ့ပြန်တယ်။ အရင်ကအတိုင်း ရထားမှူးကို မေးတော့ "ထိုလူမှာ သူနာဖြစ်ကြောင်း၊ ဘုရင်သိဒ္ဓတ္ထနှင့်တကွ တစ်လောကလုံးမှာ ရှိကြတဲ့ သတ္တဝါတွေလည်း ဒီလိုပဲ နာကြရဦးမှာပဲ" လို့ ပြန်လည်လျှောက်ထားတယ်။ အဲဒီအခါမှာလည်း ဘုရင်သိဒ္ဓတ္ထဟာ သံဝေဂရပြီး ဥယျာဉ်ကို ဆက်မသွားတော့ဘဲ နန်းတော်ကို ပြန်ကြွသွားပါတယ်။

## သူသေ

နောက်တစ်ကြိမ် ဥယျာဉ်သို့ထွက်တော်မူတဲ့အခါ သူသေ တစ်ယောက်ကို တွေ့ရပါတယ်။ အဲဒီအကြိမ်မှာလည်း ရထားမှူးကို မေးတဲ့အခါ မြင်ရသော အရာဝတ္ထုဟာ သူသေဖြစ်ကြောင်း၊ ဘုရင်သိဒ္ဓတ္ထနဲ့တကွ တစ်လောကလုံးရှိ သတ္တဝါအားလုံးလည်း ဒီလိုပဲ သေကြရမည့်အကြောင်းကို လျှောက်ထားတဲ့အခါမှာ ဘုရင်သိဒ္ဓတ္ထဟာ သံဝေဂရပြန်ပြီး ရှေ့ဆက်မသွားဘဲ နန်းတော်ကို ပြန်ကြွသွားပါတယ်။

## ရဟန်း

နောက်တစ်ကြိမ် ဥယျာဉ်သို့ သွားတဲ့အခါမှာ ရှေးကမမြင်ဘူး၊ မကြားဘူးတဲ့ ရဟန်းတစ်ပါးကို တွေ့ပါတယ်။ ယခင်က အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရထားမှူးကို မေးတဲ့အခါ ရထားမှူးက ဤပုဂ္ဂိုလ်မှာ ရဟန်းဖြစ်ကြောင်း၊ အိုရ၊ နာရ၊ သေရတဲ့ ဆင်းရဲဒုက္ခတွေက ကင်းလွတ်စေနိုင်တဲ့ တရားကို ရှာနေတဲ့ ပုဂ္ဂိုလ်ဖြစ်ကြောင်းကို လျှောက်ထားပါတယ်။ အဲဒီ လျှောက်ထားသံကို ကြားတဲ့အခါ ဘုရင်သိဒ္ဓတ္ထဟာ ဒီလို မအိုရ၊ မနာရ၊ မသေရတဲ့ ဒုက္ခတွေက လွတ်ကင်းစေနိုင်တဲ့ တရားကို ရှာဖို့အတွက် တောထွက်မယ်လို့ စိတ်အကြံဖြစ်မိတယ်။ အဲဒီအကြံနဲ့ ဥယျာဉ်တော်ကို ဆက်လက်သွားပြီး ကျောက်ဖျာပေါ်မှာ ထိုင်နေတဲ့အခါ ယသောဓရာ မိဖုရားကြီးမှာ သားတော်ဖွားမြင်ကြောင်း သတင်းရတယ်။ အဲဒီလို ကြားတဲ့အခါ တောမထွက်နိုင်အောင် ချုပ်နှောင်ထားမဲ့ အနှောင်အဖွဲ့တစ်ခု တိုးလာပြန်ပြီလို့ မိန့်တော်မူပြီး ညနေချမ်းအချိန်အခါမှာ နန်းတော်သို့ ပြန်ကြွသွားပါတယ်။ အဲဒီညမှာဘဲ ဘုရင်သိဒ္ဓတ္ထဟာ နန်းစည်းစိမ်နှင့်တကွ အလွန်ချစ်မြတ်နိုးတဲ့ မိဖုရားကြီးနဲ့ သားတော်ကို စွန့်ပစ်ခဲ့ပြီး တောထွက်တော်မူပါတယ်။

ဘုရားလောင်းသိဒ္ဓတ္ထဟာ တောထဲကို ရောက်တာနဲ့တစ်ပြိုင်နက် အိုရ၊ နာရ၊ သေရတဲ့ ဆင်းရဲဒုက္ခတွေက လွတ်မြောက်စေနိုင်တဲ့ တရားကို ရဖို့အတွက် အဲဒီအခါက တောထဲမှာ ရှိနေကြတဲ့ ဆရာကြီးတွေကို ချဉ်းကပ်ခဲ့ပါတယ်။ ပထမချဉ်းကပ်တဲ့ ဆရာကြီးကတော့ အဠာရ ရသေ့ကြီး ဖြစ်ပါတယ်။ ဒီရသေ့ကြီးရဲ့ နည်းလမ်းတွေဟာ အိုရ၊ နာရ၊ သေရတဲ့ ဆင်းရဲဒုက္ခတွေက လွတ်မြောက်စေနိုင်တဲ့ နည်းလမ်းတွေ မဟုတ်ဘူး ဆိုတာကို သိရတဲ့အခါမှ ဘုရားလောင်းဟာ တခြားဆရာတစ်ယောက်ကို ရှာပြန်ပါတယ်။

ဘုရားလောင်း ဒုတိယအကြိမ် တွေ့ရတဲ့ ဆရာကြီးကတော့ ဥဒကရသေ့ကြီးဖြစ်ပါတယ်။ ဒီရသေ့ကြီးရဲ့ နည်းတွေဟာလည်း အိုရ၊ နာရ၊ သေရတဲ့ ဆင်းရဲဒုက္ခတွေက လွတ်မြောက်စေနိုင်တဲ့ နည်းတွေ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဆိုတာကို သိရတဲ့အခါမှာ ဘုရားလောင်းဟာ ဒီရသေ့ကြီးထံမှ ဖယ်ခွာပြီး ဥရုဝေလတောအုပ်သို့ ကြွသွားခဲ့ပါတယ်။ အဲဒီတောအုပ်ထဲမှာ ပုဂ္ဂိုလ် ၅ ဦးနဲ့ တွေ့ပါတယ်။ အဲဒီ ပုဂ္ဂိုလ် ၅ ဦးဟာ တခြားမဟုတ်ပါဘူး။ သိဒ္ဓတ္ထမင်းသားကို လက္ခဏာဖတ်စဉ်က 'သိဒ္ဓတ္ထမင်းသားဟာ ဘုရားကေန်ဖြစ်ရမယ်' လို့ လက်ညှိုးတစ်ချောင်းတည်းထောင်ပြီး ဟောကိန်းထုတ်ခဲ့တဲ့ သုဒတ္တပုဏ္ဏားနဲ့ သူ့ရဲ့မိတ်ဆွေလေးဦးပဲ ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ် ငါးဦးဟာ ဘုရားအလောင်း သိဒ္ဓတ္ထဘုရားဖြစ်တဲ့အခါ ရှေးဦးစွာ တရားနာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တောထွက်လာကြတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။

## ဥပမာ ၃ ခု

ဘုရားလောင်းဟာ ဥရုဝေလတောအုပ်ကို ရောက်တဲ့အခါ နောက်ထပ် ဆရာသစ်တွေကို မရှာတော့ဘဲ မိမိလိုချင်တဲ့ တရားတွေကို မိမိကိုယ်တိုင် ရှာဖွေတော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီလို ဆုံးဖြတ်တဲ့အခါ စိတ်ထဲမှာ ဥပမာ ၃ ခု ပေါ်လာတယ်။

၁။ သစ်သားတုံးတစ်ခုဟာ စိုလည်းစိုတယ်၊ ရေလည်း စိမ်ထားတယ်ဆိုရင် ဒီသစ်သားနဲ့ မီးပွတ်လို့ ဘယ်နည်းနဲ့မှ မရဘူး။ အဲဒီလိုဘဲ ရဟန်း ပုဏ္ဏားများဟာ ကိုယ်တိုင်လည်း ကာမဂုဏ် ခံစားနေတယ်။ ကာမဂုဏ်မှာလည်း စိတ်မပြတ်စဲဘူးဆိုရင် ကိုယ်ပင်ပန်းခံပြီး အားထုတ်သော်လည်း တရားထူးကို မရနိုင်ဘူး။

၂။ သစ်သားတုံး တစ်ခုဟာ ရေနဲ့တော့ ဝေးနေတယ်။ ဒါပေမဲ့ သစ်သားစို ဖြစ်နေတယ်ဆိုရင် ဒီသစ်သားတုံးနဲ့လည်း မီးပွတ်လို့ မရဘူး။ အဲဒီလိုပဲ ရဟန်း ပုဏ္ဏားတွေဟာ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်တော့ ကာမဂုဏ် မခံစားဘူး။ ဒါပေမဲ့ ကာမဂုဏ် ပေါ်မှာ စိတ် မပြတ်စဲသေးဘူးဆိုရင် ဒီရဟန်း ပုဏ္ဏားတွေ ဟာလည်း ကိုယ်ပင်ပန်းခံပြီး တရားအားထုတ်ပေမဲ့ တရား ထူးကို မရနိုင်ဘူး။

၃။ သစ်သားတုံးတစ်ခုဟာ ခြောက်လည်း ခြောက်သွေ့နေ တယ်။ ရေနဲ့လည်း ဝေးတယ်ဆိုရင် ဒီသစ်သားတုံးနဲ့ မီး ပွတ်လို့ ရနိုင်တယ်။ အဲဒီလိုပဲ ရဟန်းပုဏ္ဏားတွေဟာ ကိုယ်တိုင်လည်း ကာမဂုဏ် မခံစားဘူး။ ကာမဂုဏ်ပေါ်မှာ လည်း စိတ်ပြတ်စဲနေတယ်ဆိုရင် ဒီရဟန်းပုဏ္ဏားတွေဟာ တရားအားထုတ်ရင် တရားထူးကိုရနိုင်တယ်။

အဲဒီ ဥပမာ သုံးခုဟာ ဘုရားလောင်းရဲ့ စိတ်ထဲမှာ ပေါ်လာ တယ်။ အဲဒီအတိုင်းပဲ မိမိရှာနေတဲ့ တရားကို ရရန်အတွက် ဘုရား လောင်းဟာ တစ်ဆင့်ထက် တစ်ဆင့်တိုးပြီး ပြင်းပြင်းထန်ထန် တရား အားထုတ်ခဲ့ပါတယ်။

ပထမအဆင့်အနေနဲ့ ဘုရားအလောင်းဟာ အသက်အောင့်တဲ့ နည်းနဲ့ တရားအားထုတ်ကြည့်တယ်။ အဲဒီလို အားထုတ်တဲ့အခါမှာ အင်မတန်ပြင်းပြတဲ့ ဝေဒနာကို ခံစားရတယ်။ အဲဒီ ပထမအဆင့်မှာ တော့ ဘုရားအလောင်းဟာ ရွာကြီးရွာငယ်တွေမှာ လှည့်လည်ဆွမ်းခံ စားတုန်းပဲ ရှိပါသေးတယ်။ အဲဒီလို ရက်ရှည်လများ ကျင့်သော်လည်း မိမိရှာဖွေနေတဲ့ တရားကို မတွေ့ခဲ့ပါ။ အဲဒီအခါမှာ အစာအာဟာရ တွေကို ဖြည်းဖြည်း ဖြတ်သွားပြီး တရားဆက်လက် အားထုတ်လိုက် တာဟာ နောက်ဆုံးကျတော့ မိမိရဲ့ လက်တစ်ဖွန်းစာလောက် ရှိတဲ့ ပဲပြုတ်ရေကိုသာ သောက်ပြီး တရားအားထုတ်တဲ့အထိ ရောက်သွား တယ်။ အဲဒီလို ကျင့်ပေမဲ့လည်း မိမိရှာဖွေနေတဲ့ တရားကို မတွေ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို အစာအာဟာရကို လျှော့ပြီး အပြင်းအထန် တရားအား ထုတ်နေတဲ့အတွက် ဘုရားအလောင်းမှာ အသားအသွေးတွေ ခန်း ခြောက်ပြီး အရိုးနဲ့ အရေလောက်သာ ကျန်ပါတော့တယ်။ အဲဒီအခြေ အနေကို ရောက်နေပေမဲ့လည်း ဘုရားအလောင်းဟာ စိတ်ပျက်ခြင်း မရှိဘဲ မိမိရှာနေတဲ့ တရားကိုသာတွေ့အောင် ဆက်လက်ပြီး အားထုတ် လျက် ရှိပါတယ်။ တစ်နေ့ကျတော့ အစာအာဟာရ အလွန်နည်းပါး တဲ့အတွက် ကျင်ကြီးကျင်ငယ်ကို စွန့်ရန် အားထုတ်နေစဉ် မောပြီး မှောက်လျက်လဲသွားပါတယ်။

အဲဒီလို ပြင်းပြင်းထန်ထန် တရားအားထုတ်သော်လည်း ဘုရား လောင်းဟာ မိမိရှာနေတဲ့ တရားကို မတွေ့ပါ။

## သတိသာလျှင် ပဓာန

အဲဒီအခါမှာ ဒီလို မိမိကိုယ်ကို မိမိ ညှဉ်းပန်းနှိပ်စက်ပြီး ကျင့် နေတဲ့ နည်းလမ်းဟာ မမှန်။ ဒီမမှန်တဲ့ နည်းလမ်းများဖြင့် ကျင့်နေ သရွေ့ ကာလပတ်လုံး မိမိရှာဖွေနေတဲ့ တရားကို ဘယ်နည်းနဲ့မျှ မတွေ့နိုင်။ အမှန်တရားကို တွေ့ရန်အတွက် အဆက်မပြတ် ဖြစ် ပေါ်နေတဲ့ သတိသာလျှင် ပဓာနဖြစ်တယ် ဆိုတဲ့ အသိဉာဏ်ဟာ ဘုရားလောင်းစိတ်ထဲမှာ ဖြစ်ပေါ်လာတယ်။ အဲဒါကြောင့် ဘုရား လောင်းဟာ ရှေးကအတိုင်း ဆွမ်းခံစားပြီး သတိတရား အစဉ်မပြတ် ဖြစ်ပေါ်နေရန်အတွက် ဆက်လက် ကြိုးစားအားထုတ်ခဲ့ပါတယ်။

အဲဒီအခါ ဘုရားလောင်း ဘုရားဖြစ်တဲ့အခါတွင် တရားဦးနာရန် အတွက် ဘုရားလောင်းထံမှာ ချဉ်းကပ်နေကြတဲ့ ပဉ္စဝဂ္ဂီငါးဦးဟာ ဘုရားလောင်းအပေါ် အင်မတန် စိတ်ပျက်သွားကြပါတယ်။ အင်မတန် ပြင်းပြင်းထန်ထန် တရားအားထုတ်လို့မှ ဘုရားမဖြစ်နိုင်ဘဲ အခုလို

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းခံစားပြီး တရားအားထုတ်နေရင် ဘယ်မှာ ဘုရားဖြစ်နိုင်ပါတော့မလဲလို့ ယူဆကာ ဘုရားလောင်းကို စွန့်ခွာပြီး မိဂဒါဝုန်တောကို ထွက်ခွာသွားကြပါတယ်။

## ပဋိပ္ပဒါခေါ် အလယ်လမ်းမှန်

ဘုရားလောင်းဟာ ကျွန်တော့် ဟောပြောချက်ရဲ့ အစနားမှာ ကျွန်တော်ပြောခဲ့တဲ့ လုပ်ငန်းကြီးဆယ်ခုကို လွန်ခဲ့တဲ့ ဘဝပေါင်းများစွာမှာ ရာခိုင်နှုန်းအပြည့် အောင်မြင်စွာ ကြိုးစား အားထုတ်ခဲ့ပြီးတဲ့အတွက် မျက်မှောက်ဘဝမှာ အလုံးစုံသော တရားတို့ကို သိတော်မူတဲ့ သဗ္ဗညုတဉာဏ်တို့ကို ရဖို့ရန် အချိန်ရောက်နေပေမဲ့လည်း မိမိကိုယ်ကို မိမိညှဉ်းဆဲပြီး ကျင့်ရတဲ့ လမ်းမှားကြီးကို လိုက်နေမိတာကြောင့် သဗ္ဗညုတဉာဏ်ကို မရသေးခြင်း ဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲပြီး ကျင့်တဲ့လမ်းနဲ့ ကာမဂုဏ်ခံစားတဲ့ လမ်းမှားနှစ်ခုကြားမှာရှိတဲ့ မဇ္ဈိမပဋိပဒါလို့ခေါ်တဲ့ အလယ်လမ်းမှန်အတိုင်း ကြိုးစားအားထုတ်တာနဲ့ တစ်ပြိုင်နက် ဘဝပေါင်းများစွာက အားထုတ်ခဲ့တဲ့ ကုသိုလ်တွေကြောင့် အသင့်ဖြစ်နေတဲ့ သဗ္ဗညုတရွှေဉာဏ်တော်ကို မြတ်စွာဘုရားသခင်ဟာ အလွယ်ကလေးနှင့် ရဖို့ ရှိနေပါတယ်။

အဲဒါကြောင့် မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှာ ယခု မဟာဗောဓိစေတီတော်မြတ်ကြီး ရှိရာဌာ ပေါက်နေတဲ့ ဗောဓိညောင်ပင်ကြီးအောက် မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်းမှန် အတိုင်း အာနာပါန ခေါ် ထွက်သက်ဝင်သက် ကမ္မဋ္ဌာန်းကို စီးဖြန်းနေစဉ် ညဉ့်ဦးယံအချိန်မှာ ပုဗ္ဗေနိဝါသဉာဏ်လို့ခေါ်တဲ့ အတိတ်ကို သိလိုက သိနိုင်တဲ့ ဉာဏ် ကို ရရှိပါတယ်။ သန်းခေါင်ယံအချိန်မှာ ဒိဗ္ဗစက္ခုဉာဏ် လို့ ခေါ်တဲ့ အရာခပ်သိမ်းတို့ကို မြင်လိုက မြင်နိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ကို ရရှိခဲ့ပါတယ်။ ကဆုန်လပြည့်ကျော်တစ်ရက် ကြာသပတေး နေ့ အရုဏ်တက်အချိန်တွင် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတွေကို အမြစ်ပါမကျန် သုတ်သင်ရှင်းလင်းပစ်နိုင်တဲ့ အာသဝက္ခယ ဉာဏ်ကို ရပြီးသည့်တစ်ခဏ၌ အလုံးစုံသော တရားကို သိဘတ်သော သဗ္ဗညုတဉာဏ် ကို ရပါတယ်။

မြတ်စွာဘုရားဟာ ဘုရားဖြစ်တဲ့ အချိန်ကစပြီး ပရိနိဗ္ဗာန်ပြုတဲ့ အချိန်တိုင်အောင် ၄၅ နှစ်ပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေ အမြောက်အမြားကို အမြင်မှန်ရအောင် အများကြီး ဆုံးမခဲ့ပါတယ်။

မြတ်စွာဘုရားသခင်ရဲ့ ဒီဆုံးမစကားတွေကို အမျိုးအစားအား ဖြင့် ခွဲထုတ်လိုက်မယ်ဆိုရင်

(၁) အလှူဒါနနဲ့ စပ်တဲ့ ဆုံးမစကား၊
(၂) သီလနဲ့ စပ်တဲ့ ဆုံးမစကား၊
(၃) နတ်ပြည်နဲ့ စပ်တဲ့ ဆုံးမစကား၊
(၄) ကာမဂုဏ်ရဲ့ အပြစ်တွေနဲ့ စပ်တဲ့ ဆုံးမစကား၊
(၅) တောထွက်ခြင်းရဲ့ အကျိုးနဲ့ စပ်တဲ့ ဆုံးမစကား၊
(၆) ဒုက္ခသစ္စာနဲ့ စပ်တဲ့ ဆုံးမစကား၊
(၇) သမုဒယသစ္စာနဲ့ စပ်တဲ့ ဆုံးမစကား၊
(၈) နိရောဓသစ္စာနဲ့ စပ်တဲ့ ဆုံးမစကား၊
(၉) မဂ္ဂသစ္စာနဲ့ စပ်တဲ့ ဆုံးမစကား ဆိုပြီး အမျိုးအစား ကိုးမျိုး ကိုးစားရပါတယ်။

အဲဒီဆုံးမစကားတွေနဲ့ မြတ်စွာဘုရားသခင်ဟာ သတ္တဝါတွေကို မိမိကိုယ်တိုင်လည်း ဆုံးမပါတယ်။ မိမိရဲ့ တပည့်သာဝကများအားဖြင့် လည်း ဆုံးမ စေပါတယ်။ တပည့်သာဝကတွေကို စေလွှတ်တဲ့အခါမှာ လည်း ဘုရားရဲ့အဆုံးအမ စကားတွေဟာ ပျံ့နှံ့သထက် ပျံ့နှံ့အောင်၊

www.burmeseclassic.com

www.burmeseclassic.com



လူ သတ္တဝါတွေ အကျိုးဖြစ်ထွန်းနိုင်သမျှ ဖြစ်ထွန်းအောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့

(၁) ရဟန်းတို့၊ လူများစွာ အကျိုးစီးပွားဖြစ်ထွန်းစေရန် ဒေသစာရီ လှည့်လည်ကြလော့၊ ခရီးတစ်ကြောင်းတည်း နှစ်ပါး မသွားကြနှင့် ဟူ၍လည်းကောင်း၊

(၂) ရဟန်းတို့၊ တရားကို ဟောကြားကြလော့၊ မြတ်သော အကျင့်ကို ထင်ရှားစွာ ပြကြလော့ ဟူ၍လည်းကောင်း ဆုံးမတော်မူခဲ့ပါတယ်။

မြတ်စွာဘုရားသခင် ဆုံးမတော်မူတဲ့အတိုင်း တပည့်သာဝကများလည်း ဒေသစာရီ လှည့်လည်ကြပြီး ဘုရားရဲ့ ဆုံးမဟောကြားချက်များကို ဖြန့်ချိခဲ့ကြပါတယ်။ သာသနာပြုခဲ့ကြပါတယ်။ အဲဒီလို သာသနာပြုခဲ့တဲ့အတွက် သတ္တဝါတွေ အမြောက်အမြား အကျွတ်တရား ရကြပါတယ်။

မြတ်စွာဘုရား ကိုယ်တော်တိုင် ၄၅ ဝါအတွင်း ချွတ်လို့ အကျွတ်တရားရကြတဲ့ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေဟာ မရေမတွက်နိုင်ပါဘူး။

ကျွန်တော်ရတဲ့ အချိန်အနည်းငယ်အတွင်းမှာ ဘုရားချွတ်လိုက်လို့ ကျွတ်သွားကြတဲ့ ပုဂ္ဂိုလ်အချို့ရဲ့ အကျွတ်တရားရပုံကို ကျွန်တော် အကျဉ်းချုပ် ဖော်ပြချင်ပါတယ်။

## ပဉ္စဝဂ္ဂီငါးဦး

မြတ်စွာဘုရားနဲ့တွေ့ပြီး ရှေးဦးစွာ အကျွတ်တရားရတဲ့ ပုဂ္ဂိုလ်တွေကတော့ တခြား မဟုတ်ပါဘူး။ ဘုရားအပေါ်မှ စိတ်ပျက်ပြီး မိဂဒါဝုန်တောသို့ ထွက်သွားကြတဲ့ ပဉ္စဝဂ္ဂီ လို့ ခေါ်တဲ့ ပုဏ္ဏားငါးဦးပဲ ဖြစ်ပါတယ်။ ဒီပုဏ္ဏားငါးဦးဟာ ဘုရားကြွလာတာကို ခပ်လှမ်းလှမ်း

www.burmeseclassic.com

www.burmeseclassic.com



က မြင်တာနဲ့ တစ်ပြိုင်နက် ဂေါတမဟာ အကျင့်ပျက်ပြီ။ အဲဒါကြောင့် သူ့ကို ခရီးဦးကြို မလုပ်ကြနဲ့။ နေရာထိုင်ခင်း မပေးနဲ့။ သောက်ရေ သုံးရေ မပေးနဲ့လို့ အချင်းချင်း တိုင်ပင်ထားကြပါတယ်။ ဒါပေမဲ့ ဘုရားဟာ သူတို့ရဲ့အနားကို ရောက်လာတဲ့အခါ ဘုရားရဲ့ အင်မတန် တင့်တယ်တဲ့ အသရေတော်ကြီးကို ဖူးတွေ့ရပြီး သူတို့ တိုင်ပင်ထား တာတွေကို မေ့ကုန်ကြတယ်။ အဲဒီလို မေ့ကုန်တဲ့အတိုင်း တချို့က မြတ်စွာဘုရားရဲ့ သပိတ်ကို လှမ်းယူကြတယ်။ တချို့က မြတ်စွာဘုရား ကို ခရီးဦးကြိုပြုကြတယ်။ တချို့က နေရထိုင်ခင်း ပေးကြတယ်။ တချို့က သောက်ရေ၊ သုံးရေကို ကပ်ကြတယ်။ မြတ်စွာဘုရားဟာ ရှေးဦးစွာ ဓမ္မစကြာ လို့ခေါ်တဲ့ သစ္စာလေးပါးတရား ကို ဟောတယ်။ အဲဒီအခါမှာ ပဥ္စဝဂ္ဂီငါးဦးစလုံးဟာ သောတာပန် ဖြစ်သွားကြပါတယ်။ အနတ္တလက္ခဏာသုတ် ကို ဟောတဲ့အခါမှာ ရဟန္တာတွေ ဖြစ်ကုန်ကြ ပါတယ်။

အဲဒီ ဝါတွင်းမှာပဲ ယသသူဌေးသားနှင့်တကွ သူရဲ့မိတ်ဆွေ ၅၄ ဦးတို့လည်း မြတ်စွာဘုရား၏ အဆုံးအမအတိုင်း တရားအားထုတ် ကြသဖြင့် ရဟန္တာဖြစ်သွားကြတယ်။ ရဟန္တာအပါး ၆၀ ကို သာသနာ ပြုရန် အရပ်ရပ်သို့ စေလွှတ်ပြီးတဲ့နောက် မြတ်စွာဘုရားဟာ မိဂဒါဝုန် တောမှ ဥရုဝေလတောသို့ ကြွသွားပါတယ်။

လမ်းခရီးအကြားမှာ တောအုပ်တစ်ခုရဲ့ သစ်ပင်တစ်ပင်အောက် မှာ သီတင်းသုံးတော်မူစဉ် သုံးကျိပ်ရှိတဲ့ ဘဒ္ဒဝဂ္ဂီ မင်းသားတို့ဟာ ဘုရားကို တွေ့ကြပါတယ်။ ဒီမင်းသားတွေဟာ ကောသလမင်းကြီးရဲ့ သားတွေဖြစ်ပါတယ်။ ဒီမင်းသားတွေဟာ တောထဲမှာ စိတ်ရှိတိုင်း ပျော်ပါးဖို့ သူတို့ရဲ့ မယားများကို မြတ်စွာဘုရား သီတင်းသုံးနေတဲ့ တောအုပ်ထဲသို့ ခေါ်လာခြင်းဖြစ်တယ်။ အဲဒီမင်းသား သုံးကျိပ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးသော မင်းသားဟာ အိမ်ထောင်မကျသေးတဲ့အတွက် ပြည့်တန်ဆာမ တစ်ယောက်ကို ခေါ်လာခဲ့ပါတယ်။ အဲဒီ မင်းသား အိပ်မောကျနေတုန်း ပြည့်တန်ဆာမဟာ မင်းသားရဲ့ အဖိုးတန် ရွှေ၊ ငွေ၊ ရတနာတွေကို ခိုးယူပြီး ထွက်ပြေးသွားတယ်။ မင်းသား အိပ်ရာက နိုးတဲ့အခါ ဒီအကြောင်းကို သိပြီး သူ့ရဲ့ ညီတော် နောင်တော်တွေကို တိုင်ကြားတယ်။ မင်းသားသုံးကျိပ်စလုံး ပြည့်တန်ဆာမ ကို တောနင်းပြီး ရှာနေတုန်း မြတ်ဘုရားကို သွားတွေ့ကြတယ်။

အဲဒီအခါ မင်းသားတွေက "ပြည့်တန်ဆာမတစ်ယောက် ထွက်ပြေးတာ မတွေ့ဘူးလား" လို့ ဘုရားကို မေးကြတယ်။

အဲဒီလို မေးတဲ့အခါ မြတ်စွာဘုရားက "အသင်မင်းသားတို့ အဘယ်ကြောင့် ဒီမိန်းမကို ရှာနေကြသလဲ" လို့ ပြန်ပြီး မေးပါတယ်။

မင်းသားတွေကလည်း အဖြစ်အပျက် အမှန်အတိုင်း ဖြေကြားကြတယ်။

မင်းသားတွေက အဲဒီလို ဖြေကြားတဲ့အခါ မြတ်စွာဘုရားက "အသင်မင်းသားတို့၊ မယားကို ရှာခြင်းဟာ မြတ်သလား။ သင်တို့ ကိုယ်ကို ရှာခြင်းဟာ မြတ်သလား" လို့ ထပ်ဆင့်မေးတော်မူပါတယ်။

မင်းသားတို့ကလည်း "ကျွန်ုပ်တို့ ကိုယ်ကို ရှာခြင်းဟာ မြတ်တယ် ထင်တယ်" လို့ ပြန်ပြီး ဖြေကြားကြပါတယ်။

ထိုအခါ မြတ်စွာဘုရားဟာ ကာမဂုဏ်တို့၌ တပ်မက်ခြင်းကြောင့် ဖြစ်ပေါ်တတ်သော ဘေးဆိုးတို့ကို ဖော်ပြပြီး သစ္စာလေးပါးတရားကို ဟောကြားလိုက်ရာ မင်းသားသုံးကျိပ်ထဲက အချို့ဟာ သောတာပန်၊ အချို့ဟာ သကဒါဂါမ်၊ အချို့ဟာ အနာဂါမ်တည်ပြီး အားလုံး ရဟန်းပြုကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ကဿပညီနောင် ၃ ဦး

ဒီ ရဟန်းသုံးကျိပ်တို့ကို ဒီတောအုပ်ထဲမှာ ထားခဲ့ပြီး ဘုရားသခင်ဟာ ဆက်လက်၍ ဒေသစာရီ ကြွချီတဲ့အခါ ဥရုဝေလတောအုပ်သို့ ရောက်သွားပါတယ်။ အဲဒီတောအုပ်အတွင်းမှာ ရှိတဲ့ မြစ်ရဲ့ မြစ်ကွေ့ တစ်ခုစီမှာ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ ဆိုတဲ့ ရသေ့ညီနောင် သုံးဦးဟာ နောက်လိုက်တပည့်တွေနဲ့ ရသေ့ဂိုဏ်းကြီးတွေကို ထောင်နေကြပါတယ်။ ဥရုဝေလကဿပ ဆိုတဲ့ အစ်ကိုအကြီးဆုံးမှာ တပည့်ငါးရာ ရှိပါတယ်။ နဒီကဿပ ဆိုတဲ့ အစ်ကိုအလတ်မှာ တပည့် သုံးရာ ရှိပါတယ်။ ဂယာကဿပ ဆိုတဲ့ အစ်ကိုအငယ်မှာ တပည့်နှစ်ရာ ရှိပါတယ်။ ဒီရသေ့တွေကလည်း လောဘ၊ ဒေါသ ဆိုတဲ့ ကိလေသာတွေ ကုန်ခန်းမှ ရဟန္တာဖြစ်မယ်ဆိုတဲ့ အချက်ကို ယုံကြည်ကြပါတယ်။ ဒါပေမဲ့ ကိလေသာ ကုန်ခန်းအောင် လုပ်တဲ့ နေရာမှာတော့ သူတို့ရဲ့ လုပ်နည်းတွေဟာ အင်မတန် မှားနေတယ်။ နေတိုင်း နေမထွက်မီ မြစ်ထဲဆင်းပြီး ရေစိမ်ခြင်း၊ ရေငုပ်ခြင်း ပြုလုပ်ကြပါတယ်။ ဆွမ်းစားချိန်ရောက်မှ မြစ်ထဲက တက်၍ ဆွမ်းစားကြတယ်။ ဆွမ်းစားပြီးတဲ့အခါ မီးပူဇော်ခြင်း၊ သူတို့ ကိုယ်ကို သူတို့ မီးကင်ခြင်း ပြုလုပ်ကြပြန်တယ်။ အဲဒီလို မီးကင်လို့ အတော်ပူလာတဲ့အခါကျတော့မှ ကိလေသာတွေကို ရေမှာ မျှောမယ်ဆိုပြီး မြစ်ထဲ ရေဆင်းစိမ်ကြပြန်တယ်။ ညအိပ်ခါနီးမှပဲ မြစ်ထဲက တက်လာကြတော့တယ်။ အဲဒီလို ရေငုပ် မီးလှုံတဲ့ အလုပ်တွေကို လုပ်နေရရင် အင်မတန် ပင်ပန်းပြီး ကိလေသာစိတ်တွေ မပေါ်ပေါက်နိုင်ဘူး ဆိုတဲ့ ယုံကြည်ချက်နဲ့ ဒီ ရသေ့တွေဟာ ဒီအလုပ်တွေကို နေ့စဉ်နေ့တိုင်း လုပ်နေကြခြင်း ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## မြတ်စွာဘုရားနှင့် နဂါးကြီး

မြတ်စွာဘုရားသခင်ဟာ အစ်ကို အကြီးဆုံးဖြစ်တဲ့ ဥရုဝေလ ကဿပရသေ့ဆီကို ရှေးဦးစွာ သွားပြီး ရသေ့ရဲ့ ကျောင်းအနီးမှာ ရှိတဲ့ မီးတင်းကုပ်မှာ တည်းခိုခွင့် တောင်းတယ်။ မီးတင်းကုပ်ထဲမှာ အင်မတန် အဆိပ်ပြင်းတဲ့ နဂါးတစ်ကောင် ရှိတဲ့အတွက် ဒီအထဲမှာ မတည်းခိုဖို့ ရသေ့ကြီးက ပြောတယ်။ ထိုအခါ မြတ်စွာဘုရားက "ဒီ နဂါးကို ငါ မကြောက်။ အသင်က တည်းခိုခွင့်ပြုလျှင် ငါ တည်းခိုလိုတယ်"လို့ ပြန်ပြောပြီး ရသေ့ကြီးရဲ့ ခွင့်ပြုချက်အရ မီးတင်းကုပ်ထဲမှာ မြတ်စွာဘုရား သီးတင်းသုံးတော်မူတယ်။ နောက်တစ်နေ့နံနက်သို့ ရောက်တဲ့အခါ မြတ်စွာဘုရားဟာ နဂါးပေါက်ခံရလို့ သေလေပြီဟူသော ယုံကြည်ချက်ဖြင့် ရသေ့ကြီးဟာ သူ့တပည့်တွေကို ခေါ်ပြီး မီးတင်းကုပ် ကို လာကြတယ်။ မီးတင်းကုပ်ကို ရောက်တဲ့အခါမှာ မြတ်စွာဘုရားဟာ နဂါးကို သပိတ်ထဲမှာ ထည့်ထားတာကို တွေ့တဲ့အတွက် ရသေ့တွေဟာ အင်မတန် အံ့အားသင့်သွားကြတယ်။ ဒါပေမဲ့ ရဟန်းကြီးဂေါတမဟာ တန်ခိုးကြီးတာ မှန်ပေမဲ့လည်း သူတို့ကဲ့သို့ ရဟန္တာမဖြစ်သေးဘူးလို့ ရသေ့တွေက ယူဆကြတယ်။ ရသေ့ကြီး ဥရုဝေလကဿပလည်း ဘုရားတန်ခိုးကို မြင်ပြီး ချစ်ခင် ကြည်ညိုတဲ့ စိတ်တွေ ပေါ်ပေါက်လာတဲ့အတွက် တခြားမသွားပါနဲ့။ သူတို့အနားမှာပဲ နေပါလို့ မြတ်စွာဘုရားကို တောင်းပန်တယ်။ မြတ်စွာဘုရားလည်း ဥရုဝေလကဿပရဲ့ ကျောင်းတိုက်နားမှာရှိတဲ့ တောအုပ်ထဲမှာ သီတင်းသုံးတော်မူတယ်။ ညဉ့်ဦးယံရောက်တဲ့အခါ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးဟာ ဘုရားထံကို အဖူးအမြော် ရောက်ကြတယ်။ ဒီ ကိုယ်ရောင်ကိုယ်ဝါတွေနဲ့ နတ်မင်းကြီးလေးပါး ကို ရသေ့ကြီး မြင်သောအခါ အတော် အံ့ဩသွားတယ်။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းကြီး ဂေါတမဟာ တန်းခိုးကြီးသော်လည်း သူတို့လို ရဟန္တာ မဟုတ်သေး ဘူးလို့သာ' အကြံ ဖြစ်ပြန်တယ်။ နောက်တစ်နေ့ညမှာ သိကြားမင်းဟာ ဘုရားထံသို့ အဖူးအမြော် ရောက်လာတယ်။ အဲဒီ သိကြားမင်းကိုလည်း ဥရုဝေလကဿပ ရသေ့ကြီး မြင်ရပြီး အင်မတန် အံ့သြသွားတယ်။ ဒါပေမဲ့ ရဟန်းကြီး ဂေါတမဟာ တန်းခိုးကြီးသော် လည်း သူတို့ကဲ့သို့ ရဟန္တာမဟုတ်သေးဘူးလို့သာ ရသေ့ကြီး အကြံ ဖြစ်ပြန်တယ်။ နောက်တစ်ညမှာ ဗြဟ္မာမင်း ကြွလာတာကို မြင်ရတဲ့ အခါ ဥရုဝေလကဿပရသေ့ကြီးဟာ ရှေးကလိုပဲ အကြံဖြစ်ပြန်တယ်။

## ဥရုဝေလကဿပ ချွတ်ခန်း

တစ်နေ့ကျတော့ အင်္ဂတိုင်း၊ မဂဓ တိုင်းသူတိုင်းသား အများ အပြားတို့ဟာ ဥရုဝေလကဿပနဲ့ သူ့ရသေ့တွေကို ပူဇော်လှူဒါန်း မြဲဖြစ်တဲ့ အလှူပွဲကြီးတစ်ခုကို ဆင်ယင်ကျင်းပဖို့ အစီအစဉ်တွေ လုပ်နေကြပါတယ်။ အဲဒီအခါ ကဿပရသေ့က မနက်ဖြန် ငါ့တပည့် များဟာ ငါတို့ကို ပူဇော်ဖို့အတွက် ပွဲလမ်းသဘင် အကြီးအကျယ် ကျင်းပပြီး ငါတို့ကို ပစ္စည်းအမျိုးမျိုးနဲ့ လှူဒါန်းကြလိမ့်မယ်။' ရဟန်း ကြီး ဂေါတမဟာ အဆင်းလည်း လှတယ်။ တန်ခိုးလည်း ကြီးတယ်။ ငါ့တပည့်တွေ အလယ်မှာ တန်ခိုးပြနေရင် ငါ့တပည့်တွေဟာ သူ့ကို ကြည်ညိုကုန်ကြလိမ့်မယ်။ အဲဒီအခါ ငါတို့အပေါ်မှာ အကြည်ညိုနည်း ပြီး ငါတို့ကို လှူဒါန်းမှာ မဟုတ်တော့ဘူး။ အဲဒီတော့ မနက်ဖြန် ငါ တို့ထံသို့ ရဟန်းကြီးဂေါတမ မလာပါမူကား ကောင်းမှာပဲလို့ အကြံ ဖြစ်တယ်။

အဲဒီအကြံကို မြတ်စွာဘုရားသခင် သိတော်မူတဲ့အတွက် နောက် တစ်နေ့တွင် ရသေ့များထံသို့ မသွားဘဲ အခြားနေရာသို့ ကြွသွား

www.burmeseclassic.com

www.burmeseclassic.com



တော်မူတယ်။ နောက်တစ်နေ့ ဥရုဝေလကဿပ ရသေ့ကြီးဟာ မြတ်စွာဘုရားနဲ့ တွေ့တဲ့အခါ "ရဟန်းကြီး ဂေါတမ၊ မနေ့က ဒီအရပ်မှာ ပူဇော်ပွဲတွေ အကြီးအကျယ်ရှိတယ်။ အသင်ဘာဖြစ်လို့ မလာသလဲ၊ လာမလားလို့ ငါတို့က အများကြီး မျှော်နေတယ်" လို့ ပြောပြတယ်။ အဲဒီအခါ မြတ်စွာဘုရားက "ရသေ့ကြီး၊ ငါမလာရင် ကောင်းလေစွလို့ သင့်မှာ အကြံဖြစ်တဲ့အတွက် ငါမလာခြင်း ဖြစ်တယ်" လို့ ပြောလိုက်တယ်။ အဲဒီအခါမှာလည်း ရသေ့ကြီး ဂေါတမဟာ ငါ့အကြံကိုတောင် သိတဲ့အတွက် တန်ခိုးကြီးတာတော့ အမှန်ပဲ။ ဒါပေမဲ့ ဒီရဟန်းကြီးဟာ ငါတို့လို ရဟန္တာမဟုတ်သေးဘူးလို့ ရသေ့ကြီး အကြံဖြစ်ပြန်တယ်။

တစ်နေ့ကျတော့ မိုးကြီးသည်းထန်စွာ ရွာတဲ့အတွက် မြစ်ရေလွှမ်းသဖြင့် ရသေ့များ လှေနဲ့သွားကြရပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားသခင်က ရေပြင်အလယ်မှာ ဖုန်တထောင်းထောင်းနဲ့ စင်္ကြံသွားနေတယ်။ အဲဒီအခါမှာလည်း ဂေါတမရဟန်းကြီးဟာ တန်ခိုးကြီးတာတော့ မှန်တယ်။ ဒါပေမဲ့ တို့လိုတော့ ရဟန္တာမဟုတ်သေးဘူးလို့ ရသေ့ကြီးမှာ အကြံဖြစ်ပြန်တယ်။

ဘုရားသခင်ဟာ အဲဒီလို တန်ခိုးပြာဋိဟာတွေကို အကြိမ်ပေါင်းများစွာ ပြပေမဲ့ ကျွတ်ချိန်မရောက်သေးတဲ့အတွက် ဥရုဝေလကဿပ ရသေ့ကြီးဟာ သူသာလျှင် ရဟန္တာဖြစ်ပြီး ရဟန်းကြီး ဂေါတမမှာမူကား တန်ခိုးသာ ကြီးတယ်၊ သူတို့ကဲ့သို့ ရဟန္တာမဟုတ်သေးဘူးလို့ သူ့ကိုယ်သူ မာနကြီးလျက် ရှိပါတယ်။ ဘုရားသခင်လည်း ရသေ့ညီနောင်တို့နဲ့တကွ သူတို့ရဲ့ တပည့်ပေါင်း တစ်ထောင် အကျွတ်တရားရမှာကို မြင်တော်မူသဖြင့် သင့်တော်တဲ့ အချိန်အခါကို စောင့်ရင်း ရသေ့များအနီး၌သာ သီတင်းသုံးတော်မူလျက် ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါနဲ့ တစ်နေ့ကျတော့ ရသေ့ကြီးနဲ့ တပည့်သားမယား ကျွတ်ချိန်ရောက်လာတဲ့အတွက် မြတ်စွာဘုရားက "ချစ်သား ကဿပ၊ သင်ဟာ သင့်ကိုယ်ကို ရဟန္တာ လို့ ထင်နေတယ်။ အဲဒီ ထင်မြင်ယူဆချက်ဟာ မှားတယ်။ သင့်ရဲ့ အကျင့်ဟာလည်း မှားနေတယ်။ ဒီလို ရေငုပ်၊ မီးလှုံလုပ်နေလို့ ဘယ်တော့မှ ကိလေသာ ကို သတ်နိုင်မှာ မဟုတ်ဘူး" လို့ မိန့်တော်မူပါတယ်။ အဲဒီအခါမှ ရသေ့ကြီးဟာ သံဝေဂရပြီး ဘုရားရဲ့ တပည့်လုပ်ပါရစေလို့ ဘုရားထံမှာ ပန်ကြားတယ်။ မြတ်စွာဘုရားကလည်း ဖြုန်းခနဲ လက်မခံသေးဘဲ "ချစ်သား ကဿပ၊ သင်ဟာ ရသေ့ငါးရာရဲ့ ခေါင်းဆောင်ဖြစ်တယ်။ အဲဒီတော့ ငါရဲ့တပည့် ဖြစ်ချင်ရင် သင်ရဲ့ တပည့်တွေဖြစ်တဲ့ ရသေ့ငါးရာနဲ့ ရှေးဦးစွာ တိုင်ပင်ပါဦး" လို့ မိန့်တော်မူတယ်။ သူ့တပည့်များနဲ့ တိုင်ပင်တဲ့အခါ တပည့်အားလုံးရဲ့ သဘောတူညီချက်အရ ကဿပ ရသေ့နဲ့ တပည့်သားငါးရာတို့ဟာ သူတို့ရဲ့ အကျင့်မှားတွေကို စွန့်ပယ်ပြီး ဘုရားထံမှာ ရဟန်းပြုကြတယ်။ ဒီလို ရဟန်းပြုပြီးတဲ့နောက် ရသေ့အဖြစ်နဲ့ သူတို့အသုံးပြုခဲ့တဲ့ ပစ္စည်းတွေကို ဂင်္ဂါမြစ်ထဲမှာ မျှောလိုက်တယ်။ အောက်မြစ်ကွေ့မှာနေတဲ့ နဒီကဿပဟာ အဲဒီ ပစ္စည်းတွေ ရေမှာမျှောလာတာ မြင်တဲ့အခါ သူ့နောင်တော်နဲ့ ရသေ့ငါးရာမှာ ဘေးအန္တရာယ် တစ်ခုခုဖြစ်ပြီလို့ ယူဆတယ်။ အဲဒီလို ယူဆတဲ့အတိုင်း လူလွှတ်ပြီး စုံစမ်းစေတဲ့အခါ အဖြစ်အပျက်အမှန်ကို သိရတယ်။ အဲဒီအခါ နဒီကဿပ ဟာ သူ့ရသေ့တွေကို ခေါ်ပြီး မြတ်စွာဘုရားထံမှာ ရဟန်းပြုကြပါတယ်။ အငယ်ဆုံးရသေ့လည်း ဒီလိုပဲ ဖြစ်တာပဲ။ အဲဒီ ရဟန်းတစ်ထောင်ကို စုဝေးစေပြီး မြတ်စွာဘုရားသခင်ဟာ အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူရာ ရဟန်းတစ်ထောင်စလုံး ရဟန္တာဖြစ်ကုန်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



## သစ္စကပရိဗိုဇ်

သစ္စကပရိဗိုဇ်နဲ့ ဘုရားသခင်တို့ တွေ့ကြပုံဟာ အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။ သစ္စက ပရိဗိုဇ်ဆိုတာ ဝေသာလီပြည် လိစ္ဆဝီမင်းသားတို့ ကိုးကွယ်တဲ့ ဆရာကြီးဖြစ်တယ်။ သူဟာ လောကီပညာမှာ တစ်ဖက်ကမ်းခပ် တတ်မြောက်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်တယ်။ ဘုရားသခင်ဟာ ဝေသာလီပြည်ကို ကြွလာပါတယ်။ အဲဒီအခါမှာ သစ္စကပရိဗိုဇ်ဟာ ဘုရားနဲ့ ဝါဒချင်းပြိုင်လိုတဲ့ အကြံဖြစ်ပါတယ်။ ဒါပေမဲ့ ဘုရားနဲ့ ဝါဒချင်းမပြိုင်ခင် ဘုရားရဲ့ ဝါဒဟာ ဘယ်လိုဝါဒမျိုးလဲ ဆိုတာကို သိလိုတဲ့ဆန္ဒ ရှိနေပါတယ်။

တစ်နေ့ကျတော့ ဘုရားသခင်ရဲ့ တပည့်ဖြစ်တဲ့ ရှင်အဿဇိမထေရ်နဲ့ သစ္စကပရိဗိုဇ်တို့ တွေ့ကြတယ်။ အဲဒီအခါ သစ္စကပရိဗိုဇ်က "ရှင်ရဟန်း၊ သင်တို့ဆရာ ဂေါတမဟာ ဘယ်အယူဝါဒရှိသလဲလို့" မေးတယ်။ ရှင်အဿဇိက "ဒါယကာ၊ ဘုရားသခင်ရဲ့ဝါဒဟာအနတ္တဝါဒ ဖြစ်တယ်" လို့ ဖြေတယ်။ အဲဒီတော့ သစ္စကပရိဗိုဇ်က ရှင်ကြီးဂေါတမရဲ့ ဝါဒက အနတ္တဝါဒဆိုရင် ဂေါတမနဲ့ငါ ဝါဒချင်း ပြိုင်နိုင်ပြီလို့ အကြံဖြစ်တယ်။ အဲဒီအကြံအတိုင်း သူရဲ့ တပည့်များဖြစ်တဲ့ လိစ္ဆဝီမင်းသား ငါးရာရှိရာကို သွားပြီး "အသင်မင်းသားတို့၊ ငါနဲ့ လိုက်ခဲ့ကြ။ ငါဟာ ရှင်ကြီးဂေါတမနဲ့ ဝါဒချင်း သွားပြိုင်မယ်။ အဲဒီ ဝါဒပြိုင်တဲ့အခါ ရှင်ကြီးဂေါတမကို ငါမေးခွန်းတွေ အများကြီး မေးမယ်။ ငါမေးခွန်း မေးတဲ့အခါမှာ အသက်ရှိတဲ့ သတ္တဝါတွေ မပြောနဲ့ အသက်မရှိတဲ့ တိုင်တောင် တုန်လှုပ်ရမယ်။ ငါ မေးခွန်းမေးလို့ ရှိရင် ဘယ်သူမဆို ချွေးပြန်ရမယ်။ ငါဟာ ရှင်ကြီးဂေါတမကို မေးခွန်းမေးပြီး မုတ်ဆိတ်မွေးရှိတဲ့ ဆိတ်ကို မုတ်ဆိတ်မွေး ကိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ယမ်းသလို ငါယမ်းပြမယ်။ အားကြီးတဲ့ လူတစ်ယောက်ဟာ ရေကန်ထဲမှ ဖျာတစ်ချပ်ကို ဆေးတဲ့အခါ ဖျာရဲ့ အစွန်းနှစ်ဘက်ကို ကိုင်ပြီး ဟိုဘက် ဒီဘက် ဆွဲငင်လှုပ်ရှားသလို ရဟန်းကြီးဂေါတမကိုလည်း မေးခွန်းတွေမေးပြီး လှုပ်ရှားပြမယ်။ အရက်သမားတစ်ယောက်ဟာ အရက်စစ်တဲ့ ဆန်ခါကို ရေဆေးတဲ့အခါ ဟိုဘက် ဒီဘက် ကိုင်ပြီး လှုပ်သလို ရှင်ကြီးဂေါတမကို ငါဟာ မေးခွန်းတွေ မေးပြီး ကိုင်လှုပ်ပြမယ်။ အားကောင်းတဲ့ မင်းစီးဆင်ကြီးဟာ ရေကစားတဲ့အခါ နှာမောင်းနဲ့ ရေကိုယူပြီး အပေါ်မြှောက်လိုက်၊ အောက်ချလိုက်၊ ဘေးယမ်းလိုက် လုပ်သလို ငါလည်း မေးခွန်းပေါင်းများစွာ မေးပြီး ရှင်ကြီးဂေါတမကို ကစားပြမယ်။ ပွဲကောင်းတစ်ခုကို ကြည့်ရအောင် လိစ္ဆဝီမင်းသားတွေ ငါနဲ့လိုက်ခဲ့ကြ" လို့ပြောပြီး သစ္စကပရိဗိုဇ် ဟာ လိစ္ဆဝီ မင်းသားတွေကို ဘုရားသခင်ထံသို့ ခေါ်သွားတယ်။

## ဘုရားနှင့် သစ္စကအမေးအဖြေ

ဘုရားသခင်ကလည်း သစ္စကပရိဗိုဇ်ဟာ လိစ္ဆဝီမင်းသားတွေကို ခေါ်ပြီး ဝါဒပြိုင်ရအောင်လာနေတာကို သိတော်မူတဲ့အတွက် "သစ္စကပရိဗိုဇ် ရောက်လာရင် ဥယျာဉ်ထဲကို လွှတ်လိုက်" ဟု တပည့် ရဟန်းများကို မှာကြားပြီး ဥယျာဉ်တွင်းရှိ သစ်ပင်ကြီး တစ်ပင်အောက်မှာ သီတင်းသုံးတော်မူနေပါတယ်။ သစ္စကပရိဗိုဇ်နဲ့ လိစ္ဆဝီမင်းသားတို့ ရောက်လာတဲ့အခါ ရဟန်းများကလည်း ဘုရားထံသို့ ညွှန်လိုက်ပါတယ်။

ဘုရားနဲ့တွေ့တဲ့အခါ သစ္စကပရိဗိုဇ်က "ရှင်ကြီးဂေါတမ၊ သင်ရဲ့ ဝါဒဟာ ဘယ်ဝါဒလဲ"လို့ မေးမြန်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ ဘုရားသခင်က သစ္စကပရိဗိုဇ် အလိုရှိတဲ့အတိုင်း "ငါ့ဝါဒဟာ အနတ္တဝါဒ ဖြစ်တယ်" လို့ ဖြေကြားလိုက်တယ်။

အဲဒီအခါ သစ္စက ပရိဗိုဇ်က "ရှင်ကြီးဂေါတမ၊ ကျွန်ုပ် စိတ်ထဲမှာ ဥပမာတစ်ခု ထင်လာတယ်။ ဘယ်လိုလဲဆိုတော့ သစ်ပင်တို့ မည်သည် မြေကြီးကို အမှီပြုရမှသာ ရှင်နိုင်တယ်။ ကြီးထွားနိုင်တယ်။ အဲဒီလိုပဲ ပုဂ္ဂိုလ်တစ်ဦးဟာ ရုပ်နာမ်ဆိုတဲ့ အထည်ကိုယ်ကို မှီပြီးတော့မှ ကုသိုလ် အကုသိုလ်ကို လုပ်နိုင်တယ်။ ဆောက်တည်စရာ အထည်ကိုယ် မရှိရင် ဘာမှမဖြစ်ဘူး" လို့ ဘုရားသခင်ကို လျှောက်ထားတယ်။

အဲဒီအခါ ဘုရားသခင်က "သစ္စက၊ ဒီလိုဆိုရင် မင်းရဲ့ဝါဒဟာ အတ္တဝါလား" လို့ မေးတော်မူလိုက်တယ်။

ဒီလိုမေးတဲ့အခါ သစ္စကပရိဗိုဇ်က "ရှင်ကြီးဂေါတမ၊ ကျွန်ုပ်ရဲ့ ဝါဒဟာ အတ္တဝါဒဖြစ်တယ်။ ဟောဒီ ပရိသတ်ကြီးရဲ့ ဝါဒလည်း အတ္တဝါဒ ဖြစ်တယ်"လို့ ပြန်ဖြေတယ်။

ဒီအခါ မြတ်စွာဘုရားက "သစ္စက၊ သူများဝါဒကို မပြောနဲ့။ မင်းနဲ့ ငါနဲ့သာ စကားပြောနေတဲ့အတွက် မင့်ဝါဒကိုသာ ပြောပါ" လို့ အမိန့်ရှိတယ်။

သစ္စကပရိဗိုဇ်ကလည်း သူ့ဝါဒဟာ အတ္တဝါဒဖြစ်တယ်လို့ ဝန်ခံတယ်။

အဲဒီခါ ဘုရားသခင်က "သစ္စက၊ မင့်ကို ငါ မေးခွန်းတစ်ခု မေးမယ်။ မင်းဖြေချင်သလို ဖြေနိုင်တယ်။ ပသေနဒီကောသလမင်းနဲ့ အဇာတသတ်မင်းတို့လို အသက်ဦးဆံပိုင်တဲ့ မင်းတွေဟာ မိမိ အစိုးရတဲ့ နိုင်ငံအတွင်းမှာ တိုင်းသူတိုင်းပြည်သားတွေထဲက သတ်ထိုက်တဲ့သူကို သတ်နိုင်သလား။ တိုင်းပြည်မှ နှင်ထုတ်ထိုက်တဲ့သူကို

www.burmeseclassic.com

www.burmeseclassic.com



နှင်ထုတ်နိုင်သလား။ တရားစီရင်ရာ၌ အရှုံးပေးထိုက်သူကို အရှုံးပေးနိုင်သလား" လို့ မေးတော်မူတယ်။

အဲဒီအခါ သစ္စကပရိဗိုဇ်က "ရှင်ကြီးဂေါတမ၊ သက်ဦးဆံပိုင်နိုင်ငံတွေမှာ မပြောထားနဲ့၊ မင်းသားတွေ အလှည့်ကျ အုပ်စိုးနေကြတဲ့ ဒီဝေသာလီပြည်တို့၊ ကုသိနာရုံပြည်တို့မှာတောင်ဒီလိုလုပ်နိုင်ပါတယ်" လို့ ဖြေကြားတယ်။

အဲဒီအခါ ဘုရားသခင်က သစ္စကပရိဗိုဇ် ကို မေးခွန်းတွေအများကြီး ထပ်မေးတယ်။ အဲဒီမေးခွန်းတွေရဲ့ သဘောကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

အတ္တဝါဒဟာ မှန်ခဲ့လို့ရှိရင် လူသတ္တဝါတွေဟာ ဘယ်သူမှ အိုမှလည်း မဟုတ်ဘူး၊ ဘယ်သူမှ နာမှလည်း မဟုတ်ဘူး၊ ဘယ်သူမှ သေမှာလည်း မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုရင် သတ္တဝါတွေ မှန်သမျှ ဘယ်သူမှ မအိုချင်ကြဘူး၊ မနာချင်ကြဘူး၊ မသေချင်ကြဘူး။ အဲဒီလို မအိုချင်၊ မနာချင်၊ မသေချင်ပေမဲ့လည်း သတ္တဝါတွေဟာ အိုနေရတယ်၊ နာနေရတယ်၊ သေနေရတယ်။ အတ္တဝါဒဟာ မှန်ရင် အသက်ဦးဆံပိုင် ရှင်ဘုရင်တွေက သူတို့ပိုင်တဲ့ နိုင်ငံတွင်းမှာ သူတို့အလိုရှိသလို အုပ်ချုပ်နိုင်သလို လူသတ္တဝါတွေဟာလည်း သူတို့ရဲ့ ရုပ်တွေဟာ ဒီလိုဖြစ်စေ၊ ဒီလိုမဖြစ်စေနဲ့။ ဒီလို နုပျိုစေ၊ ဒီလို မအိုစေနဲ့။ မနာစေနဲ့၊ မသေစေနဲ့လို့ သူတို့ရဲ့ ဆန္ဒရှိတဲ့အတိုင်း လုပ်နိုင်ရလိမ့်မယ်။ ဒီလို လုပ်လို့ရရဲ့လား၊ မရဘူး။ အဲဒီလိုမရရင် အတ္တဝါဒဟာ မှန်နိုင်ပါဦးမလား၊ အစရှိတဲ့ မေးခွန်းများပင် ဖြစ်ပါတယ်။

အဲဒီ မေးခွန်းများကို ဘုရားသခင်က မေးနေတဲ့အခါမှာ သစ္စကပရိဗိုဇ်က ဘာမျှပြန်မဖြေနိုင်ဘဲ တစ်ကိုယ်လုံး ချွေးတဒီးဒီးကျနေပြီး၊ နောက်ဆုံး၌ အနတ္တဝါဒ မှန်ကန်ကြောင်း ဝန်ခံရပါတယ်။ အဲဒီအခါ

www.burmeseclassic.com

www.burmeseclassic.com



သစ္စကပရိဗိုဇ်က သူ့ရဲ့ တပည့်များဖြစ်ကြတဲ့ လိစ္ဆဝီမင်းသားတွေ ရှေ့မှာ ကြွားဝါလာတဲ့ စကားတွေကို ဘုရားသခင်က ပြန်ပြီး ဖော်ပြတဲ့ သဘောမျိုးနှင့် "သစ္စက၊ ငါ့ကို ချေးပြန်အောင်လုပ်လော့။ ဆိတ်ကြီးရဲ့ မုတ်ဆိတ်ကို ကိုင်ပြီး ယမ်းသလို ငါ့ကိုယမ်းလော့။ ဖျာကို ရေအိုင်ထဲမှာ ဆေးတဲ့အခါ အစွန်းနှစ်ဖက်ကို ကိုင်ပြီး ဟိုဘက် ဒီဘက် ဆွဲသလို ငါ့ကို ဆွဲလော့။ အရက်သမားဟာ အရက်စစ်တဲ့ ဆန်ခါကို ရေဆေးတဲ့အခါ ဖော့ရမ်းသလို ငါ့ကို ဖော့ရမ်းလော့။ ဆင်ပြောင်ကြီးဟာ ရေကစားတဲ့အခါ နှာမောင်းနဲ့ ရေကို စုပ်ယူပြီး အပေါ် မြှောက်လိုက်၊ အောက်ချလိုက်၊ ဘေးယမ်းလိုက်နဲ့ ရေကစားသလို ငါ့ကိုလည်း ကစားလော့" လို့ အမိန့်ရှိပါတယ်။ သစ္စကပရိဗိုဇ်လည်း ဘာမှ ပြန်မပြောနိုင်ဘဲ ဆိတ်ဆိတ်နေပါတယ်။

အဲဒီအခါ သစ္စကပရိဗိုဇ်ရဲ့ တပည့်များဖြစ်ကြတဲ့ လိစ္ဆဝီမင်းသားတွေက "ငါတို့ရဲ့ ဆရာကြီး သစ္စကပရိဗိုဇ်ဟာ ဘုရားသခင်နဲ့ တွေ့ပြီးတဲ့နောက် ခြေတွေ လက်တွေ အချုပ်ခံထားရတဲ့ ကဏန်းနဲ့ တူနေပြီ၊ မလှုပ်နိုင်တော့ဘူး" လို့ ပြောပြီး ပြောင်လှောင်ကြပါတယ်။

## အင်္ဂုလိမာလ ချွတ်ခန်း

သစ္စကပရိဗိုဇ် အကြောင်းကို ပြောပြီးတော့ ဘုရားသခင်က အင်္ဂုလိမာလချွတ်ခန်းကို ကျွန်တော်ပြောပြချင်ပါတယ်။ အင်္ဂုလိမာလဟာ ကောသလမင်းကြီးရဲ့ ပရောဟိတ်ဖြစ်တဲ့ ဘဂ္ဂပုဏ္ဏားရဲ့ မန္တာနီပုဏ္ဏေးမတို့ရဲ့ သား ဖြစ်တယ်။ အရွယ်ရောက်တဲ့အခါ တက္ကသိုလ်ဆရာကြီး တစ်ဦးထံမှာ ပညာသင်ကြားပါတယ်။ ကျောင်းထွက်တဲ့အခါ တက္ကသိုလ်ဆရာကြီးက ညွှန်ကြားလိုက်တဲ့အတိုင်း ဒီဆရာကြီးကို လူ့လက်ညှိုးတစ်ထောင်နဲ့ ပူဇော်ဖို့ လက်နက် အပြည့်အစုံနဲ့

www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲက ထွက်ပြီး တောအုပ်တစ်ခုမှာ နေပါတယ်။ အနီးအနား လာသမျှလူတွေကို အတင်းလိုက်သတ်ပြီး လက်ညှိုးကို ဖြတ်ယူပါတယ်။ ရတဲ့လက်ညှိုးတွေကို ဟိုအရပ်၊ ဒီအရပ်မှာထားတော့ ကျီးငှက်တွေ ချီယူကြတဲ့အတွက် လက်ညှိုးပေါင်း တစ်ထောင် မပြည့်နိုင်ဘဲ ဖြစ်နေတယ်။ အဲဒါနဲ့ နောက်ထပ်ရတဲ့ လက်ညှိုးတွေကို ဟိုအရပ်၊ ဒီအရပ်မှာ စုပုံမထားတော့ ကြိုးနဲ့သီပြီး သူ့လည်ပင်းပေါ်မှာ ဆွဲထားပါတော့တယ်။

အင်္ဂုလိမာလဟာ အခုလို လူတွေကို သတ်ဖြတ်နေတဲ့အတွက် ရှင်ဘုရင်ကိုယ်တိုင် ခေါင်းဆောင်ပြီး တပ်မတော်သားတွေနဲ့ လိုက်ဖမ်းဖို့ အစီအစဉ်တွေကို လုပ်ရတယ်။ အဲဒီလို တပ်မတော်သားတွေနဲ့ လိုက်ဖမ်းရင် သူ့သား အင်္ဂုလိမာလ သေတော့မှာပဲလို့ စိုးရိမ်ပြီး တခြားအရပ်ကို ထွက်ပြေးအောင် အကြောင်းကြားဖို့အတွက် အင်္ဂုလိမာလရဲ့အမေဟာ သူ့သားရှိရာတောထဲကို လိုက်လာတယ်။ အင်္ဂုလိမာလ ကလည်း လက်ညှိုးတစ်ထောင်ပြည့်ဖို့ တစ်ချောင်းလိုတဲ့အတွက် အဲဒီနေ့မှာ ဘယ်သူ့ကိုပဲတွေ့တွေ့ သတ်မယ်လို့ စိတ်နှလုံး တုံးတုံးချထားတဲ့အတွက် အမေကို တွေ့ရင်လည်း အတင်းလိုက်သတ်မှာပဲ။ ဒီလို အမေကို သတ်မိရင်တော့ ဘယ်နည်းနှင့်မှ ဒီဘဝမှာ အကျွတ်တရား ရနိုင်တော့မှာ မဟုတ်ဘူး။ ဒါ့ကြောင့် လက်မလွှန်မီ ဘုရားသခင်က ကြိုတင်ပြီးတော့ အင်္ဂုလိမာလဆီကို ကြွသွားတော်မူတယ်။ လမ်းခရီးမှာ တွေ့ကြတဲ့ နွားကျောင်းသားတွေ၊ ဆိတ်ကျောင်းသားတွေ၊ လယ်သမားတွေ၊ ခရီးသည်တွေက "ရဟန်းကြီး၊ ဒီလမ်းကို မသွားပါနဲ့။ ဒီလမ်းမှာ အင်္ဂုလိမာလဆိုတဲ့ အင်မတန် ရက်စက်တဲ့ လူဆိုးကြီးတစ်ယောက် ရှိပါတယ်။ ဒီလူဆိုးကြီးဟာ တွေ့ရာလူတွေကို အတင်း လိုက်သတ်နေပါတယ်။ လူတွေ လေးငါးဆယ်စုပြီး သွား

www.burmeseclassic.com

www.burmeseclassic.com



တာတောင် မခုခံနိုင်ပါဘူး။ အဲဒါကြောင့် ဒီလမ်းကို ရဟန်းကြီး မသွားပါနဲ့" လို့ တားမြစ်ကြပါတယ်။ ဒါပေမဲ့ မြတ်စွာဘုရားက အင်္ဂုလိမာလ အကျွတ်တရားရမှာကို မြင်တဲ့အတွက် ကြွမြဲပဲ ကြွသွားတယ်။

အင်္ဂုလိမာလက မြတ်စွာဘုရားကို အဝေးကနေ မြင်တဲ့အခါမှာ "ဒီလမ်းကို လူလေးငါးဆယ်စုပြီး လာတာတောင် ငါ့လက်တွင်းက မလွတ်ကြဘူး။ ဒီရဟန်းကြီးတစ်ပါးတည်း မကြောက်မရွံ့ဘဲ ရဲရဲတင်းတင်း လာနေတာဟာ သိပ်အံ့သြစရာကောင်းတာပဲ။ ဒီရဟန်းကြီးကို ငါသတ်မယ်" လို့ ကြံပြီးတော့ ဘုရားသခင်ကို သတ်ရအောင်လိုက်တယ်။ ဘုရားသခင်ဟာ ခပ်မှန်မှန် စင်္ကြံကြွနေပေမဲ့လည်း တန်ခိုးတော်ကြောင့် အင်္ဂုလိမာလဟာ ဘုရားသခင်ကို မီအောင် မလိုက်နိုင်ဘူး။ မြေကြီးဟာ ပကတိအားဖြင့် ညီနေသော်လည်း အင်္ဂုလိမာလ စိတ်ထဲမှာ ပေါင်တွေ၊ ချိုင့်တွေကို ဖြတ်ပြီး ပြေးနေရသလို ထင်နေတယ်။ အဲဒီတော့ အင်မတန် မောပန်းလာတာနဲ့ အင်္ဂုလိမာလဟာ "ရဟန်းကြီး၊ ရပ်ဦး" လို့ ဘုရားသခင်ကို အော်ပြောလိုက်တယ်။ ဘုရားသခင်က "အင်္ဂုလိမာလ ငါရပ်နေတယ်။ ချစ်သားသာလျှင် ပြေးနေတယ်" လို့ ပြန်ပြောတယ်။ အဲဒီအခါ အင်္ဂုလိမာလက "ရဟန်းကြီး၊ သင်ဘာဖြစ်လို့ ရဟန်းဖြစ်ပါလျက် မုသားပြောရသလဲ။ သင်ဟာ ရပ်မနေဘူး၊ ပြေးနေတယ်" လို့ ထပ်ပြီးပြောတယ်။

အဲဒီအခါမှာ ဘုရားသခင်က "ချစ်သား အင်္ဂုလိမာလ၊ ငါဟာ သံသရာကြီးထဲမှာ နောက်တစ်ဖန် ထပ်ပြီး ကျင်လည်ဖို့ အကြောင်း မရှိတော့ဘူး။ ငါဟာ နောက်ဆုံးဘဝကို ရောက်နေပြီ။ အဲဒါကြောင့် ရပ်နေတယ်လို့ ဆိုခြင်းဖြစ်တယ်။ ချစ်သားမှာတော့ နောက်ဆုံးဘဝကို မရောက်သေးတဲ့အတွက် သံသရာကြီးထဲမှာ လျှောက်ပြီး ပြေးနေရတယ်လို့ ငါဆိုခြင်းဖြစ်တယ်" လို့ ပြန်ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ အင်္ဂုလိမာလဟာ လက်ထဲက ဓားကို လွှတ်ချပြီး ဘုရားသခင်ကို ရှိခိုးရင်း တပည့်အဖြစ်နဲ့ လက်ခံဖို့ ဘုရားသခင်ကို တောင်းပန်တယ်။ ဘုရားသခင်လည်း အင်္ဂုလိမာလကို ဇေတဝန် ကျောင်းတော်သို့ ခေါ်သွားပြီး ရဟန်းပြုစေတယ်။ အင်္ဂုလိမာလလည်း ဘုရားသခင် ဆုံးမတော်တဲ့အတိုင်း တရားများ အားထုတ်ရာ ရဟန္တာ ဖြစ်သွားပါတယ်။

## နာဠာဂိရိဆင်

အင်္ဂုလိမာလ အကြောင်းကို ပြောပြီးတော့ နာဠာဂိရိဆင်ကို ယဉ်ကျေးအောင် မြတ်စွာဘုရားသခင် ဆုံးမတော်မူတဲ့ အခန်းကို ပြောပြလိုပါတယ်။ နာဠာဂိရိဆင်ဟာ ရာဇဂြိုဟ်ပြည် အဇာတသတ် မင်းကြီးရဲ့ ဆင်တော်ဖြစ်တယ်။ အဇာတသတ်ရဲ့ ဆရာ ဒေဝဒတ်က အကြံပေးတဲ့အတိုင်း တစ်နေ့သောနံနက်မှာ ရာဇဂြိုဟ်ပြည်တွင်းသို့ ဘုရားသခင် ဆွမ်းခံဝင်လာတဲ့အခါမှာ နာဠာဂိရိဆင်ကို အရက်မူး အောင် တိုက်ပြီး ဘုရားသခင်ကို နင်းသတ်ဖို့ လွှတ်လိုက်ပါတယ်။ ဘုရားသခင်ရဲ့ တပည့် သံဃာတော်တွေကလည်း ဒီအကြောင်းကို သိတဲ့အတွက် နာဠာဂိရိဆင် ရှိတဲ့လမ်းက ဆွမ်းခံမကြွဘဲ တခြားလမ်း က ဆွမ်းခံကြွဖို့ ဘုရားသခင်ကို လျှောက်ကြပါတယ်။

ဘုရားသခင်က "ချစ်သားတို့၊ မကြောက်ကြနဲ့။ နာဠာဂိရိ ဆင်ကြီးကို ယဉ်ကျေးအောင် ငါဆုံးမမယ်" လို့ မိန့်တော်မူတယ်။ အရက်မူးနေတဲ့ နာဠာဂိရိဆင်ကြီးလည်း ဘုရားကို နင်းသတ်ရန် အတင်းပြေးလာတဲ့အခါ အနားမှာရှိတဲ့ မိန်းမတစ်ယောက်ဟာ သူ့ရဲ့ သားငယ်ကို ဘုရားရှေ့မှာချပြီး ထွက်ပြေးသွားတယ်။ အဲဒီအခါ နာဠာဂိရိဆင်က အဲဒီမိန်းမဘက်ကို လှည့်ပြီး လိုက်ပြန်တယ်။ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



သခင်လည်း နာဠာဂီရိဆင်ကို မေတ္တာပို့ကာ အင်မတန် သာယာတဲ့ အသံနဲ့ "ချစ်သား နာဠာဂီရိ၊ သင့်ကို အရက်တိုက်ပြီး လွှတ်လိုက်တာက အိမ်တို့၊ ဈေးတို့ဖျက်ပြီး တခြားလူတွေကို သတ်ဖို့ မဟုတ်ဘူး။ ငါ ဘုရားကို သတ်ဖို့ပဲ ဖြစ်တယ်။ အဲဒါကြောင့် ငါဘုရားထံ လာလော့" ဟု ခေါ်တော်မူလိုက်ပါတယ်။

ဘုရားသခင်ရဲ့ ကြည်လင်တဲ့ အသံကို ကြားရတဲ့အခါ နာဠာဂီရိဆင်ဟာ ဘုရားသခင်ဘက်ကို လှည့်ကြည့်လိုက်ပါတယ်။ အဲဒီအခါ ဘုရားသခင်ရဲ့ ရောင်ခြည်တော် ခြောက်သွယ်နဲ့ အင်မတန် တင့်တယ်တဲ့ အသရေတော်ကြီးကို မြင်လိုက်ရတယ်။ အဲဒီလို မြင်လိုက်တာနဲ့ တစ်ပြိုင်နက် နာဠာဂီရိ ဆင်ကြီးဟာ အမူးပြေသွားပြီး ဘုရားသခင်ရဲ့ ခြေတော်ရင်းမှာ လာပြီး ဝပ်နေပါတော့တယ်။

## ဒေဝဒတ်

နာဠာဂီရိဆင် အကြောင်းကို ပြောတဲ့အခါမှာ ဒေဝဒတ်ရဲ့ အကြောင်းကို ကျွန်တော် သတိရမိပါတယ်။ ဘုရားသခင် အကြောင်းကို ပြောရင် ဒေဝဒတ်မပါဘဲနဲ့ မပြီးနိုင်ပါဘူး။ ဒေဝဒတ်ဟာ ယသောဓရာရဲ့ မောင်အရင်း ဖြစ်ပါတယ်။ ဘုရားသခင်နဲ့လည်း ညီအစ်ကို ဝမ်းကွဲ တော်စပ်ပါတယ်။ အဲဒါကြောင့် ထင်ပေါ်စရာ ရှိရင် ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်တို့ထက် ပိုပြီး ထင်ပေါ်သင့်တယ်လို့ သူ့ကိုယ်သူ ယူဆတယ်။ အဲဒီလို ယူဆတဲ့အတိုင်း မထင်ပေါ်ရတဲ့အခါ သူ့ကိုယ်သူ ထင်ပေါ်လာအောင် ဗိမ္ဗိသာရမင်းကြီးရဲ့ သား အဇာတသတ်နဲ့ ပေါင်းပါတယ်။ အဇာတသတ်က မြှောက်စားတဲ့အတွက် ထင်ပေါ်ကျော်ကြားလာတဲ့အခါ သူကိုယ်တိုင် ဘုရားလုပ်ချင်တဲ့ စိတ်တွေ ဖြစ်ပေါ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဒေဝဒတ်ဟာ ဘုရားထံသို့ သွားပြီး "အရှင်ဘုရား၊ အရှင်ဘုရားဟာ သက်တော်ကြီးပါပြီ။ အေးအေးဆေးဆေး နေတော်မူပါ။ သံဃာတော်များအား တပည့်တော်ကို အပ်နှင်းပါ" လို့ ပရိသတ် အလယ်မှာ တောင်းဆိုတယ်။ အဲဒီအခါ ဘုရားက "သာရိပုတ္တရာနဲ့ မဟာမောဂ္ဂလာန်တို့ကဲ့သို့ ရဟန္တာကြီးမျိုးကိုပင် ငါဟာ ရဟန်းများ ကို မအပ်နှင်းဘူး။ မင်းကတော့ မကောင်းတဲ့နည်းနဲ့ လာဘ်သပ် ပကာ ရအောင် ရှာဖွေစားသောက်နေတဲ့လူ ဆိုတော့ ငါဘယ်နည်းနဲ့မှ မအပ်နိုင်ဘူး" လို့ ပြန်ပြီး ပြောလိုက်တယ်။ အဲဒီအခါမှ ဒေဝဒတ် ဟာ ဘုရားအပေါ်မှာ အကြီးဆုံး ရန်ငြိုးဖွဲ့သွားတယ်။ အဲဒီလို ရန်ငြိုး ဖွဲ့ပြီးတဲ့နောက် သူ့တပည့် အဇာတသတ်က ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီး ရှင်ဘုရင်လုပ်၊ သူက ဘုရားကိုသတ်ပြီး ဘုရားလုပ်ဖို့ ဒေဝဒတ်နဲ့ အဇာတသတ် ဆရာတပည့် နှစ်ယောက် တိုင်ပင်ပြီး သဘောတူကြတယ်။

ဗိမ္ဗိသာရဘုရင်ကြီးမှာမူကား အဇာတသတ်က သတ်တဲ့အတွက် သေရရှာတယ်။ ဘုရားကိုသတ်ဖို့ ဒေဝဒတ်လွှတ်လိုက်တဲ့ လေးသမား တွေကတော့ ဘုရားရဲ့တရားကို နာရပြီး သောတပန်တွေ ဖြစ်သွား တယ်။ အဲဒီအခါ ဒေဝဒတ်က သူ့ကိုယ်တိုင် ဘုရားသခင်ကို ကျောက် တုံးနဲ့ လှိမ့်သတ်ဖို့ ကြိုးစားပြန်တယ်။ အဲဒါလည်း မအောင်မြင် တော့ နာဠာဂိရိဆင်ကို အရက်တိုက်ပြီး ဘုရားကို အသတ်ခိုင်းပြန် တယ်။

## ဒေဝဒတ်တောင်းသော အချက်ကြီး ၅ ချက်

အဲဒီအကြံလည်း မအောင်မြင်တော့ ဒေဝဒတ်ဟာ ဘုရားထံသို့ သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



(၁) ရဟန်းများဟာ အသက်ထက်ဆုံး တောရ ဆောက်တည်ပါစေ။ မဆောက်တည်နိုင်ရင် အပြစ်သင့်ပါစေ။
(၂) ရဟန်းများဟာ အသက်ထက်ဆုံး ဆွမ်းခံ၍သာ စားပါစေ။ ဆွမ်းခံပြီး မစားရင် အပြစ်သင့်ပါစေ။
(၃) ရဟန်းများဟာ အသက်ထက်ဆုံး ပံ့သကူ သင်္ကန်းကိုသာ ဝတ်ရုံပါစေ။ မဝတ်ရုံရင် အပြစ်သင့်ပါစေ။
(၄) ရဟန်းများဟာ အသက်ထက်ဆုံး သစ်ပင်ရင်းမှာသာ နေပါစေ။ မနေနိုင်ရင် အပြစ်သင့်ပါစေ။
(၅) ရဟန်းများဟာ အသက်ထက်ဆုံး အမဲသားငါးကို မစားပါစေနဲ့။ စားရင် အပြစ်သင့်ပါစေ ဆိုတဲ့ အချက်ကြီး ငါးချက်ကို ပညတ်ပေးဖို့ လျှောက်ထားတယ်။

ဒီအချက်ကြီး ငါးချက်ဟာ အလွန်ကောင်းတဲ့ အချက်ကြီးတွေဖြစ်ပါတယ်။ အင်မတန် ကောင်းလွန်းတဲ့အတွက်လည်း ဘုရားသခင်ဟာ ဒီအချက်ကြီးတွေကို မကြာခဏ ချီးကျူးခဲ့ပါတယ်။ ဒါပေမဲ့ ဒီအချက်ကြီး ငါးချက်ဟာ ကောင်းလွန်းတဲ့အတွက် ဘုရားသခင်ရဲ့ တပည့်တွေထဲက တချို့သာ လိုက်နာနိုင်ပြီး ရဟန်းအားလုံး ဘယ်နည်းနဲ့မျှ လိုက်နာနိုင်မှာ မဟုတ်ဘူး။ အဲဒီလို ရဟန်းအားလုံးဟာ ဘယ်နည်းနဲ့မှ မလိုက်နာနိုင်တဲ့အတွက် ဒီအချက်ကြီး ငါးချက်ကို ဘုရားသခင်ဟာ ဘယ်နည်းနဲ့မှ လက်ခံမှာ မဟုတ်ဘူး ဆိုတာကို ဒေဝဒတ် ကောင်းကောင်း သိနေတယ်။ အဲဒီတော့ ဒီအချက်ကြီး ငါးချက်ကို ပညတ်ပေးဖို့ တောင်းဆိုခြင်းဟာ ဒေဝဒတ်ကိုယ်တိုင်က ၎င်းတို့ကို သဘောကျ၍ မဟုတ်။ ဘုရားကို အကျပ်ကိုင်လို၍လည်း တောင်းဆိုခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်က ဒီအချက်ကြီး ငါးချက်ကို ပညတ်မပေးနိုင်ဘူးလို့ အမိန့်ရှိလိုက်တဲ့အခါ ရဟန်းတွေကို ဂိုဏ်းခွဲပြီး ရဟန်းအချို့အား သူ့နောက် ခေါ်သွားပါတယ်။

ဒေဝဒတ်နောက်ကို လိုက်ပါသွားတဲ့ ရဟန်းတွေကို ပြန်ခေါ်ဖို့ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်ဟာ ဒေဝဒတ်နဲ့ ရဟန်းများ ရှိရာသို့ လိုက်သွားတဲ့အခါ ဒေဝဒတ်ရဲ့ တပည့်တွေဖြစ်ကြတဲ့ ကောကာလိကနဲ့ သမုဒ္ဒဒတ္တတို့က ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်တို့ မလာကြစေနဲ့လို့ တားကြသေးတယ်။ ဒါပေမဲ့ ဒေဝဒတ်ကတော့ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်ဟာ ဘုရားကိုစွန့်ပြီး သူ့ဘက်ကို ပါလာတယ်လို့ ယူဆတဲ့အတွက် ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်ကို ရဟန်းများအား တရားဟောဖို့ကိုပင် ခွင့်ပြုလိုက်သေးတယ်။ ဒေဝဒတ်ဘက်သို့ နားယောင်ပြီး ပါသွားတဲ့ ရဟန်းတွေဟာ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်ရဲ့ တရားကို နာရတဲ့အခါ ဒေဝဒတ်ကို စွန့်ပြီး ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်နောက်ကို ပြန်ပါသွားကြတယ်။ အဲဒီအခါ ဒေဝဒတ်ရဲ့ တပည့်များဖြစ်တဲ့ ကောကာလိကက ဒေါသထွက်ပြီး ဒေဝဒတ်ရဲ့ ရင်ဝကို ဒူးနဲ့တအား ဆောင့်တိုက်လိုက်ရာ ဒေဝဒတ်မှာ သွေးအန်ရရှာတယ်။

ဒီလို ဒူးနဲ့အတိုက်ခံရပြီး ကိုးလလောက် ကြာတဲ့အခါ ဒေဝဒတ်ဟာ အကြီးအကျယ် နောင်တရတဲ့အတွက် ဘုရားကို ဖူးလိုတယ်။ ဘုရားထံသို့ သူ့ကို ပို့ပေးပါလို့ သူ့တပည့်တွေကို တိုက်တွန်းတယ်။ သူ့တပည့်တွေက ဘုရားနဲ့ တစ်ဂိုဏ်းစီဖြစ်နေတဲ့အတွက် မပို့နိုင်ဘူးလို့ ငြင်းဆန်တဲ့အခါ ဒေဝဒတ်က "တပည့်တို့၊ ဘုရားသခင်ကို ငါကသာ ရန်ငြိုးဖွဲ့နေတာ။ ဘုရားသခင်က ငါ့ကို ဆံခြည်တစ်မျှင်စာမျှ ရန်ငြိုးဖွဲ့ခြင်း မရှိဘူး။ အဲဒီတော့ ဘုရားသခင်ထံကို ရောက်အောင်သာ ငါ့ကို ပို့ကြပါ" လို့ တပည့်တွေကို တိုက်တွန်းပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ ဒေဝဒတ်ကို ထမ်းစင်မှာ တင်ပြီး တပည့်တွေက ဘုရားထံသို့ ပို့ကြတယ်။ အဲဒီလို ဒေဝဒတ် လာနေတဲ့အကြောင်းကို ရဟန်းများက ဘုရားသခင်အား လျှောက်ကြားတဲ့အခါ ဘုရားသခင်က "ရဟန်းတို့၊ ငါဘုရားအား အချက်ကြီး ငါးချက်ကို တောင်းသူမှာ အဲဒီ တောင်းတဲ့နေ့ကစပြီး ငါဘုရားကို ဖူးမျှော်ဖို့ ကုသိုလ်ကံ မရှိတော့ဘူး" လို့ အမိန့်ရှိတယ်။ အဲဒီအခါ ရဟန်းတွေက "အရှင်ဘုရား၊ ဒေဝဒတ်ဟာ ကျောင်းဝိုင်းအဝကို ရောက်နေပါပြီ ဘုရား" လို့ ထပ်မံလျှောက်ထားပြန်တယ်။ ဘုရားသခင်ကလည်း "ငါဘုရားထံမှာ အချက်ကြီး ငါးချက်ကို တောင်းဆိုတဲ့သူဟာ အဲဒီတောင်းဆိုတဲ့နေ့ကစပြီး ငါဘုရားကို ဖူးမျှော်နိုင်ဖို့ ကံမရှိတော့ဘူး" လို့ ထပ်မံအမိန့်ရှိပြန်တယ်။ ဒေဝဒတ်လည်း မြတ်စွာဘုရားကို မဖူးရခင် ဘုရားသခင် သီတင်းသုံးတော်မူတဲ့ ကျောင်းတော်သို့ လာတဲ့လမ်းမှာပဲ ကံကုန်ရရှာတယ်။

## ပရိနိဗ္ဗာန်စံချိန်

ဘုရားသခင်ဟာ ၄၅ နှစ်လုံးလုံး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါများစွာတို့ရဲ့ အကျိုးကို အစွမ်းကုန် ဆောင်ရွက်ပြီးနောက် သုံးလကြာတဲ့အခါ ပရိနိဗ္ဗာန်ပြုမယ်လို့ ဝေသာလီပြည် စာပါလစေတီအရပ်မှာ သီတင်းသုံးတော်မူစဉ် တပည့် သံဃာတော်များအား တပို့တွဲလပြည့်နေ့မှာ မိန့်တော်မူပါတယ်။ ကဆုန်လပြည့်နေ့မှာ ဘုရားသခင်ဟာ ပရိနိဗ္ဗာန်ပြုရန် တပည့်သံဃာအပေါင်းနဲ့တကွ ကုသိနာရုံပြည်သို့ ရောက်ရှိလာပါတယ်။ အဲဒီအခါ ညီတော်အာနန္ဒာက "အရှင်ဘုရား၊ ကုသိနာရုံပြည်ဟာ သစ်ပင်ကြီးရဲ့ အကိုင်းအခက်လောက်နှင့်သာ တူပါတယ်။ အဲဒါကြောင့် အရှင်ဘုရားဟာ ဒီလို တိုင်းငယ်ပြည်ငယ်

www.burmeseclassic.com

www.burmeseclassic.com



မှာ ပရိနိဗ္ဗာန်မစံပါနဲ့။ ပင်မကြီးနဲ့တူတဲ့ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ စမ္ပာ အစရှိတဲ့ တိုင်းကြီးပြည်ကြီးတွေမှာ ပရိနိဗ္ဗာန် ပြုတော်မူပါ" လို့ လျှောက်ထားတယ်။ အဲဒီအခါ ဘုရားသခင်က "ချစ်သား အာနန္ဒာ၊ ကုသိနာရုံကို အထင်မသေးနဲ့။ ဒီကုသိနာရုံပြည်ဟာ တစ်ခါတုန်းက ကုသဝတီအမည်နဲ့ အလွန်ကြီးကျယ် စည်ကားထင်ရှားခဲ့တဲ့ တိုင်းကြီး ပြည်ကြီးတစ်ခု ဖြစ်ခဲ့ဖူးတယ်" လို့ အစချီပြီး မဟာသုဒဿသုတ်ကို တပည့်သံဃာများအား နေဝင်ချိန်လောက်မှာ ဟောကြားတော်မူပါ တယ်။

ညဉ့်ဦးယံအချိန်မှာ မလ္လာမင်းတွေကို တရားဟောပြန်တယ်။ သန်းခေါင်းယံအချိန် ရောက်တဲ့အခါ သုဘဒ္ဒ ဆိုတဲ့ ပရိဗိုဇ်တစ်ဦးဟာ မေးခွန်းမေးဖို့အတွက် ဘုရားသခင်ထံသို့ ရောက်လာတယ်။ အဲဒီအခါ ညီတော်အာနန္ဒာက ဘုရားသခင် အလွန်ပင်ပန်းနေတဲ့အတွက် ဘုရား သခင်ထံသို့ မသွားဖို့ရန် သုဘဒ္ဒပရိဗိုဇ် ကို တားမြစ်ပါတယ်။

အဲဒီလို တားမြစ်တာကို ဘုရားသခင် သိတော်မူတဲ့အတွက် "အာနန္ဒာ၊ သုဘဒ္ဒ ကို မတားမြစ်နဲ့။ ငါနဲ့တွေ့ရရင် သုဘဒ္ဒမှာ အကျိုးရှိလိမ့်မယ်။ လာပြီးတွေ့ပါစေ" လို့ ညီတော်အာနန္ဒာကို အမိန့်ရှိ လိုက်တယ်။ သုဘဒ္ဒပရိဗိုဇ်ဟာ ဘုရားနဲ့ တွေ့ပြီး တရားကို ကြား နာရတဲ့အတွက် ဘုရားပရိနိဗ္ဗာန် မပြုမီပင် ရဟန္တာဖြစ်သွားပါတယ်။

သုဘဒ္ဒကို ချွတ်ပြီးတဲ့နောက် မိုးသောက်ချိန် ရောက်လာသဖြင့် တပည့်သံဃာ အပေါင်းတို့အား တရားဟောတော်မူပြန်ပါတယ်။ အဲဒီတရားရဲ့ အဆုံးမှာ နောက်ဆုံး ဆုံးမတော်မူတဲ့အနေနဲ့

**"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊**

**ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"**

"ရဟန်းတို့... ယခုအချိန်၌ သင်တို့အား ငါဘုရား မှာကြား

www.burmeseclassic.com

www.burmeseclassic.com



တော်မူခဲ့မည်။ သခၤါရတရားတို့သည် ပျက်စီးတတ်သောသဘာဝ ရှိကုန်၏။ သင်တို့သည် မမေ့ မလျော့ဘဲ ကောင်းသော သတိနှင့် ပြည့်စုံကြကုန်လော့"

လို့ အဆုံးသတ် ဟောကြားပြီး မြတ်စွာဘုရားဟာ ပရိနိဗ္ဗာန် စံဝင်တော်မူသွားပါတယ်။ ။

□

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓသာသနာ အရေးတော်ပုံ

## မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးသည့်နောက် ဖြစ်ပေါ်လာခဲ့သော ဗုဒ္ဓသာသနာတော်အကြောင်း

### သဘာပတိနှင့် လူကြီးမင်းများခင်ဗျား

မြတ်စွာဘုရားဟာ သက်တော်ကြီးရင့် အိုမင်းလာတော်မူတဲ့အခါမှာ တပည့်သာဝကတွေထဲမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်လျှင် သံဃအဖွဲ့ကို အဘယ် မထေရ် ဦးဆောင်ပါမလဲလို့ တွေးတောတဲ့သူတွေ ရှိကြမှာပဲ။ ဒီလို တွေးတောကြသူတွေထဲမှာ ဒေဝဒတ်ဟာလည်း တစ်ပါးပါတယ်။

### သံဃခေါင်းဆောင် ရွေးချယ်ရေးကိစ္စ

ကျွန်တော် ပြောခဲ့တဲ့ ပထမဟောပြောချက်မှာဆိုရင် မြတ်စွာဘုရားဟာ သက်တော်ကြီးရင့်လာပြီဖြစ်တဲ့အတွက် သံဃအဖွဲ့ကြီးကို သူ့အား လွှဲပေးသင့်ကြောင်း ဒေဝဒတ်က မြတ်စွာဘုရားကို လျှောက်

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တယ်ဆိုတဲ့ အချက်ကို ပြောခဲ့ပါပြီ။ မြတ်စွာဘုရားဟာ ဒေဝဒတ်ရဲ့ လျှောက်ထားချက်ကို ငြင်းပယ်တော်မူခဲ့ပါတယ်။ ဒါပေမဲ့ ဒေဝဒတ်က သုံးကြိမ်တိုင်တိုင် လျှောက်ထားတောင်းခံလေတော့ မြတ်စွာဘုရားက ငါရဲ့တပည့် အဂ္ဂသာဝကကြီးများဖြစ်ကြတဲ့ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ကိုတောင်မှ သံဃအဖွဲ့ကို ငါလွှဲမပေးပါဘဲနှင့် သင်ဒေဝဒတ်အား ငါလွှဲပေးလို့ ဘယ်ဖြစ်နိုင်မှာလဲလို့ မိန့်တော်မူတယ်။

ဒီအခါမှာ ဒေဝဒတ်ဟာ မြတ်စွာဘုရားကို အမျက်သိုအငြိုးထားပြီး သူ့ရဲ့ ဒကာရင်းဖြစ်တဲ့ အဇာတသတ်မင်းသားကို "ကျွန်ုပ်က ဘုရားကို သတ်မယ်။ သင်မင်းသားက ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီး နန်းကိုယူပါ" လို့ အကြံပေးတယ်။ မြတ်စွာဘုရား အသတ်ခံရလို့ ပရိနိဗ္ဗာန်ဝင်ရင် အဇာတသတ်မင်းက ဒေဝဒတ်ကို သံဃအဖွဲ့ခေါင်းဆောင်အဖြစ်နဲ့ အသိအမှတ်ပြုလိမ့်မယ်လို့ ဒေဝဒတ်ဟာ မျှော်လင့်ခဲ့တယ်။ ဒါ့ကြောင့် ဒေဝဒတ်ဟာ ဘုရားကိုသတ်ဖို့ သုံးကြိမ်သုံးခါ ကြိုးစားတယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး။

မအောင်မြင်တဲ့ အဆုံးမှာ အဖော် ၂ ဦး ၃ ဦးနဲ့ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ရဟန်းတို့ လက်ရှိကျင့်သုံးနေတဲ့ သိက္ခာပုဒ်တော်တွေအပြင် နောက်ထပ်သိက္ခာပုဒ်အသစ် ငါးပါးကို ပညတ်ပေးဖို့ လျှောက်ထား အကြံပေးပြန်တယ်။ သူအကြံပေးတဲ့ သိက္ခာပုဒ်အသစ် ငါးပါးဟာ အင်မတန် ကျပ်တည်းလွန်းတော့ ဒီသိက္ခာပုဒ်အသစ် ငါးပါးကိုသာ မြတ်စွာဘုရားက ပညတ်ပေးတော်မူလိုက်ရင် သံဃအဖွဲ့ထဲမှာ မကျင့်နိုင်တဲ့ ပုဂ္ဂိုလ်များအတွက် အကျိုးမဲ့ဖြစ်ဖွယ်ကသာ များနေတယ်။ အကယ်၍ မြတ်စွာဘုရားဟာ ဒေဝဒတ် အကြံပေးတဲ့ သိက္ခာပုဒ်ငါးပါးကို ငြင်းလိုက်မယ်ဆိုရင်လည်း လက်ရှိသိက္ခာပုဒ်တွေဟာ လျော့ရဲရဲနိုင်လှတယ်လို့ ဒေဝဒတ်ဟာ စွပ်စွဲမှာပဲ။ ဒါပေမဲ့ မြတ်စွာဘုရားဟာ

www.burmeseclassic.com

www.burmeseclassic.com



ဒေဝဒတ်ရဲ့ သိက္ခာပုဒ်အသစ်တွေကို တကယ်လိုအပ်သော သိက္ခာပုဒ်များ မဟုတ်တဲ့အတွက် ငြင်းပယ်လိုက်တယ်။

ဒီလိုငြင်းပယ်လိုက်တာကို အကြောင်းပြုပြီး ဒေဝဒတ်ဟာ သူ့အကြံအစည်အတိုင်း သံဃာထဲမှာ ဂိုဏ်းကွဲအောင် ကြိုးစားတော့တာပဲ။ ဒါပေမဲ့ သူ့အကြံအစည်ဟာ မအောင်မြင်ခဲ့ဘူး။ နောက်ဆုံး ဒေဝဒတ်သာလျှင် မြေမျိုပြီး သေသွားတယ်။ ဒေဝဒတ် မြေမျိုသေဆုံးတဲ့အတွက် ဂိုဏ်းကွဲမှု အန္တရာယ်ကြီးဟာ ကွယ်ပျောက်သွားခဲ့တယ်။ သံဃခေါင်းဆောင် ရွေးချယ်ရေးကိစ္စကတော့ အေးမသွားလှဘူး။ သံဃာတွေရဲ့ စိတ်ထဲမှာ တအုံနွေးနွေး ဖြစ်နေသေးတာပဲ။

## သံဃအတွက် ရှင်အာနန္ဒာ လျှောက်ထားချက်

မြတ်စွာဘုရား ကုသိနာရုံအသွား ဝေသာလီပြည် ဗေလုဝရွာအရောက်မှာ ပြင်းထန်တဲ့ရောဂါကို ခံစားရပါတယ်။ အဲဒီရောဂါက ပျောက်ကင်းစအချိန်မှာ ရှင်အာနန္ဒာက "ဘုန်းတော်ကြီးမြတ်လှသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် သံဃအဖွဲ့နှင့်ပတ်သက်၍ နောက်ဆုံး ဩဝါဒတစ်ခုခုကိုမပေးဘဲ ပရိနိဗ္ဗာန် ဝင်တော်မမူပါနဲ့ဦးဘုရား" လို့ မြတ်စွာဘုရားကို လျှောက်ထားတယ်။ ဒီတော့ မြတ်စွာဘုရားက "ချစ်သား အာနန္ဒာ...၊ သံဃအဖွဲ့နှင့် ပတ်သက်၍ ငါဘုရားထံမှ အဘယ်သို့သော ဩဝါဒကိုပေးဖို့ လိုပါမည်နည်း။ ငါဘုရားသည် တရားတော်ကို အတွင်းအပြင် အကွင်းမဲ့ ဟောခဲ့ပြီ။ 'သံဃအဖွဲ့ကို ငါသာလျှင် ဦးဆောင်မယ်။ သံဃအဖွဲ့ကလည်း ငါ့ကိုသာလျှင် ခေါင်းဆောင် အဖြစ် ထားရမယ်' ဆိုတဲ့စိတ်ထား ရှိသူမျိုးသာလျှင် သံဃအဖွဲ့အတွက် ဩဝါဒပေးဖို့ လိုပေလိမ့်မည်။ ငါဘုရားမှာကား 'သံဃအဖွဲ့ကို ငါသာ ဦးဆောင်မယ်။ သံဃအဖွဲ့ကလည်း ငါ့ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်အဖြစ် ထားရမယ်' ဆိုတဲ့စိတ်မျိုး လုံးဝ မရှိ။ ဒီလိုမရှိဘဲနဲ့ ငါဘုရားသည် သံဃအဖွဲ့အတွက် အဘယ်ကြောင့် ဩဝါဒပေးရပါမည်လဲ" လို့ ပြန်လည် မိန့်တော်မူတယ်။

နောက်တစ်ခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်ခါနီး အင်ကြင်းပျို နှစ်ပင်အကြား လဲလျောင်းနေတော်မူစဉ် ညီတော်အာနန္ဒာက "ဝါကျွတ်ကာလ ဝါမှထကာ မြတ်စွာဘုရားထံသို့ လာရောက်ဖူးမျှော်လေ့ရှိတဲ့ အရပ်လေးမျက်နှာက ရဟန်းတော်များကို တပည့်တော်တို့ ဖူးတွေ့ကြရပါတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်ပြီးသည့်နောက် အဲဒီ ရဟန်းတော်များကို ဖူးမျှော်ခွင့်ရတော့မည် မဟုတ်ပါ" လို့ မြတ်စွာဘုရားအား လျှောက်ပြန်တယ်။ ဒီလျှောက်ချက်ကိုလည်း မြတ်စွာဘုရားက ရဟန်းများဟာ

BURMESE CLASSIC .com

(၁) ငါဘုရား ဖွားမြင်တော်မူရာ ဒေသ

(၂) သစ္စာလေးပါးကို ကောင်းစွာသိမြင်၍ ဘုရားအဖြစ် ရောက်တော်မူရာ ဒေသ

(၃) ငါဘုရားရဲ့ ပထမဦးဆုံး ဓမ္မစကြာတရားမြတ်ကို ဟောကြားတော်မူရာ ဒေသ

(၄) ငါဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာ ဒေသ

ဤဒေသ (၄) ခုသို့ ဖူးမြော်ရန် လာကြလိမ့်မယ်လို့ မိန့်ကြားမြေဆိုခဲ့တယ်။

## ဓမ္မဝိနယသည် သင်တို့ရဲ့ဆရာ

တစ်ဖန် မြတ်စွာဘုရားက "ချစ်သား အာနန္ဒာ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားတဲ့အတွက် တရားတော်တွေဟာ ပိုင်ရှင်မြတ်စွာဘုရား မရှိတော့ဘူး။ ငါတို့ကို ဆိုဆုံးမမည့် ဆရာသခင် မရှိတော့ဘူးလို့ သင်

www.burmeseclassic.com

www.burmeseclassic.com



တို့ ရဟန်းများအနက် အချို့သော ရဟန်းများက တွေးထင်ကြလိမ့်မယ်။ ဒီလိုလည်း မတွေးအပ်ဘူး။ ငါဘုရား ပရိနိဗ္ဗာန်စံသွားပြီးတဲ့နောက် ငါဘုရား ဟောကြားထားတဲ့ တရားဓမ္မနဲ့ ဝိနည်းတို့ဟာ သင်ရဟန်းတို့အား ဆုံးမမယ့်ဆရာပင် ဖြစ်တယ်" လို့ ပရိနိဗ္ဗာန် ဝင်အံ့ဆဲဆဲ နောက်ဆုံးမိန့်မှာခြင်းဖြင့် မိန့်မှာတော်မူခဲ့တယ်။ အဲဒီ ဘုရားရှင်ရဲ့ နောက်ဆုံးမိန့်မှာချက်ကို ထောက်ကြည့်ရင် ဘုရားရှင် ပရိနိဗ္ဗာန်ဝင်ပြီးတဲ့နောက် ဘုရားရှင်နေရာမှာ ဘယ်သူ ဆက်ခံမလဲဆိုတဲ့ ပြဿနာဟာ ပေါ်လွင်စရာ မလိုတော့ပါဘူး။ ဘုရားရှင်မရှိတဲ့နောက် ဓမ္မနဲ့ ဝိနယသာလျှင် သံဃအဖွဲ့တို့ရဲ့ ဆရာဖြစ်တယ်ဆိုတဲ့ အချက်ဟာ ထင်ရှားနေပါတယ်။ နောက်ပြီးတော့ မြတ်စွာဘုရားဟာ သံဃအဖွဲ့ရဲ့စည်းဝေးခြင်း၊ ဆွေးနွေးခြင်း၊ သဘောတူ ဆုံးဖြတ်ခြင်း အစရှိတဲ့ ဒီမိုကရေစီကျကျ ဆောင်ရွက်ပုံမျိုးကိုလည်း အထူးပဲအားပေးပြီး ဆောင်ရွက်တော်မူခဲ့တယ်။ ငါဘုရား မရှိပေမဲ့ ဓမ္မနဲ့ဝိနည်း တည်နေသမျှ ကာလပတ်လုံး သံဃအဖွဲ့ကြီးဟာ မပျက်မစီး၊ မပျောက်မကွယ်နိုင်ဘူးဆိုတဲ့အချက်ကိုလည်း လေးလေးနက်နက် မိန့်ကြားခဲ့ပါတယ်။

## ရှင်မဟာ ကဿပ

မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်သွားတော့ လက်ယာရံ၊ လက်ဝဲရံ၊ အဂ္ဂသာဝကကြီးများဖြစ်တဲ့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်မထေရ်ကြီးများဟာ မရှိတော့ပါဘူး။ ပရိနိဗ္ဗာန် ဝင်ပြီးကြပါပြီ။ ဒါကြောင့် ထိုအခါမှာ ထင်ရှားရှိတဲ့ သံဃာတော်တွေထဲမှာ ရှင်မဟာကဿပ သာလျှင် ဝါတော်အရ အကြီးဆုံးဖြစ်ပါတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်တော့ ရှင်မဟာကဿပ မထေရ်ကြီးဟာ ပါဝါပြည်နဲ့ ကုသိနာရုံအကြား ခရီးလမ်းမှာ တပည့်ရဟန်း ငါးရာနဲ့အတူ ဘုရားရှင်ထံ ဖူးမြော်ရန် လာနေကြတုန်းဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို လာနေကြတဲ့အခါမှာ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်ပြီဆိုတဲ့ အကြောင်းကို အာဇီဝက တစ်ဦးဆီက ကြားကြတော့ ရဟန်းများဟာ ပြင်းပြစွာ ငိုကြွေးကြတယ်။

## ရဟန်းကြီး သုဘဒ္ဒ

ဒါပေမဲ့ ရဟန်းကြီးသုဘဒ္ဒက "ငါ့ရှင်တို့၊ အဘယ်ကြောင့် ငို ကြွေးကြရသလဲ။ မငိုကြွေးကြနဲ့။ မြတ်စွာဘုရားဟာ ငါတို့ကို ဤအမှု မပြုနဲ့၊ ဤအမှုကိုသာပြု၊ ဤသို့နေရမယ် စသည်ဖြင့် ပိတ်ပင် တားမြစ်ခဲ့တယ်။ ယခုအခါ ဆိုရင် ငါတို့ဟာ မြတ်စွာဘုရားရဲ့ လက်မှ လွတ်ကြပေပြီ။ ငါတို့ အလိုရှိတိုင်း ပြုကြရတော့မယ်။ ငါတို့ အလို မရှိတဲ့အလုပ်ကို ငါတို့ မလုပ်ဘဲနေနိုင်တော့မယ်" လို့ ဝမ်းမြောက် ဝမ်းသာ ပြောတယ်။

## သင်္ဂါယနာတင်ဖို့ အရေးကြီးပြီ

အဲဒီ သုဘဒ္ဒရဲ့ စကားကိုကြားတော့ ရှင်မဟာကဿပ ဟာ မြတ်စွာဘုရားတော့ ပရိနိဗ္ဗာန် ဝင်တော်မူလေပြီ။ အဲဒီတော့ ဘုရားရဲ့ အဆုံးအမတော်များနဲ့ ပတ်သက်ပြီး ယုံမှားသံသယ ဖြစ်နေတာတွေ၊ စိတ်ဓာတ်ပျက်ယွင်း ကျဆုံးနေတာတွေ မပေါ်ပေါက်ရအောင် မြတ်စွာ ဘုရား ဟောကြားတော်မူခဲ့တဲ့ တရားနဲ့ ဝိနည်းတော်တွေကို စုပေါင်း သိမ်းရုံးပြီး မှတ်တမ်းတင်ဖို့အတွက် သင်္ဂါယနာတင်ဖို့ကိစ္စဟာ အရေး တကြီး ဖြစ်လာပြီလို့ သိမြင်တော်မူလာတယ်။ ဒါပေမဲ့ ပထမဦးဆုံး မြတ်စွာဘုရားရဲ့ အလောင်းတော် သင်္ဂြိုဟ်ရာအရပ်ကို ရောက်ဖို့ လိုအပ်တဲ့အတွက် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံသို့ ကြွ လာတော်မူခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဒေါနပုဏ္ဏား ဓာတ်တော်ဝေခြင်း

မြတ်စွာဘုရားရဲ့ အလောင်းတော်ကို သင်္ဂြိုဟ်သမှုပြုလို့ တေဇော ဓာတ် လောင်ပြီးတဲ့နောက် ကျန်ရစ်တဲ့ ဓာတ်တော် မွေတော်တွေကို ဒေါဏပုဏ္ဏားက ဇမ္ဗူဒီပါကျွန်းရှိ မင်း ၈ ပါးတို့အား ခွဲဝေပေးခဲ့တယ်။ ဓာတ်တော်မွေတော် ရရှိကြတဲ့ မင်းများကလည်း ကိုယ့်ဒေသ ကိုယ့် တိုင်းပြည် အသီးသီးမှာ ဒီ ဓာတ်တော်၊ မွေတော်တွေကို ဌာပနာပြီး စေတီပုထိုးများကို တည်ထားကိုးကွယ်ကြတယ်။ နောက်ခေတ်များ မှာဆိုရင် ဒီဓာတ်တော်၊မွေတော်တွေဟာ ဗုဒ္ဓသာသနာတော် ပြန့်ပွားရာ ပြန့်ပွားကြောင်းအတွက် များစွာ အထောက်အပံ့ပေးခဲ့ပါတယ်။

## သာသနာ့ဒါယကာ အဇာတသတ်

မြတ်စွာဘုရားရဲ့ အလောင်းတော်ကို ဖုတ်ကြည်းသင်္ဂြိုဟ်သမှု ကိစ္စအဝဝ ပြီးမြောက်တဲ့အခါမှာ ရှင်မဟာကဿပမထေရ် ဟာ တပည့် ရဟန်းအများ ခြံရံပြီး ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူတယ်။ ဒီအချိန် မှာဆိုရင် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်ဟာ ဒေဝဒတ် မြေမျို ခံရပြီးတဲ့နောက် သတိ သံဝေဂရပြီး ခမည်းတော် ဗိမ္ဗိသာရ မင်းကြီး နည်းတူ မြတ်စွာဘုရားရဲ့ တရားတော်မှာ သဒ္ဓါပွားပြီး သာသနာ့ ဒါယကာအဖြစ်ကို ခံယူရတဲ့အချိန် ဖြစ်တယ်။ ဒါကြောင့် ရှင်မဟာ ကဿပဟာ သာသနာ့ဒါယကာဖြစ်တဲ့ အဇာတသတ်မင်းရဲ့ အစောင့်အရှောက် အထောက်အပံ့နဲ့ ပထမသင်္ဂါယနာသဘင်ကို ကျင်းပခဲ့တယ်။ ရှင်မဟာကဿပဆိုရင် ဓုတင်အကျင့်မှာ တေဒဂ်ရခဲ့ တယ်။ ဝါတော်လည်း အကြီးဆုံး ဖြစ်တယ်။

ဒါကြောင့် ဒီပထမ သင်္ဂါယနာပွဲတော်မှာ နာယကအဖြစ် ဆောင် ရွက်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## သင်္ကန်းချင်း လဲသည့်အဓိပ္ပာယ်

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်တုန်းကပဲ ရှင်မဟာကဿပဟာ ရဟန်းအချို့ရဲ့ ဝိနည်းအကျင့် ပေါ့လျော့မှုတွေကို မြင်တွေ့ခဲ့တဲ့အတွက် ဘုရားရဲ့ အဆုံးအမကို လျှောက်တောင်းခဲ့ဖူးတယ်။ သူကိုယ်တိုင်ကလည်း ဓုတင် ၁၃ ရပ်ကို အမြဲမပြတ် ကျင့်ဆောင်ခဲ့တယ်။ ကျွန်တော် အရင် "သံဃအပိုင်း" မှာ ပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရားနဲ့ ရှင်မဟာကဿပမထေရ်တို့ သင်္ကန်းချင်း လဲလှယ်တာဟာ ကိုယ်တော်မြတ် ပရိနိဗ္ဗာန်ဝင်ရင် သံဃအဖွဲ့ကို ရှင်မဟာကဿပက စောင့်ရှောက်ပြီး ပထမသင်္ဂါယနာ တင်လိမ့်မယ်ဆိုတဲ့ အကြောင်းကို မြတ်စွာဘုရားဟာ ကြိုတင်သိမြင်တော်မူလို့သာ သင်္ကန်းချင်းလဲလှယ်တယ်လို့ ယူဆကြပါတယ်။

## ဝါကြီးဝါငယ် အခေါ်အဝေါ်

ပရိနိဗ္ဗာန်ဝင်ခါနီး မြတ်စွာဘုရားရဲ့ နောက်ဆုံး မိန့်မှာချက်မှာလည်း ပရိနိဗ္ဗာန်ဝင်ပြီးတဲ့ နောက်ရဟန်းများဟာ တစ်ပါးကိုတစ်ပါး ယခုအခါ ခေါ်ဝေါ်သုံးစွဲနေကြတဲ့ "ငါ့ရှင်" ဆိုတဲ့ အာလုပ်စကားမျိုးကို မသုံးစွဲပါနဲ့။ ဝါငယ်တဲ့ရဟန်းက ဝါကြီးတဲ့ရဟန်းများကို "အရှင်ဘုရား" လို့ ခေါ်ဝေါ်သုံးစွဲရမယ်။ ဝါကြီးတဲ့ရဟန်းက ဝါငယ်တဲ့ ရဟန်းကို နာမည်နဲ့ပဲဖြစ်ဖြစ်၊ အနွယ်အမည်နဲ့ပဲဖြစ်ဖြစ် "ငါ့ရှင်" ဆိုတဲ့ အာလုပ်စကားနဲ့ပဲ ခေါ်ကြရမယ်လို့ မိန့်တော်မူခဲ့တယ်။ ဒီလို အခေါ်အဝေါ် အသုံးအစွဲကို ပညတ်တော်မူခဲ့တာဟာ စင်စစ်မှာ ဝါကြီး ဝါငယ်အလိုက် ရိုသေလေးစားသင့်ကြတယ်ဆိုတဲ့ သဘောပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## ရဟန္တာ ၄၉၉ ပါး

ရှင်မဟာကဿပဟာ စုဝေးရောက်ရှိလာကြတဲ့ ရဟန်း မြောက်မြားစွာထဲက ပုထုဇဉ်ရဟန်း၊ ချာန်မရသေးတဲ့ ရဟန်းတွေကို ချန်ထားပြီး အများအားဖြင့် တေဒဂ်၊ ပဋိသမ္ဘိဒါ၊ တေဝိဇ္ဇာ၊ အဘိညာဉ် အစရှိတဲ့ ဂုဏ်ထူးဝိသေသရှိတဲ့ ရဟန္တာ ၄၉၉ ပါးကို သင်္ဂါယနာ အတွက် ရွေးကောက်တော်မူတယ်။ သူကိုယ်တိုင်ကလည်း သိက္ခာဝါအရင့်ဆုံးဖြစ်တဲ့အတိုင်း သင်္ဂါယနာရဲ့ နာယကအဖြစ်နဲ့ သင်္ဂါယနာ ဝန်ဆောင်အဖွဲ့မှာ ပါဝင်ခဲ့တယ်။ သင်္ဂါယနာအတွက် ရဟန္တာ ၅၀၀ မဟုတ်ဘဲ ရဟန္တာ ၄၉၉ ပါးကိုသာ ရွေးကောက်ခြင်းက အရှင်အာနန္ဒာအတွက် တစ်နေရာချန်ထားချင်လို့ ဖြစ်တယ်။

## ပထမသင်္ဂါယနာနှင့် အရှင်အာနန္ဒာ

ဘာကြောင့်လဲဆိုတော့ အရှင်အာနန္ဒာဟာ မြတ်စွာဘုရားရဲ့ အပါးတော်မှာ အမြဲပြုစုလုပ်ကျွေးခွင့် ရသူဖြစ်တဲ့အတွက် ဘုရားဟော ဒေသနာ မှန်သမျှကို သူ့ကိုယ်တိုင် နားနဲ့ဆတ်ဆတ် နာကြားဖူးသူ ဖြစ်တယ်။ ဒီတော့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရား ဒေသနာများကို စိစစ်ပြီး မှတ်တမ်းတင်ရမယ့် သင်္ဂါယနာပွဲမှာ အရှင်အာနန္ဒာ မပါလျှင် မပြီးနိုင်အောင် ဖြစ်နေတယ်။ ဒီအချိန်အခါကဆိုရင် အရှင်အာနန္ဒာဟာ ချာန်သမာပတ်ရတဲ့ ရဟန္တာ မဖြစ်သေးဘူး။ ဒါပေမဲ့ အရှင်အာနန္ဒာရဲ့ ဂုဏ်အရည်အချင်းကို သိတော်မူကြတဲ့ ရဟန်း အပေါင်းကတော့ အရှင်အာနန္ဒာဟာ ရဟန္တာမဟုတ်သေးပေမဲ့ ဓမ္မ အရာမှာ သူ့ထက် ကျွမ်းကျင်သူ မရှိဘူး။ အကြွင်းမဲ့ တတ်သိတဲ့ ပုဂ္ဂိုလ်မြတ် ဖြစ်တယ်။ ဒါကြောင့် သူ့ကိုပါ ရွေးကောက်ပါလို့ တောင်းပန်ကြတဲ့အတွက် အရှင်အာနန္ဒာကို ရွေးချယ် တင်မြှောက် ရခြင်း ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်အာနန္ဒာဟာ မြတ်စွာဘုရားရှိစဉ်က ဘုရားကို ကြည်ညို မြတ်နိုးတဲ့ စိတ်တစ်ခုတည်းနဲ့ မြတ်စွာဘုရားကို ရေပူရေချမ်း ကမ်း လှမ်း လုပ်ကျွေးနေပြီး သောတာပန်ဘဝနဲ့သာ နေခဲ့သူ ဖြစ်တယ်။ ဒီတော့ အရှင်အာနန္ဒာကို အခုလို ရဟန္တာတွေထဲဝင်ပြီး သင်္ဂါယနာ တာဝန်ကို ထမ်းဆောင်ခွင့် ပေးလိုက်တယ်ဆိုတော့ ရဟန်းအချို့က အရှင်အာနန္ဒာအား ရဟန္တာဖြစ်အောင် အားထုတ်ဖို့ တိုက်ရိုက် တိုက် တွန်းကြတယ်။ အချို့ကလည်း စောင်းချိတ်ပြောဆိုပြီး တိုက်တွန်းကြ တယ်။ ဒါနဲ့ အရှင်အာနန္ဒာကလည်း အလွန်အမင်း သံဝေဂရပြီး တစ်ညလုံး စင်္ကြံကြွကာ ကာယဂတာ သတိ ကမ္မဋ္ဌာန်းကို စီးဖြန်း လိုက်တော့ သင်္ဂါယနာတင်မယ့် မနက်မှပဲ အရဟတ္တဖိုလ်သို့ရောက်ပြီး ရဟန္တာအဖြစ်ကို ရတယ်။ ဒါကြောင့် အရှင်အာနန္ဒာဟာလည်း သင်္ဂါ ယနာပွဲမှာ ဝင်ရောက်ထမ်းရွက်နိုင်ခဲ့တယ်။

## မေးဖြေနည်း

ဒီသင်္ဂါယနာပွဲမှာ လိုက်နာကျင့်သုံးတဲ့နည်းကတော့ အမေးထုတ် ပြီး အဖြေပေးရတဲ့ မေးဖြေနည်းဖြစ်တယ်။ ဒီတော့ နာယကမထေရ် ရှင်မဟာကဿပမေးတဲ့ ဝိနည်းတော်တွေကို ဝိနယဓရ ဧတဒဂ်ရတဲ့ ဉပါလိ မထေရ်မြတ်က စုံလင်အောင် ဖြေကြားတယ်။ တရားဒေသနာ နဲ့ ပတ်သက်တဲ့ အမေးများကိုတော့ ဘုရားဟောဒေသနာအားလုံး သိမ်းကျုံးသိတော်မူတဲ့ အရှင်အာနန္ဒာ မထေရ်မြတ်က စုံလင်စွာ ဖြေ ကြားတော်မူတယ်။ ဒီလို အမေးအဖြေလုပ်တဲ့နေရာမှာ မည်သည့် သိက္ခာပုဒ်ကို မည်သည့်အခါမှာ မည်သူ့အား အကြောင်းပြု၍ မည် သည့် အရပ်၌ ပညတ်ခဲ့ကြောင်း၊ သိက္ခာပုဒ်ကို မည်သည့်အခါမှာ မည်သည့်အကြောင်းကြောင့် မည်ကဲ့သို့ ထပ်မံပြင်ဆင်ခဲ့ကြောင်းတို့

www.burmeseclassic.com

www.burmeseclassic.com



ကို မေးသည့်အတိုင်း စုံလင်စွာ ဖြေကြားတော်မူကြရတယ်။ ဒီလို သိက္ခာပုဒ်တော်တို့နဲ့ ပတ်သက်ပြီး ကုန်စင်အောင် မေးမြန်းဖြေကြား ပြီးကြတဲ့အဆုံးမှာ ဝိနည်းပိဋကတော်ကို ရဟန္တာငါးရာအဖွဲ့က စုပေါင်း ရွတ်ဆို သဘောတူ အတည်ပြုတော်မူကြတယ်။ တရားဒေသနာတော် တို့ကိုလည်း ဒီနည်းအတိုင်း အရှင်အာနန္ဒာနဲ့ အမေးအဖြေ ပြုကြ တယ်။ ပြီးတဲ့အခါမှာ အရှင်အာနန္ဒာက မြတ်စွာဘုရားဟာ ပရိနိဗ္ဗာန် ဝင်ခါနီးမှာ သေးငယ်တဲ့ သိက္ခာပုဒ်တို့ကို သံဃာများက အလိုရှိပါ က နုတ်ပယ်နိုင်တယ်လို့ မိန့်ကြားသွားကြောင်း။ ဒါပေမဲ့ ဘယ် သိက္ခာပုဒ်များဟာ သေးငယ်တဲ့ သိက္ခာပုဒ်များ ဖြစ်တယ်လို့ မိမိ မမေးလိုက်မိကြောင်း ဝန်ခံပြောဆိုတယ်။

## သင်္ဂါယနာ၏ ရည်ရွယ်ချက်

ဒါကြောင့် သင်္ဂါယနာ ဝန်ဆောင်အဖွဲ့ဟာ ရှင်ဥပါလိ ရှင်းလင်း ဖြေကြားတဲ့ ဝိနည်းတော်အားလုံးကိုပဲ ဆက်လက် ထိန်းသိမ်းကြဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒီလို သင်္ဂါယနာတင်ပြီး အတည်ပြုခဲ့တဲ့ ပိဋကတ် တော်ကို ဟိုအချိန်ကဆိုရင် ဆရာအစဉ်အလိုက် အာဂုံရွတ်ဆိုပြီး ကျက်မှတ် ထိန်းသိမ်းကြပါတယ်။ ဒီခေတ်အခါတုန်းက စာနဲ့ ရေး သားခြင်း မရှိသေးပါဘူး။ သင်္ဂါယနာရဲ့ အဓိက ရည်ရွယ်ချက်ကတော့ မြတ်စွာဘုရားရဲ့ အဆုံးအမဖြစ်တဲ့ ဓမ္မဝိနယတို့ကို ပြုပြင်ပြောင်းလဲ ခြင်း မရှိစေဘဲ မှန်ကန်သန့်ရှင်းစွာ ထိန်းသိမ်းထားဖို့နဲ့ သံဃဂိုဏ်း ကွဲမှု မရှိစေဘဲ တပေါင်းတစည်းတည်းဖြစ်ကာ သံဃအဖွဲ့ကြီး စည်းလုံး ညီညွတ်စေဖို့ပဲ ဖြစ်ပါတယ်။

## ဒုတိယ သင်္ဂါယနာ

ပထမ သင်္ဂါယနာ တင်ပြီးတဲ့နောက် အိန္ဒိယမြောက်ပိုင်းနဲ့ အလယ်ပိုင်းက မင်းများရဲ့ စောင့်ရှောက်ထောက်ပံ့မှုကြောင့် ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



သာသနာဟာ အနှစ်တရာတိုင်တိုင် စည်ပင်ဝပြော ထွန်းပခဲ့တယ်။ ဒါပေမဲ့ သံဃအဖွဲ့ထဲမှာ ဝိနည်းအကျင့် ယိုယွင်းလျော့ပါးမှုကြောင့် ပထမသင်္ဂါယနာ တင်ပြီးလို့ အနှစ်တရာလောက်ကြာတော့ ဒုတိယအကြိမ် သင်္ဂါယနာတင်ဖို့အကြောင်း ဖြစ်ပေါ်ရပြန်တယ်။

## အဓမ္မတရား ဆယ်ပါး

ဒီအကြောင်းကတော့ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းတချို့ဟာ အဓမ္မတရား ၁၀ ပါးကို ရဟန်းတို့နဲ့ အပ်တယ်ဆိုပြီး ကျင့်သုံးလာခြင်းကြောင့် ဖြစ်ပါတယ်။ ဒီအဓမ္မတရား ၁၀ ပါးကတော့

(၁) သားချိုဖြင့် သိုမှီးထားတဲ့ အကပ်ခံပြီးသား ဆားကို နောက်နေ့ နောက်ရက်များမှာ စားသုံးကောင်းတယ်လို့ ယူတာက တစ်ပါး။

(၂) နေရိပ် လက် နှစ်သစ် မွန်းလွဲသည့်တိုင်အောင် ဆွမ်းခဲဖွယ် စားသောက်ကောင်းတယ်လို့ ယူတာက တစ်ပါး။

(၃) ဆွမ်းစားနေချိန်မှာ တော်ပြီလို့ မြစ်ပြီးဖြစ်ပါလျက် တခြားရွာသို့ ခရီးသွားစရာရှိသျှင် ထပ်မံစားကောင်းတယ်လို့ ယူတာက တစ်ပါး။

(၄) သိမ်တခုတည်းရဲ့ နယ်နိမိတ် အတွင်းမှာ ရှိသော်လည်း တစ်စုတစ်ကြိမ်တည်းမဟုတ်ဘဲ အစုခွဲပြီး ဥပုသ်ပဝါရဏာ စသည့် ကံပြုကောင်းတယ်လို့ ယူတာက တစ်ပါး။

(၅) သံဃအစည်းအဝေး မတက်ရောက်တဲ့ ရဟန်းရဲ့ဆန္ဒကို နောက်မှာ ယူမယ်လို့ နှလုံးသွင်းပြီး သံဃကံ ပြုကောင်းတယ်လို့ ယူတာက တစ်ပါး။

(၆) ဥပဇ္ဈာယ် ဆရာတို့ရဲ့ လုပ်လေ့လုပ်ထဟူသမျှကို ဝိနည်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဆန့်ကျင်ပေမဲ့ လိုက်နာကျင့်သုံးကောင်းတယ်လို့ ယူတာက တစ်ပါး။

(၇) နို့ရည်အဖြစ်မှလွန်၍ နို့မမ်း၊ နို့ချဉ်အဖြစ်သို့ မရောက်သေးတဲ့ နို့ကို ဘုဉ်းပေးကောင်းတယ်လို့ ယူတာက တစ်ပါး။

(၈) မရင့်သေးတဲ့ သေနကို သောက်ကောင်းတယ်လို့ ယူတာက တစ်ပါး။

(၉) အမြိတ်အဆာမပါတဲ့ နေရာထိုင်ကို အပ်တယ်လို့ ယူတာက တစ်ပါး။

(၁၀) သံဃကို ရည်မှန်း၍ လှူဒါန်းတဲ့ ရွှေငွေကို ခံယူကောင်းတယ်လို့ ယူတာကတစ်ပါး၊ ပေါင်း ၁၀ ပါးဖြစ်ပါတယ်။

## ယသမထေရ်

အဲဒီ အမှုတရား ၁၀ ပါးကို ယသမထေရ်ကြီး က ပြစ်တင်ကန့်ကွက်တယ်။ ဒီအခါမှာ ဝဇ္ဇီတိုင်းသား ရဟန်းတစ်စု က ယသမထေရ်ကြီးနဲ့ပေါင်းသင်း ဆက်ဆံခြင်းမပြုဘဲ အဆက်အသွယ် ဖြတ်တောက်ကြတယ်။ ဒါပေမဲ့ ယသမထေရ်ကြီးဟာ ဝဇ္ဇီတိုင်းသား ရဟန်းတစ်စုရဲ့ ခြိမ်းခြောက်ခြင်းကို ကြောက်ရွံ့ခြင်းမရှိဘဲ အဲဒီအမှုတရား ၁၀ ပါးဟာ အရိယာသူတော်ဝင် ရဟန်းများနဲ့ မအပ်စပ်ဘူးရယ်လို့ တားမြစ်ခဲ့တယ်။ တားမြစ်ရုံမျှမက ထင်ရှားကျော်စောတဲ့ ဆရာတော် ရေဝတနဲ့ ထေရ်ကြီးဝါကြီးဖြစ်တဲ့ အရှင်သဗ္ဗကာမိ တို့ထံမှာ ဒီအမှုတရားများကို ကျင့်သုံးနေကြကြောင်း တိုင်ကြားတယ်။ မထေရ်ကြီးတို့ကလည်း ဒီအမှုတရားများဟာ ရဟန်းတို့နဲ့ မအပ်ကြောင်း အဆုံးအဖြတ်ပေးကြတယ်။ သန့်စင်တဲ့ သာသနာကြီးရဲ့ ရန်ဆူးရန်ငြောင့်ဖြစ်တဲ့ ဒီ အမှုမဝါဒီတို့ကို ပယ်ရှင်းရမယ်ဆိုပြီး ယသ

www.burmeseclassic.com

www.burmeseclassic.com



မထေရ်ကြီးဟာ အိန္ဒိယပြည်ရှိ ဗုဒ္ဓသာသနာထွန်းတဲ့ အရပ်တိုင်းက သံဃာအပေါင်းကိုပင့်ဖိတ်ပြီး ကာလာသောကမင်းရဲ့အစောင့်အရှောက် အကူအညီနဲ့ ဝေသာလီပြည်မှာ ရဟန်းသံဃာ ၇၀၀ ပါဝင်တဲ့ ဒုတိယ သင်္ဂါယနာတင်ပွဲကို ကျင်းပပြန်တယ်။

## ရဟန်း ၇၀၀ သင်္ဂါယနာ

ဒီ ဒုတိယ သင်္ဂါယနာမှာဆိုရင် အရှေ့တိုင်းမှ ရဟန်းကိုယ်စားလှယ် ၄ ပါး၊ အနောက်တိုင်းမှ ရဟန်းကိုယ်စားလှယ် ၄ ပါး၊ ပေါင်း ၈ ပါး ပါဝင်တဲ့ ဦးစီးအဖွဲ့ကို ဖွဲ့စည်းစေပြီး သိက္ခာဝါ အရင့်ဆုံးဖြစ်တဲ့ ဆရာတော် သဗ္ဗကာမိမထေရ်ကို သင်္ဂါယနာ့နာယက တင်မြှောက်ကြတယ်။ အဓမ္မတရား ၁၀ ပါးကို တစ်ပါးစီ စိစစ်ဝေဖန်ပြီး အားလုံးကိုပင် ရဟန်းတို့နဲ့ မအပ်ကြောင်း ဆုံးဖြတ်ကြတယ်။ အဲဒီဆုံး ဖြတ်ချက်ကို ရဟန်း ၇၀၀ ပါဝင်တဲ့ သင်္ဂါယနာတင်အဖွဲ့မှာ တင်ပြ ကြတယ်။ ရဟန်းထုကလည်း ဒီအဓမ္မတရား ၁၀ ပါးဟာ ရဟန်းတို့နဲ့ မအပ်ကြောင်း ထပ်လောင်းအတည်ပြုကြတယ်။ နောက် ပြီးတော့ မြတ်စွာဘုရားရဲ့ အဆုံးအမ အစစ်ဖြစ်တဲ့ ဝိနည်းတို့ကို ပြန်လည် သုံးသပ်ပြီး အတည်ပြုကြပြန်တယ်။

## မဟာသံဃိကအဖွဲ့

ဒါပေမဲ့ ဝဇ္ဇီတိုင်းသား အလဇ္ဇီရဟန်းများဟာ သူတို့ထင်ပြတဲ့ အဓမ္မတရား ၁၀ ပါးဟာ တရားတော်နဲ့ ညီတယ်လို့ ဆိုပြီး ဒုတိယ သင်္ဂါယနာရဲ့ အဆုံးအဖြတ်ကို လက်မခံဘဲ ရဟန်းတစ်သောင်းပါဝင်တဲ့ အဖွဲ့တစ်ခုကို စင်ပြိုင်ဖွဲ့စည်းပြီး အစည်းအဝေး ပြုလုပ်ကြပြန်တယ်။ အဲဒီ အစည်းအဝေးမှာ မဟာသံဃိကအဖွဲ့ဆိုတဲ့ အဖွဲ့တစ်ဖွဲ့ ပေါ်ပေါက်လာ

www.burmeseclassic.com

www.burmeseclassic.com



လာတယ်။ မြတ်စွာဘုရား လိုလားတော်မမူလို့ ပညတ်တော်မူခဲ့တဲ့ သံဃဘေဒကံဆိုတာဟာ ဒီအချိန်မှာ ထပ်မံ ပေါ်လာပြန်ပါတယ်။ ဒီအမွေတရား ၁၀ ပါးကို အကြောင်းပြုပြီး ဒီလိုသံဃာထဲမှာ ဂိုဏ်းနှစ်ဂိုဏ်းကွဲရခြင်းဟာ ဝိနည်းတော် အယူအဆ ကွဲခြင်းကြောင့်သာ ဖြစ်ပါတယ်။ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ နိဗ္ဗာန်ရောက်ရာ ရောက်ကြောင်း တရားဓမ္မနဲ့ ပတ်သက်ပြီး ဓမ္မအယူအဆ ကွဲခြင်းမျိုး ကြောင့်တော့ မဟုတ်ပါဘူး။

## တိဗက်နှင့် တရုတ်ကျမ်းအလို

တိဗက်နဲ့ တရုတ်တို့ရဲ့ အစဉ်အလာကျမ်းများမှာတော့ ရဟန္တာ ဖြစ်ခြင်းတရားနှင့် ပတ်သက်ပြီး ဓမ္မအယူအဆ ကွဲလွဲလေဟန် ဆိုထားပါတယ်။ ဒါပေမဲ့ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်ပြီးလို့ အနှစ် ၁၀၀ အတွင်းလောက်မှာတော့ ဒီလို ဓမ္မအယူအဆအရာမှာ ကွဲလွဲမှု ရှိနိုင်ဟန် မတူပါဘူး။ ကွဲခဲ့တဲ့ဂိုဏ်း နှစ်ဂိုဏ်းလုံးကလည်း မိမိတို့ရဲ့ ဓမ္မအယူအဆဟာ ဗုဒ္ဓဝါဒအတိုင်းသာဖြစ်တယ်လို့ ယုံကြည်ကြပါတယ်။

## သမားရိုးကျဂိုဏ်းနှင့် ပြုပြင်ရေးဂိုဏ်း

ယခုခေတ် သုတေသနတို့က ဒီဂိုဏ်းနှစ်ဂိုဏ်းရှိတဲ့အနက် တစ်ဂိုဏ်းကို "သမားရိုးကျ" ဂိုဏ်း၊ အခြားတစ်ဂိုဏ်းကို "ပြုပြင်ရေး" ဂိုဏ်းဟု ခေါ်ကြပေမဲ့ မဟာသံဃိက ဂိုဏ်းဝင်တွေကိုယ်တိုင်ကတော့ သူတို့ရဲ့ဂိုဏ်းကို သမားရိုးကျဂိုဏ်းလို့ပဲ ယူဆကြတယ်။ ဘယ်လိုပင် ယူဆယူဆ ဒီအမွေတရား ၁၀ ပါးဟာ သံဃာထဲမှာ ဂိုဏ်းဂဏ ကွဲပြားခြင်းရဲ့ အဦးအစပဲဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## မဟာယာနဂိုဏ်း

နောင်နှစ်ပေါင်း လေးငါးရာလောက် ကြာမြင့်လာတော့ မဟာသံဃိက ဂိုဏ်းဝင်တွေကို အကြောင်းပြုပြီး ဝိနယ အယူအဆကြောင့်သာ မဟုတ်ဘဲ ဓမ္မအယူအဆကြောင့်လည်း ဂိုဏ်းကွဲလာလိုက်ကြတာ နောက်ဆုံး ဓမ္မအယူအဆ ကွဲလွဲတဲ့ မဟာယာနဂိုဏ်းရယ်လို့တောင် တစ်စင်ထောင်လာတာကို တွေ့ရတယ်။

အခုနက ပြောခဲ့တဲ့ မဟာသံဃိကဂိုဏ်း အဖွဲ့ဟာ ဂိုဏ်းဝင် သံဃာပေါင်း တစ်သောင်း စုဆောင်းနိုင်ပေမဲ့ ပြည့်ရှင်မင်းရဲ့ ထောက်ပံ့ ကိုးကွယ်မှုရတဲ့ သမားရိုးကျဂိုဏ်းကို မဟာသံဃိကဂိုဏ်းက မလွှမ်းမိုးနိုင်ခဲ့ပါဘူး။

## ပထမနှင့် ဒုတိယ သင်္ဂါယနာကြားကာလ ဗုဒ္ဓသာသနာ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဗုဒ္ဓသာသနာတော်ဟာ ဂင်္ဂါမြစ်ဝှမ်းတစ်ဝိုက်မှာသာ ထွန်းကားခဲ့တယ်။ ဒါပေမဲ့ ဒုတိယ သင်္ဂါယနာ သဘင်အတွက် ပင့်ဖိတ်ခြင်းခံရတဲ့ ရဟန်းတွေထဲမှာ ဂင်္ဂါမြစ်ဝှမ်းဒေသအပြင် အိန္ဒိယပြည်အရပ်ရပ် အနယ်နယ်မှ ရဟန်းများလည်း ပါဝင်ခဲ့တယ်။ ဒီအချက်ကို ထောက်ကြည့်ခြင်းအားဖြင့် ပထမသင်္ဂါယနာနဲ့ ဒုတိယသင်္ဂါယနာ အကြား အနှစ် ၁၀၀ အတွင်းမှာ ဗုဒ္ဓသာသန ဘယ်လောက်ပြန့်ပွားခဲ့တယ် ဆိုတာကို သိနိုင်ပါတယ်။

## အသောကမင်းကြီးနဲ့ ဗုဒ္ဓသာသနာ

သီရိဓမ္မာသောကမင်းကြီး လက်ထက်မှာဆိုရင် ဗုဒ္ဓသာသနာတော်ဟာ အိန္ဒိယပြည် တစ်ခုလုံးသာမက အိန္ဒိယပြည်ရဲ့ အပြင်အပမှာရှိတဲ့ အတိုင်းတိုင်း အပြည်ပြည်ကိုတောင် ကူးစက်ပြန့်ပွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သီရိဓမ္မာသောကမင်းကြီးလက်ထက်မှာ ဗုဒ္ဓသာသနာတော် ဘာကြောင့် ဒီလောက် ပြန့်ပွားသွားသလဲဆိုတော့ သီရိဓမ္မာသောကမင်းကြီးဟာ အိန္ဒိယတစ်နိုင်ငံလုံးကို တပေါင်းတစည်းတည်း စုစည်းအုပ်ချုပ်နိုင်မှု ကြောင့် တစ်ကြောင်း၊ ဘုရင်မင်းမြတ်ရဲ့ အအုပ်အချုပ် ကျွမ်းကျင် လိမ္မာမှုနဲ့ လမ်းပန်းဆက်သွယ်ရေး လွယ်ကူအောင် ပြုနိုင်မှုတို့ကြောင့် တစ်ကြောင်း၊ ဒီအကြောင်း နှစ်ကြောင်းကြောင့် သာသနာတော် ပြန့်ပွားသွားတယ်လို့ ဆိုရပါလိမ့်မယ်။ သီရိဓမ္မာသောကမင်းကြီးဟာ သာသနာတော်ကို မိမိကိုယ်တိုင် ကြည်ညိုလေးစားတယ်။

ဘုရားဖွားတော်မူရာ အရပ်၊
သဗ္ဗညုတ ရွှေဉာဏ်တော်ရရှိရာ အရပ်၊
ဓမ္မစကြာ ဟောတော်မူရာ အရပ်၊
ပရိနိဗ္ဗာန် ပြုတော်မူရာ အရပ်

ဆိုတဲ့ ထူးမြတ်တဲ့ အရပ်ကြီးလေးပါးကို မိမိကိုယ်တိုင် သွားရောက် ဖူးမြော်ရင်း ဒီအရပ်တွေမှာ အများပြည်သူတွေရဲ့ ကြည်ညိုမှုအတွက် စေတီ၊ ပုထိုး၊ ကမ္ပည်းကျောက်တိုင် စသည်များကိုလည်း တည်ဆောက်ခဲ့ပါတယ်။ မြတ်စွာဘုရားရဲ့ ဓာတ်တော် မွေတော်များကိုလည်း ပြန်လည်တူးဖော်ပြီး ဓာတ်တော်စေတီများကို အိန္ဒိယနိုင်ငံ အနှံ့အပြားမှာ တည်နိုင်အောင် ဖြန့်ဖြူးဝေငှခဲ့ပါတယ်။

## တတိယ သင်္ဂါယနာ

ဒုတိယ သင်္ဂါယနာတင်ပြီးတဲ့နောက် အနှစ် ၁၀၀ အတွင်းမှာ ဗုဒ္ဓသာသနာတော်ကြီးဟာ ဆက်လက်ပြန့်ပွားလာခဲ့ပါတယ်။ ဒါပေမဲ့ သံဃာနစ်ဂိုဏ်းကွဲမှုက အစပြုပြီး ထိုဂိုဏ်းနှစ်ဂိုဏ်း အတွင်းမှာပဲ ဂိုဏ်းကွဲမှုတွေ ပေါ်ပေါက်လာကြပြန်တယ်။ သီရိဓမ္မာသောကမင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ကတော့ သမားရိုးကျဂိုဏ်းကိုသာ အားပေးချီးမြှောက်ပြီး တိတ္ထိတွေကို နှိမ်နင်းတယ်။ ဒါပေမဲ့ မဟာသံဃိက ဂိုဏ်းကြီးမှာ ပါဝင်ကြတဲ့ ဂိုဏ်းငယ်အားလုံးကိုပဲ တိတ္ထိတွေပဲ ယူဆသလား၊ မယူဆဘူးလား ဆိုတာကိုတော့ မသိပါဘူး။ သီရိဓမ္မာသောကမင်းကြီး လက်ထက်မှာ ထိုမင်းကြီးရဲ့ အကူအညီကို ယူပြီး မောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးဟာ တတိယသင်္ဂါယနာသဘင်ကို ကျင်းပခဲ့တယ်။ ဒီသင်္ဂါယနာမှာ သံဃာတစ်ထောင် ကြွရောက်ချီးမြှင့်ကြတယ်။ တိဿမထေရ်ကြီးက နာယကအဖြစ် ဆောင်ရွက်တော်မူတယ်။

အဲဒီ တတိယ သင်္ဂါယနာသဘင်မှာ နာယကမထေရ်ဖြစ်တဲ့ မောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးဟာ တိတ္ထိတို့ရဲ့ အယူဝါဒတွေကို စိစစ်ပြီး ပယ်ရှားခြင်းကို ပြုခဲ့တယ်။ ဒီ တတိယ သင်္ဂါယနာသဘင်ကို သမားရိုးကျဂိုဏ်းဖြစ်တဲ့ ထေရဝါဒဂိုဏ်းဝင်တို့ကသာ ထေရဝါဒ ဂိုဏ်းဝင်များအတွက် သီးသန့်ပြီး ကျင်းပခဲ့တယ်။ ဒါကြောင့် မဟာယာနဂိုဏ်းက တတိယသင်္ဂါယနာ သဘင်ကို အသိအမှတ်မပြုတာဟာ အံ့သြစရာ မဟုတ်ပါဘူး။

## သာသနာ့တမန်များ

တတိယ သင်္ဂါယနာသဘင်မှ ပေါ်ပေါက်လာတဲ့ အကျိုး ကျေးဇူးကတော့ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ တိုင်းပြည်များသို့ ဓမ္မဒူတလို့ခေါ်တဲ့ သာသနာ့တမန်များကို စေလွှတ်ခြင်းပဲ ဖြစ်ပါတယ်။ သီဟိုဠ်၊ မြန်မာနဲ့ တခြားအရှေ့တောင်အာရှ တိုင်းပြည်များဟာ တတိယသင်္ဂါယနာပွဲရဲ့ အကျိုးကျေးဇူး အာနိသင်များကို ထိရောက်စွာ ခံစားကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အိန္ဒိယနှင့် အရှေ့တောင်အာရှဒေသ

ရှေးခေတ် အိန္ဒိယတိုင်းသားကုန်သည်များဟာ ဘင်္ဂလား ပင်လယ်အော်ကို ကူးဖြတ်ကာ အရှေ့တောင်အာရှရှိ တိုင်းပြည်များကို သွားရောက်ပြီး အရောင်းအဝယ်ပြုကြတဲ့ အကြောင်းဟာ ဇာတ်နိပါတ်တွေထဲမှာ အထင်အရှားပါနေပါတယ်။ ဒါကြောင့် မြတ်စွာဘုရား လက်ထက်တော်ကတည်းက အိန္ဒိယနဲ့ အရှေ့တောင် အာရှဒေသတို့ဟာ အဆက်အသွယ်ရှိခဲ့ကြတယ်လို့ သိနိုင်ပါတယ်။ ဒီအချက်ကို ထောက်တော့ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပဲ ဗုဒ္ဓသာသနာ့ရဲ့ အရှိန်အဝါဟာ အရှေ့တောင်အာရှဒေသအထိ ပျံ့နှံ့ခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။

## သီဟိုဠ်သာသနာ

အိန္ဒိယနဲ့ အနီးဆုံးဖြစ်တဲ့ သီဟိုဠ်ကျွန်းမှာလည်း ဗုဒ္ဓသာသနာရဲ့ အရှိန်အဝါဟာ ဟိုစဉ်အခါကပဲ ပျံ့နှံ့ခဲ့တယ်လို့ ဆိုရပါမယ်။ ယခု တဖန် တတိယ သင်္ဂါယနာသဘင်အပြီးမှာ သီရိဓမ္မာသောကမင်းကြီးရဲ့ သားတော် အရှင်မဟိန္ဒ ဟာ အခြားရဟန်း လေးပါးနဲ့အတူ သီဟိုကျွန်းသို့ သာသနာပြုကြွတော်မူပါတယ်။

## ဗုဒ္ဓသာသနာသမိုင်းတွင် အရေးပါသောကဏ္ဍ

သီဟိုဠ်ကျွန်းကို ရောက်တော့ ကျွန်းကို အုပ်စိုးတော်မူတဲ့ ဒေဝါနံ ပိယတိဿမင်းနဲ့ မဟိန္တလဆိုတဲ့ အရပ်မှာ တွေ့ကြပြီး မင်းကြီးကို တရားဟောပါတယ်။ မင်းကြီးလည်း ဗုဒ္ဓသာသနာကို ကြည်ညို ယုံကြည်လာပါတယ်။ ရှင်မဟိန္ဒရဲ့ သာသနာပြုလုပ်ငန်းအကြောင်း အသေးစိတ်ကိုတော့ ကျွန်တော် နောက်ပိုင်းမှာ ထည့်ပြောသွားပါမယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု ကျွန်တော်ပြောလိုတာကတော့ ရှင်မဟိန္ဒ သီဟိုဠ်မှာ သာသနာပြုလိုက်တာဟာ ဗုဒ္ဓသာသနာသမိုင်းမှာ အလွန် အရေးပါ အရာရောက်တဲ့ ကဏ္ဍတခုဖြစ်တယ်ဆိုတဲ့ အကြောင်းပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ရှင်မဟိန္ဒရဲ့ သာသနာပြု ဓမ္မဒူတလုပ်ငန်းကစပြီး ထေရဝါဒ ဗုဒ္ဓသာသနာဟာ အိန္ဒိယနိုင်ငံက သီဟိုဠ်နဲ့ အရှေ့တောင်အာရှဒေသများကို ကူးပြောင်းလာခဲ့လို့ပါပဲ။

တတိယ သင်္ဂါယနာသဘင်အပြီးမှာ မြန်မာနိုင်ငံရဲ့ အရှေ့တောင်အာရှဒေသသို့ ရောက်လာတဲ့ သာသနာပြုတဲ့ လုပ်ငန်းတွေဟာ သီဟိုဠ်ကျွန်းကို ရောက်တဲ့ သာသနာပြုလုပ်ငန်းလောက်တော့ ထမြောက်အောင်မြင်ခြင်း မရှိခဲ့ပါဘူး။ ဒါပေမဲ့ ဒီဒေသတွေမှာ သာသနာ့မျိုးစေ့ကို ချပြီးသားတော့ ဖြစ်သွားပါတယ်။ ဒီမျိုးစေ့ဟာ နောင်အခါမှာ ကြီးပွားဖွံ့ဖြိုးလာပြီး သာသနာတော်ဟာ ဒီဒေသတွေမှာ အလွန်စည်ပင် ပြန့်ပွားလာတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

## အိန္ဒိယပြည်မ ဗုဒ္ဓသာသနာအခြေ

ဒီအချိန်အခါမှာလည်း အိန္ဒိယပြည်မကြီးမှာတော့ သာသနာတော်ဟာ အဖျက်အဆီးတွေနဲ့ ကြုံရရှာပါတယ်။ သမားရိုးကျဖြစ်တဲ့ ထေရဝါဒဂိုဏ်းထဲမှာတောင် ဂိုဏ်းသေးဂိုဏ်းမွှားတွေဟာ ပေါ်ပေါက်လာခဲ့ပါတယ်။ တတိယ သင်္ဂါယနာသဘင် ကျင်းပစဉ်က နာယကအဖြစ်ဆောင်ရွက်တော်မူတဲ့ မောဂ္ဂလိပုတ္တတိဿမထေရ်ဟာ ကထာဝတ္ထုကိုဟောတော်မူခဲ့ပါတယ်။ ဒီကထာဝတ္ထုမှာ ဖော်ပြထားတဲ့ အယူအဆကွဲတွေကို ထောက်ကြည့်ရင် သမားရိုးကျဂိုဏ်းနဲ့ ပြုပြင်ရေးဂိုဏ်းတို့ရဲ့ ဓမ္မအယူအဆ ကွဲလွဲမှုဟာ ကြီးသည်ထက် ကြီးလာကြောင်း ထင်ရှားနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဓမ္မအယူအဆ အကွဲကွဲအပြားပြားတွေ ရှိနေရတဲ့အထဲမှာ သီရိဓမ္မာသောကမင်းကြီးရဲ့ ရိုက်ရာကို ဆက်ခံကြတဲ့ မင်းအဆက်ဆက်ဟာ ဗုဒ္ဓသာသနာမှာ ကြည်ညိုခြင်း ယုတ်လျော့လာပြီး ဥပေက္ခာပြုလာကြတယ်။

## ဉာဏ်ကစားဖို့ ကောင်းတဲ့အချက်

သုတေသီအချို့က သီရိဓမ္မာသောကမင်းကြီးရဲ့ ရိုက်ရာကို ဆက်ခံကြတဲ့ မင်းတွေဟာ သာသနာတော်ကိုတော့ အကြည်ညိုပျက်တာ မဟုတ်ဘူး၊ သာသနာ့ဝန်ထမ်း ရဟန်းများကို အကြည်ညိုပျက်ခြင်းသာ ဖြစ်တယ်လို့ ဆိုချင်ကြတယ်။ ဗုဒ္ဓသာသနာကိုပဲ အကြည်ညိုပျက်တာလား၊ ရဟန်းတော်များကိုပဲ အကြည်ညိုပျက်တာလား ဆိုတဲ့အချက်ကတော့ ဉာဏ်ကစားဖို့ ကောင်းတဲ့အချက်ပဲလို့ ဆိုကြပါစို့။

ဒါပေမဲ့ ဗုဒ္ဓသာသနာကတော့ နိုင်ငံတော်ရဲ့ သာသနာတော်အဖြစ်မှ လျှောကျပြီး မှေးမှိန်သွားတော့တာပဲ။ ဒီလို မှေးမှိန်သွားတဲ့အထဲမှာ ထေရဝါဒဂိုဏ်းဟာ အနစ်နာဆုံး ဖြစ်ခဲ့တယ်။ ဒီထေရဝါဒဂိုဏ်းရဲ့ အစဉ်အလာတွေ၊ စာပေပရိယတ္တိတွေဟာ အိန္ဒိယပြည်မမှ ပျောက်ကွယ်မတတ်ဖြစ်ပြီး သီဟိုဠ်၊ မြန်မာနဲ့ အရှေ့တောင်အာရှဒေသကတိုင်းပြည်တွေမှာသာ ထွန်းကားလာခဲ့ပါတယ်။

## ထေရဝါဒ စတုတ္ထသင်္ဂါယနာ

သီဟိုဠ်မှာဆိုရင် ခရစ်တော်မပေါ်မီ ၁၇၇ ခုနှစ်မှ ၁၀၅ ခုနှစ်အတွင်းမှာ သင်္ဂါယနာသဘင်တစ်ရပ်ကို ကျင်းပပြီး ပိဋကတ်သုံးပုံနဲ့ အဋ္ဌကထာတို့ကို ပေထက် အက္ခရာတင်ခဲ့ပါတယ်။

ထေရဝါဒဂိုဏ်းရဲ့ သမိုင်းအရ ဒီသင်္ဂါယနာဟာ စတုတ္ထမြောက်သင်္ဂါယနာပွဲ ဖြစ်ပါတယ်။ ဒီ စတုတ္ထသင်္ဂါယနာတင်ပွဲကို အိန္ဒိယ

www.burmeseclassic.com

www.burmeseclassic.com



ပြည်မမှာ အသိအမှတ်မပြုပေမဲ့ သင်္ဂါယနာတင်ပွဲမှာ ပါဠိပိဋကတ်တော်များကို ပေထက် အက္ခရာတင်ခဲ့တဲ့အတွက် ဒီစတုတ္ထသင်္ဂါယနာဟာ ဗုဒ္ဓသာသနာသမိုင်းမှာ အလွန် အရေးပါအရာရောက်တဲ့ အခန်းကြီး တစ်ခန်း ဖြစ်ပါတယ်။

ဒီအချိန်ကစပြီး ထေရဝါဒဂိုဏ်းက အိန္ဒိယပြည်မမှာ ကွယ်ပျောက်ပြီး သီဟိုဠ်ကျွန်းမှာ တည်မြဲခဲ့ပါတယ်။ ဒီ ထေရဝါဒဂိုဏ်းကိုပဲ နောင်အခါကျတော့ တောင်ပိုင်းဗုဒ္ဓသာသနာ (သို့မဟုတ်) ဟီနယာနဂိုဏ်းရယ်လို့ အလွဲလွဲအမှားမှား ခေါ်လာကြပါတယ်။

## ရှင်မဟိန္ဒ

သီဟိုဠ်ကျွန်းဟာ ဘာကြောင့် ဗုဒ္ဓဘာသာ သမားရိုးကျဂိုဏ်းရဲ့ တည်ရာ ဌာနသစ်ဖြစ်ရသလဲဆိုတော့ ဒီကျွန်းမှာ ဗုဒ္ဓသာသနာတော်ကို တည်မြဲအောင် ရှင်မဟိန္ဒ က အုတ်မြစ်ချခဲ့ခြင်းကြောင့် ဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။ သီရိဓမ္မာသောကမင်း စေလွှတ်တဲ့ သာသနာပြုပုဂ္ဂိုလ်များထဲမှ ရှင်မဟိန္ဒမထေရ်ရဲ့ သာသနာပြုလုပ်ငန်းဟာ အထမြောက် အအောင်မြင်ဆုံးလို့ ဆိုရပါလိမ့်မယ်။ ဒီအခါက ဆိုရင် သီဟိုဠ်ကျွန်းရဲ့ ဘုရင်ဖြစ်တဲ့ တိဿမင်းဟာ သီရိဓမ္မာသောကမင်းကို အလွန် ကြည်ညို ချစ်မြတ်နိုးပါတယ်။ ဒါကြောင့် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်က သီရိဓမ္မာသောကမင်းကြီး၏ သားတော်ဖြစ်တဲ့ ရှင်မဟိန္ဒ ကို ရွေးပြီး စေလွှတ်ခြင်း ဖြစ်ဟန်တူတယ်။ မဟိန္ဒမင်းသားဟာ သီရိဓမ္မာသောကမင်းကြီး အဘိသိက်ခံတဲ့အချိန်မှာ သက်တော် ၁၄ နှစ်သာရှိသေးတယ်။ သီရိဓမ္မာသောကမင်းကြီး အဘိသိက်ခံပြီးနောက် ၆ နှစ်ပြည့်မြောက်တဲ့အခါမှာ မဟိန္ဒမင်းသားဟာ သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြုတော်မူတယ်။ ဥပဇ္ဈာယ် ဆရာကတော့

www.burmeseclassic.com

www.burmeseclassic.com



တတိယသင်္ဂါယနာမှာ နာယက ဖြစ်တော်မူတဲ့ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် ဖြစ်ပါတယ်။

ရှင်မဟိန္ဒဟာ ရဟန်းတက်တဲ့နေ့မှာပဲ အရဟတ္တဖိုလ် ရပြီး ရဟန္တာ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ထံမှာ ပရိယတ္တိများကို ၃ နှစ်တိုင်တိုင် သင်ကြားနာယူပါတယ်။ တစ်ခါတုန်းက ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ မောဂ္ဂလိပုတ္တတိဿမထေရ်ဟာ သံဃအဖွဲ့ထဲမှာ တိတ္ထိတွေ ရောဝင်သွားတဲ့အတွက် စိတ်အလိုမကျဖြစ်ပြီး တောရဆောက်တည်သွားတဲ့အခါမှာ ရှင်မဟိန္ဒဟာ သံဃာတစ်ထောင်ကို အုပ်ချုပ်ခဲ့ပါတယ်။ ရှင်မဟိန္ဒဟာ ပညာအရာ၌ လွန်စွာထက်မြက်ကျော်ကြားပါတယ်။ ၁၂ ဝါအရမှာ သီဟိုဠ်ကျွန်းသို့ ကြွရောက်သာသနပြုတယ်။ ရှင်မဟိန္ဒနဲ့ တိဿမင်းတို့ တွေ့ဆုံပြီး တိဿမင်းဗုဒ္ဓသာသနာ၌ သက်ဝင်ယုံကြည်လာရတဲ့ အကြောင်းဟာ အင်မတန်မှ ချီးကျူးအံ့ဩဖို့ ကောင်းပါတယ်။ ဒီအကြောင်းကို ကျွန်တော်ပြောပြချင်ပါတယ်။

## ရှင်မဟိန္ဒနှင့် တိဿမင်း

တစ်နေ့သ၌ တိဿမင်းကြီးဟာ နောက်ပါအခြွေအရံ စစ်သည်တော်တွေနဲ့ တောကစားထွက်လာရင်း မဟိန္ဒလလို့ ခေါ်တဲ့အရပ်မှာ ခေတ္တရပ်နားနေတော်မူတယ်။ ဒီအခါမှာ မင်းကြီးဟာ တစ်ယောက်ယောက်က သူ့ရဲ့ ငယ်မည်ကို ခေါ်လိုက်သလိုလို ကြားရသတဲ့။ ဒီလိုခေါ်သံကြားရတော့ အံ့ဩကြီးစွာနဲ့ ခေါ်သံလာရာကို လှမ်းကြည့်လိုက်တယ်။

ဒီတော့ သပိတ်သင်္ကန်းနှင့်အတူ အလွန်ကြည်ညိုဖွယ်ကောင်းတဲ့ ရှင်မဟိန္ဒကို မြင်ရသတဲ့။ မြင်မြင်ချင်းပဲ မင်းကြီးနဲ့တကွ အခြွေ

www.burmeseclassic.com

www.burmeseclassic.com



အရံတွေရဲ့ စိတ်မှာ ကြည်ညိုသဒ္ဓါဖြစ်ပေါ်လာကြတယ်။ ရှင်မဟိန္ဒဟာ ရှေးဦးစွာ သိမ်မွေ့တဲ့ပြဿနာကို မေးခြင်းဖြင့် မင်းကြီးရဲ့ ပညာဉာဏ်ကို စမ်းကြည့်တယ်။ မင်းကြီးရဲ့ ပညာဉာဏ် ထက်မြက်တဲ့အဖြစ်ကို သိရတဲ့အခါကျမှ မင်းကြီးကို တရားဟောတော်မူတယ်။ တရားတော်ရဲ့ အဆုံးမှာ မင်းနဲ့တကွ ပရိသတ်အားလုံးတို့ဟာ သာသနာတော်၌ ကြည်ညိုလာကြတယ်။

## အနုဠာ မင်းသမီး

တိဿဘုရင်ကြီးလည်း ရှင်မဟိန္ဒမထေရ်ကို အသောကမင်းကြီးရဲ့ သားတော်မှန်းသိလာတော့ ပိုပြီး ဝမ်းမြောက်ပီတိ ဖြစ်ရပြန်တယ်။ ဒီအချိန်မှာပဲ တိဿမင်းကြီးရဲ့ နှမတော် အနုဠာမင်းသမီးဟာလည်း အခြွေအရံ ငါးရာနဲ့ ဒီနေရာကို ရောက်လာတယ်။ သူတို့ အားလုံးလည်း ဗုဒ္ဓသာသနာ၌ သက်ဝင်ယုံကြည်လာကြတယ်။

## ခရစ်ယာန်ဂိုဏ်းအုပ်တစ်ပါး၏ဖော်ပြချက်

ခရစ်ယာန် ဘစ်ရှော့ဂိုဏ်းအုပ် ဘုန်းကြီးတစ်ပါးဖြစ်တဲ့ ကော်ပယ်စတွန်[၁]ဟာ ဗုဒ္ဓသာသနာကို ချီးကျူးတဲ့အနေနဲ့ ရှင်မဟိန္ဒမထေရ်ရဲ့ ထူးမြတ်တဲ့ ဂုဏ်ကို ဒီလို ဖော်ပြထားပါတယ်။ "ဘုရင်မင်းမြတ်ရဲ့ သားတော် မဟိန္ဒဟာ ကိလေသာမှ စင်ကြယ်တဲ့ ဝေနေယျအပေါ်၌ မေတ္တာတော်ထားတဲ့ ဘုရားရှင်ရဲ့ တပည့်ရဟန်းဘဝကို ရဖို့အတွက် မင်းဘဝနဲ့ ဇမ္ဗူကို အုပ်စိုးနိုင်မည့် မင်းအဖြစ်ကို စွန့်လွှတ်နိုင်ခဲ့ပေတယ်။ ရှင်မဟိန္ဒဟာ အသွင်အပြင်နဲ့ အမူအရာမှာလည်း ရသေ့ရဟန်းတို့ရဲ့ သိက္ခာဏ္ဏနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ သတိပညာ

၁။ Copleston

www.burmeseclassic.com

www.burmeseclassic.com



အရာမှာလည်း ကောင်းစွာသင်ကြားထားတဲ့ ပညာရှင်ဖြစ်တယ်။ လုပ်ရည်ကိုင်ရည်မှာလည်း နိုင်ငံပြု သုခမိန်တို့ရဲ့ ထက်မြက်တဲ့ အရည်အချင်းမျိုးရှိတဲ့ ပုဂ္ဂိုလ်အမှန် ဖြစ်ခဲ့ရမယ်" လို့ ကော်ပယ်စတွန်က ဖော်ပြထားခဲ့ပါတယ်။

## ပြည်မအပြင်ပ ဘိက္ခုနီသံဃအဖွဲ့

ရှင်မဟိန္ဒဟာ သီဟိုကျွန်းကို ရောက်လျှင်ရောက်ချင်းပဲ မင်း၊ မင်းသမီး၊ မင်းသား၊ မှူးမတ် သေနာပတိနဲ့ ရဲရွှေတော်များကိုသာမက သီဟိုဠ်ကျွန်းသား လူအများကိုပင် ဗုဒ္ဓသာသနာ၌ ယုံကြည်လာအောင် ပြုနိုင်တယ်။ နောက်ပြီးတော့ သီဟိုဠ်သားတွေကို ရဟန်းပြုစေပြီး သံဃအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးတယ်။ ရှင်မဟိန္ဒဟာ ဘိက္ခုနီဖြစ်တဲ့ နှမတော်သင်္ဃမိတ္တာ ကို သီဟိုဠ်သို့ခေါ်ပြီး အနုဠာမင်းသမီးနဲ့ ရဲရွှေတော်တို့ကို ဘိက္ခုနီအဖြစ် သွတ်သွင်းစေခဲ့တယ်။ ဒါကြောင့် အိန္ဒိယပြည်မရဲ့ အပြင်အပမှာ ဆိုရင် သီဟိုကျွန်းဟာ ဘိက္ခုနီသံဃအဖွဲ့တည်ရှိတဲ့ တစ်ခုတည်းသော ဒေသပင် ဖြစ်လာပါတယ်။

## သာသနာ့ဒါယကာ တိဿမင်း

တိဿမင်းကြီးဟာလည်း မြတ်စွာဘုရားအား ဝေဠုဝန်ဥယျာဉ်လှူတော်မူခဲ့တဲ့ ဗိမ္ဗိသာရမင်းရဲ့ထုံး နှလုံးမူပြီး မဟာမေဃဥယျာဉ်ကို ရှင်မဟိန္ဒနှင့် သံဃအဖွဲ့ကြီးအား လှူဒါန်းခဲ့ပါတယ်။ သီရိခမ္ဗာသောကမင်းရဲ့ နည်းတူ စေတီအများအပြားကို တည်ထားကိုးကွယ်ခဲ့တယ်။ သာသနာ့ဒါယကာအဖြစ်ကို ခံယူပြီး သာသနာကိုလည်း စောင့်ရှောက်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## သီဟိုဠ်မဟာဗောဓိ

သီရိဓမ္မာသောကမင်းရဲ့ သမီးတော် သင်္ဃမိတ္တာထေရီ ဟာ သီဟိုဠ်ကို ကြွလာတဲ့အခါမှာ ဗုဒ္ဓဂါယာ က ဗောဓိညောင်ကိုင်း တစ်ကိုင်းကို ဆောင်ယူပြီး တိဿမင်းကြီးရဲ့ နေပြည်တော်မှာ စိုက်ခဲ့တာဟာ ယခုထက်တိုင် သီဟိုဠ်မဟာဗောဓိလို့တွင်ပြီး စည်ပင်ပြန့်ပွား နေပါတယ်။ တိဿမင်းရဲ့ နေပြည်တော်ဟာ ယခုအခါ ပျက်စီးယိုယွင်းလျက် ရှိပေမဲ့ ဗောဓိပင်ကတော့ ယခုခေတ်အထိ ကျော့်စောလျက် ရှိပေသေးတယ်။ ဒီဗောဓိပင်ကို စ စိုက်တဲ့ အချိန်ကစပြီး ယခုခေတ် အထိ နှစ်ပေါင်း ၂၂၀၀ ကြာမြင့်ခဲ့ပါပြီ။ ဒီ ဗောဓိပင်ရှိရာ အရပ်ဟာလည်း ကုဋေပေါင်းများစွာသော ဗုဒ္ဓဘာသာဝင် ဘုရားဖူးများအဖို့ ဒုတိယ ဗုဒ္ဓဂါယာပင် ဖြစ်နေပါပြီ။

## ရှင်မဟိန္ဒ ပရိနိဗ္ဗာန်ဝင်ခြင်း

ရှင်မဟိန္ဒဟာ ပိဋကသုံးပုံနဲ့ တကွ အဋ္ဌကထာများကို အာဂုံဆောင်ပြီး သီဟိုဠ်သို့ ယူဆောင်ခဲ့ပြီး သီဟိုဠ်ဘာသာသို့ပင် အာဂုံဆောင်ပြီး ပြန်ဆိုခဲ့ပါတယ်။ ရှင်မဟိန္ဒဟာ သီဟိုဠ်ကျွန်းသူကျွန်းသား အားလုံးရဲ့ ကြည်ညိုပူဇော်ခြင်းကို ခံယူတော်မူပြီး သီဟိုဠ်မှာပင် တစ်သက်ပတ်လုံး သီတင်းသုံးတော်မူတယ်။ ထိုကျွန်းမှာပဲ ပရိနိဗ္ဗာန် ဝင်တော်မူပါတယ်။

## အသောကမင်းကြီး မရှိသည့်နောက်

အိန္ဒိယပြည်မမှာဆိုရင် ဗုဒ္ဓသာသနာဟာ အရှေ့မြောက်ပိုင်းဘက် မှာ အဖျက်အဆီး ခံရပါတယ်။ ဒါပေမဲ့ အနောက်မြောက်ပိုင်းဘက်

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ စည်ပင်ထွန်းကားလျက်ပဲ ရှိခဲ့ပါတယ်။ သီရိဓမ္မာသောက မင်းကြီးရဲ့ လက်ထက်တော်မှာ သာသနာတော်ဟာ အိန္ဒိယပြည် အရပ်ရပ်ကို အနှံ့အပြား ပြန့်ပွားခဲ့ပေမဲ့ ထိုမင်းကြီး မရှိတဲ့နောက် အနယ်နယ် အရပ်အရပ်မှာပဲ မင်းကြီးထွန်းညှိခဲ့တဲ့ သာသနာ့ဆီမီးတန်ဆောင် ငြိမ်းသွားပါတော့တယ်။

## ဂရိတ်လူမျိုးတို့ သဘောထားကြီးမှု

မင်းကြီး နတ်ရွာစံပြီးတဲ့နောက် ၂ ရာစုနှစ်ကာလ အတွင်းမှာ အိန္ဒိယအနောက်မြောက်ပိုင်းဟာ နယ်ချဲ့ ဂရိတ်လူမျိုးတို့ရဲ့ လက်အောက်သို့ ကျရောက်သွားတယ်။ ဒါပေမဲ့ ဂရိတ်လူမျိုးတို့ရဲ့ သဘောထားကြီးမှု၊ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုမှုတို့ကြောင့် သာသနာတော်ဟာ အဲဒီအရပ်မှာ ထွန်းကားပါတယ်။

## မိလိန္ဒဘုရင်

ဒီဂရိတ်ဘုရင် အဆက်အနွယ်ဖြစ်တဲ့ မေနန္ဒ ခေါ် မိလိန္ဒဘုရင်ဟာ အရှင်နာဂသေနမထေရ်နဲ့ တွေ့ဆုံပြီး ဗုဒ္ဓတရားတော်ကို ဆွေးနွေးကြားနာရတဲ့အခါမှာ သာသနာ့ဒါယကာ ဖြစ်လာပါတယ်။ မေနန္ဒဘုရင်ဟာ ခရစ်တော်မပေါ်မီ တစ်ရာစုအတွင်းလောက်မှာ စိုးစံတဲ့ မင်းဖြစ်တယ်။ ဒီ မင်းဟာ ဂရိတ်လူမျိုးတို့ရဲ့ ယထာဘူတပညာ အစဉ်အလာနဲ့ ရင်းနှီးသူဖြစ်လေတော့ မြတ်စွာဘုရားရဲ့ အဘိဓမ္မာတရားတော်မှာ စိတ်ဝင်စားခဲ့တယ်။ ဒီမင်းဟာ စာပေကျမ်းဂန်ကို နှစ်သက်ဝါသနာပါတဲ့အတွက် ကျမ်းအမျိုးမျိုးကို ဖတ်ရှုတယ်။ နက်နက်နဲနဲ တွေးတော စဉ်းစားချင်တဲ့ ဝါသနာလည်း ရှိတယ်။ မြတ်စွာဘုရားရဲ့ အဘိဓမ္မာတရားမှာ စိတ်ဝင်စားချင်တဲ့ ဝါသနာလည်း ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရဲ့ အဘိဓမ္မာတရားမှာ စိတ်ဝင်စားတဲ့အလျောက် ဒီတရားတော်နဲ့ ပတ်သက်ပြီး သူ နားမရှင်းတဲ့ အချက်အလက်တွေကို မေးမြန်းစုံစမ်းချင်တယ်။

ဒါကြောင့် မေနန္ဒမင်းကြီးဟာ ဝါဒဆရာကြီးများထံ ချဉ်းကပ်ပြီး တရားဆွေးနွေးတယ်။ ဒီဆရာကြီးများဟာ သူနဲ့ အပြိုင်အဆိုင် တရားအချေအတင် ဆွေးနွေးနိုင်စွမ်း မရှိကြဘူး။ သူမေးသမျှ မေးခွန်း စိတ်ကျေနပ်အောင် ဖြေရှင်းနိုင်ခွင့် မရှိကြဘူး။ ဒါ့ကြောင့် မေနန္ဒမင်းကြီးက "ဒီဇမ္ဗူဒိပ်ကျွန်းမှာ တရားသိတဲ့သူတွေ ဆိတ်သုဉ်းလှပါတကား။ ဒီဇမ္ဗူဒိပ်ကျွန်းမှာ အချဉ်းအနှီး အကျိုးမရှိတဲ့ စကားသိမ် စကားဖျင်းတို့နဲ့သာ ပြည့်နှက်လျက် ရှိပါတကား။ ဒီဇမ္ဗူဒိပ်ကျွန်းမှာ ငါ့ရဲ့ယုံမှား သံသယတွေကို ပယ်ရှင်းပေးနိုင်တဲ့ ရဟန်းဖြစ်စေ၊ လူပညာရှိဖြစ်စေ မရှိပါတကား" လို့ ညည်းတော်မူတယ်။

## အရှင်နာဂသေန

ထိုအခါ ဒေဝမန္တိယဆိုတဲ့ အမတ်ကြီးက အရှင်နာဂသေနမထေရ်ဆီ ချဉ်းကပ်ပြီး တရားဆွေးနွေးမေးမြန်းဖို့ရန် လျှောက်တင်တဲ့အတွက် အရှင်နာဂသေနမထေရ်ဆီသို့ မေနန္ဒမင်းကြီး သွားတယ်။ မင်းကြီးဟာ မထေရ်မြတ်ရဲ့ တည်ငြိမ်တဲ့ ဣန္ဒြေသိက္ခာကို မြင်တော်မူတဲ့အတွက် လွန်စွာ သဒ္ဓါပွားပြီး ကြည်ညိုစိတ် တဖွားဖွားနဲ့ မိမိသိလိုတဲ့ ပြဿနာတွေကို မေးတော်မူတယ်။ အရှင်နာဂသေနကလည်း မင်းကြီး မေးသမျှသော ပြဿနာများကို တုံ့ပြန်သော မေးခွန်းကို မေးခြင်းဖြင့် ပြေလည်စွာ ဖြေရှင်းတော်မူတယ်။ အဲဒီ မေနန္ဒမင်းကြီးရဲ့ အမေးနဲ့ အရှင်နာဂသေနရဲ့အဖြေကို စုပေါင်းပြီး မိလိန္ဒပဉှာကျမ်းရယ်လို့ ထင်ရှားကျော်စောလာတယ်။ ဘုရားပရိနိဗ္ဗာန် ဝင်ပြီးတဲ့နောက်

www.burmeseclassic.com

www.burmeseclassic.com



ပြုစုတဲ့ ကျမ်းတွေထဲမှာ ဒီကျမ်းဟာ အလွန်အရေးကြီးတဲ့ ကျမ်း တစ်ကျမ်း ဖြစ်ပါတယ်။

## မင်းကြီး၏ သံသယ

မေနန္ဒမင်းကြီးရဲ့ စိတ်ထဲမှာ အနတ္တတရားဟာ ပဋိသန္ဓေ ပြန် ဖြစ်ခြင်းဆိုတဲ့ သဘောတရားနဲ့ ဆန့်ကျင်နေတဲ့အတွက် တစ်ခုနဲ့ တစ်ခု ဆက်စပ်မရနိုင်အောင် ဖြစ်နေတယ်။ ဗုဒ္ဓဘာသာဝင်တွေဟာ အတ္တဆိုတဲ့ ပုဂ္ဂိုလ် အကောင်အထည်မရှိဘူးလို့ ယူဆရင် သေပြီးတဲ့ နောက် ပဋိသန္ဓေပြန်ဖြစ်တယ် ဆိုတဲ့အချက်ကို ဘယ်လိုလုပ်ပြီး ယုံကြည်နိုင်ကြသလဲလို့ မင်းကြီးရဲ့ စိတ်ထဲမှာ နားမလည်နိုင်အောင် ဖြစ်ခဲ့တယ်။

## အရှင်နာဂသေန အတ္ထုပ္ပတ္တိ

အရှင်နာဂသေနဟာ ဟိမဝန္တာအနီး ဗြဟ္မဏရွာသား ပုဏ္ဏား သူကြွယ်ရဲ့သား ဖြစ်တယ်။ ဗေဒင်သုံးပုံမှာ တစ်ဖက်ကမ်းခပ် တတ် မြောက်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ပထမတော့ အဘိဓမ္မာတရားကို သင် ချင်တာနဲ့ ရဟန်းဘောင်ကို ဝင်ခဲ့တယ်။ အဘိဓမ္မာကို သင်ကြားတတ် မြောက်လို့ ပိဋကသုံးပုံကို အာဂုံဆောင်နိုင်တဲ့အခါမှာ တရားတော် မှာ သဒ္ဓါသက်ဝင်ယုံကြည်လာပြီး ဗုဒ္ဓဝါဒကို ကူးပြောင်းလက်ခံခဲ့ တယ်။ သောတာပန်အဖြစ်ကိုလည်း ရောက်ခဲ့တယ်။

## မေနန္ဒမင်း ရဟန်းဝတ်

မေနန္ဒမင်းကြီး နားမလည်နိုင်တဲ့ ယုံမှားသံသယတွေကို ရှင်နာဂ သေနဟာ အဘိဓမ္မာသဘောနဲ့ ဟောပြောတဲ့အခါမှာ မင်းကြီးဟာ ဗုဒ္ဓ သာသနာတော်ကို ကြည်ညိုလေးစားလာတယ်။ သမားရိုးကျဂိုဏ်းဝင်

www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့ အစဉ်အလာအရ မေနန္ဒမင်းဟာ သားတော်ကို ထီးနန်းအပ်နှင်းပြီး ရဟန်းအဖြစ်ကို ခံယူလို့ ရဟန္တာအဖြစ်ကိုတောင် ရတယ်လို့ အဆိုရှိပါတယ်။

## ပလူးတပ် ဖော်ပြချက်

ဒီ အဆိုကို ဂရိတ်သမိုင်းဆရာကြီး ပလူးတပ်[၂] က ထောက်ခံရေးသားထားပါတယ်။

ဘယ်လို ထောက်ခံရေးသားထားသလဲဆိုတော့ ဒီမင်းကြီး နတ်ရွာစံတော်မူတဲ့အခါမှာ သူ့ရဲ့အရိုးပြာကို ကိုးကွယ်လိုကြတဲ့အတွက် အလုအယက် ဖြစ်ကြကြောင်း၊ နောက်ဆုံးမှာ ဒီ အရိုးပြာများကို စေတီများမှာ ဌာပနာကြဖို့အတွက် ဝေငှပေးကြရကြောင်း ဖော်ပြခဲ့တယ်။

ဗုဒ္ဓသာသနာသမိုင်းဆိုင်ရာ သုတေသီများက မိလိန္ဒပဉှာကျမ်းဟာ သမားရိုးကျဂိုဏ်းဝင် မဟုတ်သူတွေကို သမားရိုးကျဂိုဏ်းဝင်တွေ ပြန်ပြီး ဖြစ်လာစေနိုင်တဲ့ ကျမ်းကြီးတစ်ရပ်ပဲလို့ ယူဆကြပါတယ်။

## ကုသျှာနမင်း နှစ်ပါးလက်ထက် ဗုဒ္ဓသာသနာ

ခရစ်နှစ် ၂၅ ခုနှစ်လောက်မှာ မိလိန္ဒမင်း အုပ်စိုးတဲ့ တိုင်းနိုင်ငံကို ပထမ ခတ်ဖိစီ[၃] မင်း ခေါင်းဆောင်တဲ့ ကုသျှာနလူမျိုးတို့ တိုက်ခိုက်အောင်မြင်ကြတယ်။ ဒီနောက် ထို ခတ်ဖိစီမင်းဟာ အိန္ဒိယမြောက်ပိုင်း နယ်ပယ်တွေကို ထပ်ပြီး သိမ်းပိုက်ပြန်တယ်။ ကုသျှာနတွေဟာ သူတစ်ပါးနိုင်ငံကို တိုက်ခိုက်တဲ့လူတွေ ဖြစ်ပေမဲ့ အိန္ဒိယမြေကို မနင်းခင်ကပင် ဗုဒ္ဓသာသနာနဲ့ နီးစပ်ခဲ့တဲ့လူမျိုး ဖြစ်တယ်။

---

၂။ Plutarch ၃။ Kadphises

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့် ကုသျှာနမင်းနှစ်ပါး လက်ထက်မှာ ဗုဒ္ဓသာသနာဟာ လွတ်လွတ်လပ်လပ် ကိုးကွယ်ခြင်း ခံခဲ့ရတယ်။

## ကသိနိကမင်း

ဂုရ ခုနှစ်ကို ရောက်လာတဲ့ ကုသျှာနမင်းများအနက်က အကျော် ကြားဆုံးဖြစ်တဲ့ ကနိသိကမင်း ဟာ နန်းတက်တယ်။ ကနိသိကမင်း ဟာ ခတ်ဖိစီမင်းရဲ့ အနွယ် ဟုတ်ဟန်မတူဘူး။ ပထမတော့ သူဟာ ဗုဒ္ဓသာသနာကို ကြည်ညို ယုံကြည်သူလည်း မဟုတ်ဘူး။ ဒီမင်းဟာ ဂင်္ဂါမြစ်ဝှမ်းမှာရှိတဲ့ အတိုင်းတိုင်း အပြည်ပြည်တွေကို တိုက်ခိုက် သိမ်းပိုက်တယ်။ ဗုဒ္ဓသာသန လက်မွန်အစတည်ရာဖြစ်တဲ့ မဂဓတိုင်း ကိုပါ သိမ်းပိုက်တယ်လို့တောင် ဆိုကြပါတယ်။ ကနိသိကမင်းဟာ ဗုဒ္ဓဘာသာတို့ ယုံကြည်တဲ့ "ကံ" တရားရဲ့ သဘောကို ယုံမှား သံသယဖြစ်တဲ့မင်း ဖြစ်တယ်။ ဒါပေမဲ့ အတိုင်းအတိုင်း အပြည်ပြည် တွေကို တိုက်ခိုက်သိမ်းပိုက်ရင်း သွေးထွက်သံယိုမှု ပြုပြီးတဲ့နောက် သီရိဓမ္မာသောကမင်းကြီးလိုပဲ သံဝေဂရပြီး ဗုဒ္ဓသာသနာ၌ သဒ္ဓါ ကြည်ညိုခြင်း ဖြစ်လာပါတယ်။ နောက်ပြီးတော့ သီရိဓမ္မာသောက မင်းကြီးလိုပဲ အိန္ဒိယနိုင်ငံကို ဗုဒ္ဓသာသနာကိုးကွယ်တဲ့နိုင်ငံ ဖြစ်လာ အောင် ဆောင်ရွက်တော်မူတယ်။ မြတ်စွာဘုရားရဲ့ ဓာတ်တော်မွေတော် တို့ကို ရှာဖွေစုဆောင်းပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ ဓာတ်တော်စေတီ များကို တည်ထားကိုးကွယ်ပါတယ်။

## စတုတ္ထသင်္ဂါယနာ

နောက်ပြီးတော့ သီရိဓမ္မာသောကမင်းလိုပဲ ကနိသိကမင်းဟာ သင်္ဂါယနာသဘင်ကို ကျင်းပပါသေးတယ်။ ဒီသင်္ဂါယနာကို အိန္ဒိယ

www.burmeseclassic.com

www.burmeseclassic.com



ပြည်မမှာ စတုတ္ထသင်္ဂါယနာ လို့ အသိအမှတ်ပြုကြပါတယ်။ ထေရဝါဒဂိုဏ်းကတော့ အသိအမှတ် မပြုဘူး။ မဟာယာနဂိုဏ်းသားတို့ဟာ ဒီသင်္ဂါယနာကို စတုတ္ထသင်္ဂါယနာအဖြစ် အသိအမှတ် ပြုကြပါတယ်။ ဒါပေမဲ့ ဒီသင်္ဂါယနာကို မဟာသံဃိကဂိုဏ်းက ဦးစီးကျင်းပခြင်း မဟုတ်ပါဘူး။ သမားရိုးကျဂိုဏ်းရဲ့ ဂိုဏ်းခွဲဖြစ်တဲ့ သမားရိုးမကျတကျ သဗ္ဗတ္တိဝါဒဂိုဏ်းက သူ့လက်အောက်ခံ ဂိုဏ်းကွဲများနှင့် ပူးပေါင်းပြီး ကြီးမှူးကျင်းပခြင်းသာ ဖြစ်ပါတယ်။

ဒီ သင်္ဂါယနာသဘင် ကို ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ဗုဒ္ဓသာသနာ ဂိုဏ်းအမျိုးမျိုးတို့ရဲ့ အယူအဆ အမျိုးမျိုးကို ညှိနှိုင်းဆွေးနွေးပြီး အငြင်းအခုံဖြစ်မှုတွေကို ငြိမ်းစေချင်တဲ့ ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီရည်ရွယ်ချက်ဟာ ရှေးရှေးက ပြုလုပ်ခဲ့ဖူးတဲ့ သင်္ဂါယနာတင် (၃) ခုလုံးရဲ့ ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ရည်ရွယ်ချက်အတိုင်း အထမြောက်ခြင်း မရှိခဲ့ကြပါဘူး။

၇၈ ခုနှစ်ကို ရောက်လာတဲ့အခါမှာ ထေရဝါဒဂိုဏ်းနဲ့ အခြားဂိုဏ်းတွေဟာ ရင်ကြားစေ့လို့ မရအောင် ကွဲကုန်ကြတာပဲ။ ဒီအချိန်မှာ ထေရဝါဒဂိုဏ်းဟာ သီဟိုဠ်ကျွန်းကို ရွှေ့ပြောင်းခဲ့တာ ကြာမြင့်လှပြီ ဖြစ်တဲ့အတွက် အိန္ဒိယပြည်မမှာ ထေရဝါဒကျောင်းတွေဟာ ဟိုတစ်ကျောင်း၊ ဒီ တစ်ကျောင်းလောက်သာ ကျိုးတိုးကျဲတဲ ရှိတော့တယ်။ ဒါပေမဲ့ ကျောင်းတွေဟာ ပျောက်ကွယ်မတတ် ဖြစ်နေတဲ့ ထေရဝါဒအစဉ်အလာကိုတော့ လိုက်နာကျင့်သုံးလျက်ပဲ ရှိပါသေးတယ်။

## ဟိန္ဒူဘာသာ

မြတ်စွာဘုရား ပွင့်တော်မူလို့ ဗုဒ္ဓသာသနာ ထွန်းလာတဲ့အခါက စပြီး အကြီးအကျယ် တိမ်ကောသွားတဲ့ ဟိန္ဒူဘာသာဟာ ဒီအခါမှာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီး ထူလာပါတယ်။ မြတ်စွာဘုရားရဲ့ အဆုံးအမ ဒေသနာတော်များကြောင့် ဟိန္ဒူဘာသာ အယူအဆတွေဟာ တစ်မျိုးတစ်ဖုံဖြစ်ခဲ့ပါတယ်။ ဗုဒ္ဓသာသနာ အယူအဆကြောင့် ဟိန္ဒူဘာသာ အယူအဆတွေမှာ အပြောင်းအလွဲတွေ ရှိခဲ့လေတော့ ဟိန္ဒူဘာသာ ပြန်လည်ထွန်းကားလာတဲ့ အခါမှာလည်း ဗုဒ္ဓသာသနာ အယူအဆတွေမှာ တန်ပြန်အပြစ်နဲ့ အပြောင်းအလဲတွေ ဖြစ်လာကြပြန်တယ်။ ဟိန္ဒူဘာသာဝင်မင်းများဟာ တစ်ခါတစ်ရံ ဗုဒ္ဓသာသနာကို ထိပါးတတ်ကြသော်လည်း ကနိသိက လို ဗုဒ္ဓဘာသာဝင် မင်းများကတော့ ဟိန္ဒူဘာသာကို ထိပါးခြင်း မပြုတတ်ပါဘူး။ ဟိန္ဒူဘာသာကိုပင် ချီးမြှောက်ခြင်း ပြုတတ်ပါသေးတယ်။ ဒီတော့ အိန္ဒိယမြောက်ပိုင်းမှာဆိုရင် ဟိန္ဒူဘာသာ အယူအဆတွေဟာ ဗုဒ္ဓသာသနာထဲကို ဝင်ရောက်လာကြပါတယ်။

## မဟာယာနဗုဒ္ဓဘာသာဂိုဏ်း ပေါ်လာခြင်း

ကနိသိကမင်း လက်ထက်မှာ စတုတ္ထသင်္ဂါယနာ တင်ရခြင်းရဲ့ အဓိကကတော့ ဘုရားဟော တရားဟောများနဲ့ ပတ်သက်ပြီး အဋ္ဌကထာသစ်များ ဖွင့်ရန်ပင် ဖြစ်ပါတယ်။ ဒီအဋ္ဌကထာသစ်တွေကို ထေရဝါဒ အစဉ်အလာအရ ပါဠိဘာသာနဲ့ မဖွင့်ဘဲ သသ်ကရိုက်ဘာသာနဲ့ ဖွင့်တယ်။ ဒီအချက်ကိုထောက်တော့ ဒီသင်္ဂါယနာဟာ ဘယ်ဘက်ကို ယိုင်နေတယ်ဆိုတာ သိနိုင်ပါတယ်။ ဒီ သင်္ဂါယနာတင်ပွဲမှာ ထေရဝါဒဂိုဏ်း က လုံးဝ မပါဝင်ဘူး။ ထေရဝါဒဂိုဏ်းနဲ့ ဆန့်ကျင်ပြီး အချင်းချင်းလည်း သဘောကွဲလွဲနေကြတဲ့ ဂိုဏ်းအားလုံးတို့ဟာ သူတို့ရဲ့ အယူအဆကွဲလွဲချက်များနှင့် ပတ်သက်ပြီး သဘောတူညီချက်များကို ရအောင် ပြုလုပ်နိုင်ခဲ့ကြတယ်။ အဲဒီလို သူတို့

www.burmeseclassic.com



အချင်းချင်း ညှိနှိုင်း ညီညွတ်နိုင်ခဲ့တဲ့အတွက် မဟာယာန ဗုဒ္ဓဘာသာ ဂိုဏ်းတစ်ဂိုဏ်း ပေါ်ပေါက်လာခဲ့ပါတယ်။

## ဗုဒ္ဓတက္ကသိုလ်

ကနိသိကမင်းလက်ထက်က စတုတ္ထသင်္ဂါယနာအပြီးမှာ ကနိသိကမင်း အုပ်စိုးတဲ့ ဂန္ဓာရတိုင်းဟာ ဗုဒ္ဓသာသနာ စည်ပင်တိုးတက်ရာ ဌာနတစ်ခုဖြစ်လာပါတယ်။ တက္ကသီလမြို့ အစရှိတဲ့မြို့များက ဗုဒ္ဓတက္ကသိုလ်များမှာ ရဟန်းအများအပြားတို့ဟာ ဗုဒ္ဓဘာသာကို သင်ယူ လေ့လာကြပါတယ်။ တက္ကသီလကျောင်းတော်ကြီးဟာ ဗုဒ္ဓဘာသာ ရဟန်းတက္ကသိုလ်ဖြစ်ပေမဲ့ လူပုဂ္ဂိုလ်ရော၊ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ ပုဂ္ဂိုလ်တွေရော၊ တိဗက်နဲ့ တရုတ်ပြည်တို့က ရဟန်းတွေနဲ့ သုတေသီပုဂ္ဂိုလ်တွေရော ဒီတက္ကသိုလ်ကို လာရောက်ပြီး ပညာဆည်းပူးကြပါတယ်။ အိန္ဒိယပြည်မှာ ကြွင်းကျန်နေသေးတဲ့ ထေရဝါဒ ဂိုဏ်းဝင်တို့လည်း မဟာယာနဂိုဏ်းရဲ့ အဘိဓမ္မာကို လာရောက်လေ့လာကြပါတယ်။

## ဂုတ္တမင်းလက်ထက် ဗုဒ္ဓသာသနာ

သုံးရာစုနှစ်လောက်ရောက်တော့ ကုသျှာနမင်းလက်ဆက်ဟာ ပြတ်သွားတယ်။ ဗုဒ္ဓသာသနာလည်း သာသနာ့ဒါယကာ မင်းမဲ့သွားပါတော့တယ်။ ၄ ရာစုနှစ်လောက် ရောက်တော့ ဂုတ္တမင်းသစ်များဟာ အိန္ဒိယပြည်မြောက်ပိုင်းမှာ အုပ်စိုးကြတယ်။ ဟိန္ဒူဘာသာဝင်မင်းတွေ ဖြစ်ကြတယ်။ ဒီ မင်းသစ်တွေဟာ ဗုဒ္ဓသာသနာတော်ကို ကိုးကွယ်ခွင့်ပြုကြပြီး ရံဖန်ရံခါ အထောက်အပံ့ပေးတတ်ကြပါတယ်။ ဗုဒ္ဓသာသနာ့အရောင်ဟာ အိန္ဒိယပြည်မမှာ တစ်ချက်တစ်ချက်လေ့ောက်

www.burmeseclassic.com

www.burmeseclassic.com



ပဲ ထွန်းတောက်ပြီး မှေးမှိန်ကွယ်ပျောက်သွားတော့တာပါပဲ။ ဂန္ဓာရတိုင်းနဲ့ မဂဓတိုင်းတို့မှာ ရဟန်းကျောင်းတော်ကြီးများနဲ့ သံဃတက္ကသိုလ်ကြီးများဟာ ဆက်လက်ပြီး ကြီးပွားတိုးတက်ကြပါရဲ့။ ဒါပေမဲ့ ဂုတ္တမင်းများရဲ့ လက်ထက်မှာ ဟိန္ဒူယဉ်ကျေးမှုနဲ့ ဟိန္ဒူဘာသာတို့ကသာ လွှမ်းမိုးလာပါတယ်။

## ဖာဟီယန် မှတ်တမ်း

၄ ရာစုနှစ် ကုန်ဆုံးလို့ ၅ ရာစုနှစ်ထဲ ရောက်လာတော့ အိန္ဒိယပြည်တစ်ခုလုံးမှာ ခရီးလှည့်လည်ခဲ့တဲ့ တရုတ်ဘုန်းတော်ကြီး ဖာဟီယန်[၄] ဟာ သူရောက်ဖူးတဲ့ ရဟန်းကျောင်းတော်ကြီးများ အကြောင်း၊ သံဃတက္ကသိုလ်များ အကြောင်းကို မှတ်တမ်းရေးခဲ့ပါတယ်။ သူရေးတဲ့ မှတ်တမ်းထဲမှာ ဖာဟီယန်က ဂုတ္တမင်းများရဲ့ ဘာသာရေး လွတ်လပ်ခွင့်ပေးပုံ၊ ပညာရေး အားပေးပုံ၊ တိုင်းနိုင်ငံ အအုပ်အချုပ်ကောင်းပုံတွေကို ဂရုစိုက်ပြီး ရေးခဲ့ပါတယ်။ သူ့ထင်မြင်ချက် အရဆိုရင် ဂုတ္တမင်းများရဲ့ လက်ထက်မှာ ဗုဒ္ဓသာသနာနဲ့ ဟိန္ဒူဘာသာတို့ဟာ ထပ်တူထပ်မျှ အရေးပါ အရာရောက်ကြတယ်လို့ ဆိုခဲ့ပါတယ်။ ဒါပေမဲ့ ဂုတ္တမင်းများရဲ့ခေတ်ဟာ မဟာယာန ဗုဒ္ဓသာသနာ အိန္ဒိယပြည်မှာ ဆုတ်ယုတ်ပျောက်ကွယ်နေတဲ့ ခေတ်ပဲ ဖြစ်ပါတယ်။

## ဟူနလူမျိုး ဝင်ရောက်စဉ်

၆ ရာစုနှစ်ကို ရောက်လာတော့ ဟူန[၅] လို့ ခေါ်တဲ့ လူမျိုးတစ်မျိုးဟာ အလုံးအရင်းနဲ့ချီပြီး အိန္ဒိယမြောက်ပိုင်းကို ထိုးဖောက်

၄။ Fa-hien ၅။ Huns

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာကြပါတယ်။ သူတို့ ဂန္ဓာရတိုင်းကို ရောက်တဲ့အခါမှာ ဂန္ဓာရတိုင်းမှာ ရှိတဲ့ ရဟန်းကျောင်းတော်တွေ၊ စာသင်တိုက်တွေ၊ ဗုဒ္ဓဘာသာဆိုင်ရာ သာသနိက အဆောက်အအုံတွေကို ဖျက်ဆီးကြပါတယ်။ ရဟန်းတော်များနဲ့ ပညာရှင်များကိုလည်း သတ်ဖြတ်ကြပါတယ်။ ပိဋကတ်တော်များကိုလည်း မီးရှို့ ဖျက်ဆီးကြပါတယ်။ တက္ကသီလမြို့က တက္ကသိုလ်ကြီးဟာလည်း ရစရာမရှိအောင် ပျက်စီးသွားခဲ့ရပါတယ်။ ဒါတင် မကသေးပါဘူး။ ဂုတ္တမင်းများရဲ့ နိုင်ငံတော်ကြီးတောင် အစိတ်စိတ်အမြွာမြွာကွဲပြီး သူတစ်လူ ငါတစ်မင်းတွေ ဖြစ် ကုန်ကြပါတယ်။

## ဟာရှာမင်းကြီး လက်ထက်

၆၀၅ ခုနှစ်မှာ ဟာရှာ[၆]လို့ခေါ်တဲ့ မင်းကြီး နန်းတက်လာတော့ အိန္ဒိယပြည်ကြီးဟာ စည်းလုံးမှုကို ပြန်လည်ရရှိလာပါတယ်။ ဟာရှာမင်း မူလစိုးအုပ်တဲ့ ဒေသကတော့ ဂင်္ဂါမြစ်ဝှမ်းရဲ့ အနောက်မြောက်ပိုင်း နယ်ပယ်အားလုံးကို တလုံးတစည်းတည်း ဖြစ်လာအောင် ၃၆ နှစ်ကြာမျှ ကြိုးစားဆောင်ရွက်ခဲ့ရတယ်။ ဟာရှာမင်းကလည်း သီရိဓမ္မာသောကမင်းနဲ့ ကနိသိကမင်းများလိုဘဲ ဗုဒ္ဓသာသနာတော်ရဲ့ ဒါယကာကြီးဖြစ်တယ်။ ဂင်္ဂါမြစ်ဝှမ်းမှာ စေတီသစ်များကို တည်ထား ကိုးကွယ်တယ်။ ရဟန်းကျောင်းများနဲ့ စာသင်တိုက်များကို ထောက်ပံ့တယ်။ ဗုဒ္ဓဘာသာစာပေသင်ကြားပို့ချတဲ့ နာလန္ဒတက္ကသိုလ်ကြီးကို အားပေး ချီးမြှင့်ခဲ့ပါတယ်။

၆၃၀ ခုနှစ်နဲ့ ၆၄၀ ခုနှစ်အတွင်း အိန္ဒိယပြည်မှာ လှည့်လည်ဘုရားဖူးတဲ့ တရုတ်အမျိုးသား ဟူယင်စင်း[၇] က ဟာရှာမင်းဟာ

၆။ Harsha ၇။ Hiuen Tsang

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓသာသနာကို အားပေးထောက်ပံ့ကြောင်း ချီးကျူး ရေးသားခဲ့ပါတယ်။

ဟာရှာမင်းဟာ အခြားဘာသာအားလုံးနဲ့ ဘာသာရေး ဂိုဏ်းဂဏ အားလုံးကိုပဲ ခွင့်ပြုပါတယ်။ အထူးအားဖြင့် ဟိန္ဒူဘာသာကို အခွင့်အရေး ပိုပေးပါတယ်။ ဟာရှာမင်းလက်ထက်မှာ ဗုဒ္ဓသာသနာဟာ ပြန်ပြီးထူလာပေမဲ့ ဟိန္ဒူဘာသာကလည်း အင်အားကြီးသည်ထက် ကြီးလာပြီး ဗုဒ္ဓသာသနာကိုတောင်မှ လွှမ်းမိုးလာချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟိန္ဒူဘာသာဝင်တွေဟာ "ပူရာနဟိန္ဒူဝါဒ" လို့ ခေါ်တဲ့ ဟိန္ဒူဂိုဏ်းသစ်တခုကို တည်ထောင်ပြီး ဓာတ်နိမ့်ဓာတ်မြင့်စတဲ့ ဓာတ်အယူဝါဒကို ပိုမို ကျင့်သုံးလာကြလို့ဖြစ်ပါတယ်။ အဲဒီဓာတ်အယူဝါဒ ပြင်းထန်လာတဲ့အတွက် ဗုဒ္ဓသာသနာတော်ဟာ ပိုမိုဆုတ်ယုတ်သွားပါတယ်။

## ဣသိန်ဂမှတ်တမ်း

၆၇၁ ခုနှစ်နဲ့ ၆၉၅ ခုနှစ် အိန္ဒိယပြည်သို့ ရောက်လာတဲ့ တရုတ်အမျိုးသား ဘုရားဖူး ဣသိန်ဂ[၈]က အိန္ဒိယပြည်မှာ ဗုဒ္ဓသာသနာဟာ ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်နေပြီဖြစ်ကြောင်း ဝမ်းနည်းစကားပြောပြီး မှတ်တမ်းတင်ခဲ့ရှာတယ်။

## ပါလမင်းများအုပ်စိုးချိန်

ဒါပေမဲ့ ၁၀ ရာစုနှစ် မဂဓတိုင်းကို ပါလ[၉]မင်း အုပ်စိုးတဲ့အချိန်မှာတော့ ဗုဒ္ဓသာသနာဟာ နောက်ဆုံးအနေနဲ့ ထွန်းတောက်ခဲ့ပါသေးတယ်။ ပါလမင်းများဟာ ဗုဒ္ဓဘာသာ သံဃတက္ကသိုလ်

၈။ I - Tsing ၉။ Pala

www.burmeseclassic.com

www.burmeseclassic.com



အသစ်နှစ်ခုကို တည်ထောင်ပေးခဲ့တဲ့အပြင် နာလန္ဒာတက္ကသိုလ်ကိုလည်း အထောက်အပံ့ပေးခဲ့ကြပါတယ်။ ဒီတော့ ဗုဒ္ဓဘာသာပြန့်ပွားရေးဟာ ပြန်ပြီး အသက်ဝင်လာပြန်တယ်။

ဒီတက္ကသိုလ်တွေက ရဟန်းပညာရှိများဟာ အရှေ့တောင်အာရှ ဒေသကို မဟာယာနဗုဒ္ဓသာသနာ ဖြန့်ဖြူးရေးအတွက် သွားကြတယ်။ နာလန္ဒာတက္ကသိုလ် ပညာရှင်များနဲ့ ပသျှူးကျွန်းဆွယ်ရှိ သေလိန္ဒ နိုင်ငံက ပညာရှင်များဟာ ရင်ရင်နှီးနှီး ဆက်သွယ်လျက်ရှိတဲ့အပြင် တိဗက်ပြည်က ဗုဒ္ဓသာသနာကိုလည်း ပါလနိုင်ငံက ရဟန်းပညာ ရှိများကပဲ ပြန်လည်ပြုပြင် မွမ်းမံပေးခဲ့ကြပါတယ်။

## သာသနာတော် လုံးဝကွယ်

ဒါပေမဲ့ အိန္ဒိယပြည်မှာတော့ ဗုဒ္ဓသာသနာကြီးဟာ ဆုတ်မြဲတိုင်း ဆုတ်လာပြီး ၁၀၀၀ ပြည့်နှစ်လောက်မှာ ပသီ (မွတ်စလင်)မင်းများ ဟာ အိန္ဒိယပြည်ကို ဝင်ရောက် သိမ်းပိုက်လိုက်တော့ ဗုဒ္ဓသာသနာ တော်ဟာ အိန္ဒိယပြည်မှာ လုံးဝကွယ်သွားတော့ပါပဲ။

## ထေရဝါဒဂိုဏ်းနှင့် မဟာယာနဂိုဏ်း

ဒီနေရာမှာ သာသနာဝင်အကြောင်း တစ်ခန်းရပ်ပြီး ထေရဝါဒ ဂိုဏ်းနဲ့ မဟာယာနဂိုဏ်းတို့ရဲ့ ဓမ္မအယူအဆ ကွဲပြား ခြားနားပုံကို လည်းကောင်း၊ ဒီဂိုဏ်းနှစ်ဂိုဏ်းဟာ တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း ဆက်ဆံပုံ ဆက်ဆံနည်းတွေကိုလည်းကောင်း တင်ပြဆွေးနွေးလိုပါတယ်။

"ဟိနယာန" ဒါမှ မဟုတ်ရင်လည်း "ယာန်အငယ်စား" ဆိုတဲ့ အမည်ပညတ်ဟာ ထေရဝါဒဂိုဏ်းကို နှိမ့်ချပြီးခေါ်တဲ့ အမည်နာမ ဖြစ်ပေမဲ့ မဟာယာနဂိုဏ်းသားတို့ဟာ ထေရဝါဒကို မမှန်မကန်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝါဒရယ်လို့ မယူဆခဲ့ကြပါဘူး။ ဒီအမည်နာမကိုလည်း သူတို့ကိုယ်တိုင်က မခေါ်ဝေါ် မသုံးစွဲခဲ့ပါဘူး။ ထေရဝါဒဟာ မှားတယ်။ ဘုရားဟောနဲ့ မကိုက်ဘူးရယ်လို့လည်း မစွပ်စွဲခဲ့ပါဘူး။

ဒါပေမဲ့ သူတို့က ထေရဝါဒဟာ ကျဉ်းမြောင်းတယ်။ မပြည့်သေးဘူးရယ်လို့တော့ ထင်မြင်ကြပါတယ်။ ထေရဝါဒဂိုဏ်းသားတွေကလည်း မဟာယာနဂိုဏ်းသားတွေဟာ ဘာသာရေး အတွေးအခေါ်လွန်းနေကြတယ်။ ဒါကြောင့် မြတ်စွာဘုရားရဲ့ မူလအဆုံးအမတရားတော်က လမ်းခွဲထွက်ရာ ရောက်နေကြတယ်လို့ ယူဆကြပါတယ်။

မဟာယာနဆိုတဲ့ အမည်ပညတ်ဟာ မဟာသံဃိကဆိုတဲ့ အမည်နာမက ဆင်းသက်လာဟန်တူပါတယ်။ မဟာယာနဂိုဏ်းဝင်များဟာ သူတို့ရဲ့ ဝါဒက မြတ်တယ်။ သူတို့ရဲ့ ဝါဒနဲ့ ဆန့်ကျင်တဲ့ ဝါဒက နိမ့်တယ်လို့ ဘယ်တုန်းကမှ မယူဆခဲ့ကြပါဘူး။ စင်စစ်မှာတော့ မထေရ်ကြီးတို့ရဲ့ ဝါဒ၊ ဒါမှမဟုတ်ရင်လည်း ထေရဝါဒဆိုတာဟာ လေးစားထိုက်တဲ့ အမည်နာမဖြစ်ပါတယ်လို့ ယူဆခဲ့ပါတယ်။

## အခြေခံသဘောတရား အတူတူပင်

ဒီဂိုဏ်းနှစ်ခုလုံးရဲ့ အခြေခံသဘောတရားတွေဟာ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ ကံ ကံ၏အကျိုးတရား၊ အနတ္တတရား၊ မဂ်တရား၊ ဖိုလ်တရား စသည်ဖြင့် အတူတူပင် ဖြစ်ပါတယ်။

ဒါကြောင့် မဟာယာန ရဟန်းကျောင်းတွေ၊ စာသင်တိုက်တွေ၊ သံဃတက္ကသိုလ်တွေမှာဆိုရင် မဟာယာနဂိုဏ်းဝင်တွေနဲ့ ထေရဝါဒဂိုဏ်းဝင်တွေဟာ ဗုဒ္ဓဘာသာ စာပေပရိယတ်ကို အတူတကွ သင်ယူ

www.burmeseclassic.com

www.burmeseclassic.com



လေ့လာကြတယ်လို့ တရုတ်ပြည်က တရုတ်အမျိုးသား ဘုရားဖူး ခရီးသည်တို့က မှတ်တမ်းရေးခဲ့ကြခြင်း ဖြစ်ပါတယ်။

## ကွဲလွဲသော အယူအဆနှစ်ခု

ဒါပေမဲ့ ဒီဂိုဏ်းနှစ်ဂိုဏ်းမှာ ကွဲလွဲနေတဲ့ ဓမ္မအယူအဆကြီး နှစ်ခု ရှိနေပါတယ်။ ဘာတွေလည်းဆိုတော့ တရားနဲ့ ပတ်သက်ပြီး အယူအဆ မတူခြင်းနဲ့ ဘုရားနဲ့ ပတ်သက်ပြီး အယူအဆမတူခြင်းတို့ ဖြစ်ပါတယ်။

ထေရဝါဒဂိုဏ်းဝင်တို့က မြတ်စွာဘုရား ဟောကြားခဲ့တဲ့ တရား များဟာ သွက္ခာတဂုဏ်နှင့်အညီ အစ၊ အလယ်၊ အဆုံး တိတိကျကျ ပြည့်စုံပြီးသားဖြစ်တယ်။ ဒီတရားတွေအပေါ်မှာ သို့လော သို့လော တွေးတော ယုံမှားစရာ ရှိနေဖို့ မလိုဘူးလို့ ယူဆကြပါတယ်။ နောက် ပြီးတော့ ဒီ တရားတော်အတိုင်းသာ လိုက်နာ ကျင့်ကြံဖို့ လိုတယ်။ ပထမသင်္ဂါယနာတင်မှာ မှတ်တမ်းတင်ထားခဲ့တဲ့ ပိဋကတ်တော်တွေ ကို မပျောက်မပျက်အောင် ကောင်းစွာ စောင့်ရှောက်ဖို့ လိုတယ်လို့ လည်း ယူဆကြပါတယ်။

မဟာယာနဂိုဏ်းဝင်များကတော့ တရားကို လွန်ပြီး တွေးတော ကြံဆချင်ကြတယ်။ မြတ်စွာဘုရား ဟောခဲ့တဲ့ တရားဟာ အရင်းခံ တရားမျှသာ ဖြစ်တဲ့အတွက် အရင်းခံတရားကို အခြေပြုပြီး တိုးတက် ကြံဆနိုင်ခြင်း ရှိရမယ်လို့လည်း ယူဆကြပါတယ်။

ဘုရားနဲ့ ပတ်သက်ပြီး ယူဆတဲ့နေရာမှာ ထေရဝါဒဂိုဏ်းဝင် များက မြတ်စွာဘုရားဟာ မြတ်နိုးအပ်၊ ကြည်ညိုအပ်၊ ဂါရဝ ပြုအပ် ပေမဲ့ မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်ဟာ အနိစ္စသာဖြစ်တယ်။ ကာယိက ဒုက္ခနဲ့မကင်းဘူး။ အိုရ၊ နာရ၊ သေရတဲ့ဒုက္ခနဲ့ မကင်းဘူးလို့ ယူဆ

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ "ငါဘုရား မရှိတဲ့နောက် ငါဘုရားဟောကြားတော်မူခဲ့တဲ့ တရားတော်၊ ဝိနည်းတော်တို့ဟာ သင်တို့ရဲ့ ဆရာဖြစ်တယ်" လို့ မြတ်စွာဘုရားက မိန့်တော်မူခဲ့တဲ့အတိုင်း ဒီတရားတော် ဝိနည်းတော်တို့ကိုသာလျှင် လိုက်နာကျင့်ကြံရမယ်လို့လည်း ယူဆကြပါတယ်။

မဟာယာန ဂိုဏ်းဝင်တွေကတော့ မြတ်စွာဘုရားရဲ့ ကိုယ်တော်ဟာ သာမန်သတ္တဝါများရဲ့ ကိုယ်နဲ့မတူဘူး။ သာမန်သတ္တဝါများရဲ့ ကိုယ်က ပျက်စီးတယ်။ မြတ်စွာဘုရားရဲ့ကိုယ်ကတော့ အညစ်အကြေးမှန်သမျှ ကင်းစင်နေတဲ့အတွက် မပျက်စီးနိုင်ဘူးလို့ ယူဆကြတယ်။ နောက်ပြီးတော့ မြတ်စွာဘုရားအပေါ်မှာ သဒ္ဓါယုံကြည်ခြင်း ရှိရုံနဲ့ မဂ်ဖိုလ်အထိ အဆင့်ဆင့်ရနိုင်တယ်လို့လည်း ယူဆကြတယ်။ နောက်ပြီးတော့လည်း လူတိုင်းလူတိုင်းဟာ ဘုရားလောင်းအဖြစ်ကိုသာ ရရှိအောင် အားထုတ်ရမယ်လို့ ယူဆကြတယ်။

အဲဒါတွေဟာ ထေရဝါဒဂိုဏ်းဝင်တွေနဲ့ မဟာယာန ဂိုဏ်းဝင်တွေရဲ့ အယူအဆကွဲလွဲမှုတွေပဲ ဖြစ်ပါတယ်။

## မဟာယာနနှင့် ထေရဝါဒ အပြိုင်အဆိုင်

ကနိသိကမင်း လက်ထက်ကစပြီး အိန္ဒိယပြည်မြောက်ပိုင်းမှာ မဟာယာန အသွင်ကိုယူကာ အသစ်ပေါ်ပေါက်လာတဲ့ ဗုဒ္ဓသာသနာဟာ သီဟိုဠ်နဲ့ အရှေ့တောင်အာရှဒေသမှာရှိကြတဲ့ ထေရဝါဒ သာသနာကိုပင် အရောင်လာဟပ်ပါသေးတယ်။ သီဟိုဠ်ကျွန်းမှာတောင် ထေရဝါဒဂိုဏ်းဝင်များနဲ့ မဟာယာနဂိုဏ်းဝင်တွေဟာ အပြိုင်အဆိုင် ဖြစ်ကြပါသေးတယ်။

မြန်မာပြည်နဲ့ အရှေ့တောင်အာရှဒေသများမှာတော့ မဟာယာန ဗုဒ္ဓသာသနာဟာ အိန္ဒိယပြည်ဘက်က တိုက်ရိုက် တိုးဝင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့လည်း အိန္ဒိယပြည်က တရုတ်ပြည်နဲ့ တိဗက်ပြည်ကို ရောက်သွားပြီး အဲဒီကမှတစ်ဆင့် မြန်မာပြည်နဲ့ အရှေ့တောင်အာရှ ဒေသများကို ရောက်လာပါသေးတယ်။ ဒါပေမဲ့ ဒီတိုင်းပြည်တွေမှာ မဟာယာနနဲ့ ထေရဝါဒတို့ရဲ့ အပြိုင်အဆိုင်ဟာ သိပ်ပြီး မပြင်းထန်ခဲ့ပါဘူး။ မဟာယာန တိုးဝင်လာတဲ့အချိန်မှာ ဆိုရင် ထေရဝါဒကလည်း ဒီတိုင်းပြည်တွေမှာ သိပ်ပြီး အင်အားကြီးမားခြင်း မရှိသေးတဲ့အတွက် ဒီတိုင်းပြည်တွေဟာ ဝါဒနှစ်ခုလုံးကိုပဲ စုပေါင်းလက်ခံကြတယ်လို့ ယူဆစရာရှိပါတယ်။

## ထေရဝါဒ အာစာနည်

ဒါပေမဲ့ ငါးရာစု နှစ်လောက်မှာ ထေရဝါဒ အယူအဆတွေကို ရှင်းလင်း ဖော်ပြနိုင်တဲ့ ထေရဝါဒ အာစာနည် ဗုဒ္ဓဃောသမထေရ် ထွန်းကားပေါ်ပေါက်လာတဲ့အတွက် ထေရဝါဒသာ ဒီတိုင်းပြည်တွေမှာ ထွန်းကားပြန့်ပွားပြီး ခိုင်မြဲလာပါတယ်။

## အရှင်ဗုဒ္ဓဃောသ မထေရ်

"ရှင် ဗုဒ္ဓဃောသမထေရ်ဟာ မြန်မာပြည်တောင်ပိုင်းမှာ မွေးဖွားပြီး မွန်လူမျိုးဖြစ်တယ်" လို့ မြန်မာများက အစဉ်အလာအရ ယူဆလာခဲ့ကြပါတယ်။ ဒီအယူအဆကို အနောက်နိုင်ငံ သုတေသီတို့က သံသယဖြစ်ခဲ့ကြပါတယ်။ ပြက်ရယ်ခြင်းကိုတောင် ပြုခဲ့ကြပါသေးတယ်။ ဒါပေမဲ့ မကြာသေးခင်ကဆိုရင် "ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာ"[၁၀] ခေါ်တဲ့ ကျမ်းကို ရေးသားစီရင်တဲ့ အဲလျော့[၁၁] ဆိုတဲ့

၁၀။ Hinduism and Buddhism

၁၁။ Eliot

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကြီးက မြန်မာတို့ရဲ့ ယူဆချက်ကို ထောက်ခံလိုက်ပါတယ်။ ဒီအခါကစပြီး သုတေသီ တော်တော်များများဟာ ဒီယူဆချက်ကို ပြက်ရယ်မပြုတော့ဘဲ ဒီယူဆချက်ဟာ မဖြစ်နိုင်တဲ့ယူဆချက် မဟုတ်ဘူးရယ်လို့ ထင်မြင်ချက် ပေးလာကြပါတယ်။

အရှင်ဗုဒ္ဓဃောသရဲ့ ဇာတိချက်ကြွေဟာ မြန်မာပြည်ပဲဖြစ်ဖြစ်၊ ဗုဒ္ဓဂါယာပဲဖြစ်ဖြစ် ရှင်ဗုဒ္ဓဃောသဟာ အိန္ဒိယပြည် တောင်ပိုင်းရှိ အရှင်ရေဝတမထေရ်ဆီမှာ နှစ်ပေါင်းများစွာ ဗုဒ္ဓဘာသာကျမ်းများကို လေ့လာ ဆည်းပူးခဲ့တာတော့ သေချာပါတယ်။ ရှင်ဗုဒ္ဓဃောသဟာ ပျိုရွယ်စဉ်က ဆိုရင် ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းခပ် တတ်မြောက်တယ်။ ဒါ့ကြောင့် ပညာမာနတက်ပြီး သူ့ကိုယ်သူ အတော် အထင်ကြီးတယ်။ အရှင်ရေဝတနဲ့ တရားဆွေးနွေးမိတဲ့အခါကျမှ မာန်ကျပြီး ဗုဒ္ဓဘာသာ စာပေတွေကို လေ့လာချင်တဲ့အတွက် ရဟန်းဘောင်ကို ဝင်ခဲ့တယ်။ ရဟန်းအဖြစ်ကို ယူပြီးတဲ့နောက် အရှင်ရေဝတဆီမှာပဲ ပိဋကတ်သုံးပုံကို သင်အံ လေ့လာတယ်။ ဒီအခါမှာ အရှင်ရေဝတဟာ အရှင်ဗုဒ္ဓဃောသရဲ့ ပညာဉာဏ်စွမ်းကို သိတော်မူလာတယ်။

## အဋ္ဌကထာ ပါဠိဘာသာ ပြန်ဆိုရေး

အဲဒီတော့ ရှင်ရေဝတက အိန္ဒိယပြည်မမှာ ပိဋကပါဠိတော်သက်သက်သာ ရှိတယ်။ သင်္ဂါယနာ အဆက်ဆက်တင်ခဲ့ပြီး ဆရာအစဉ်အဆက် ထိန်းသိမ်းခဲ့တဲ့ ထေရဝါဒကျမ်းများနဲ့ အဋ္ဌကထာကျမ်းတွေတော့ မရှိဘူး။ ဒီကျမ်းတွေဟာ သီဟိုဠ်ကျွန်းမှာ သီဟိုဠ်ဘာသာနဲ့ ရေးပြီးသား ရှိတယ်။ ဒီကျမ်းတွေကို လေ့လာပြီး ပါဠိဘာသာပြန်ဆိုရေးအတွက် သီဟိုဠ်ကျွန်းကို သွားပါလို့ ရှင်ဗုဒ္ဓဃောသ ကိုတိုက်တွန်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ပိဋကတ် ဟင်းလေးအိုးကြီး

ရှင်ဗုဒ္ဓဃောသလည်း သီဟိုဠ်ကို ကြွသွားတယ်။ ရှင်ဗုဒ္ဓဃောသ ဟာ သီဟိုဠ်မှာ ထေရဝါဒ အစဉ်အလာကျမ်းတွေကို တွေ့တယ်။ ဒါပေမဲ့ ပါဠိဘာသာ အဋ္ဌကထာတွေကတော့ မရှိတော့ဘူး။ သီဟိုဠ် ဘာသာပြန် အဋ္ဌကထာတွေသာ ကျန်ရှိကြတယ်။ ဒီကျမ်းတွေကို ပါဠိဘာသာပြန်ဆိုရေးအတွက် ရှင်ဗုဒ္ဓဃောသက အခွင့်တောင်းတဲ့ အခါမှာ မဟာဝိဟာရကျောင်းရှိ သံဃာတော် မထေရ်ကြီးများက ရှင်ဗုဒ္ဓဃောသ ရဟန်းငယ်ရဲ့ ပညာဉာဏ်ကို စမ်းလိုတဲ့သဘောနဲ့ အဖွင့်ရေးသားဖို့ ပါဠိဂါထာနှစ်ပုဒ်ကို ပေးကြတယ်။ ဒီဂါထာနှစ်ပုဒ်ကို အခြေတည်ပြီးတော့ ဝိသုဒ္ဓိမဂ်ကျမ်းကြီး တစ်စောင်ကို ပြုစုတော်မူ တယ်။ ဒီ ပိဋကတ် ဟင်းလေးအိုးကြီး လို့ ခေါ်ဆိုနိုင်တဲ့ ဝိသုဒ္ဓိမဂ်ကျမ်း ကြီးကို တွေ့မြင်ရတော့မှ သီဟိုဠ်မထေရ် အပေါင်းတို့ဟာ ရှင်ဗုဒ္ဓ ဃောသရဲ့ ဉာဏ်ရည်ကို ချီးမွမ်းအံ့သြကြပြီး သူအလိုရှိတဲ့ ကျမ်းတွေကို ပါဠိဘာသာပြန်ဆိုခွင့် ပေးကြတယ်လို့ ဆိုပါတယ်။ ရှင်ဗုဒ္ဓဃောသ ကလည်း ကျမ်းအားလုံးနဲ့တကွ သီဟိုဠ်ဘာသာ အဋ္ဌကထာကျမ်း တွေကို ပါဠိဘာသာပြန်ဆိုတဲ့အပြင် ကျမ်းများရဲ့ အဖွင့် အဋ္ဌကထာ များကိုလည်း ရေးသားပြုစုတော်မူခဲ့တယ်။

## ထေရဝါဒ သာသနာ့ တမန်တော်

အရှင်ဗုဒ္ဓဃောသရဲ့ အဋ္ဌကထာနဲ့ ပါဠိဘာသာပြန် ကျမ်းများ ဟာ ထေရဝါဒသာသနာရောင်ကို ဒုတိယအကြိမ် ထွန်းပြောင်စေခဲ့ပါ တယ်။ သီဟိုဠ်ကျွန်းဟာလည်း ဗုဒ္ဓသာသနာ့သမိုင်းမှာ ဒုတိယအကြိမ် သာသနာထွန်းပြောင်ရာဒေသ ဖြစ်ခဲ့ပြီး ထေရဝါဒ ဗုဒ္ဓသာသနာဟာ

www.burmeseclassic.com

www.burmeseclassic.com



လည်း အရှေ့တောင်အာရှဒေသသို့ ပြန့်ပွားလာခဲ့ပါတယ်။ ဒါကြောင့်မို့ ထေရဝါဒဗုဒ္ဓသာသနာရဲ့ ဗဟိုအချက်အချာဟာ သီဟိုဠ်ကျွန်း ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ထေရဝါဒ သာသနာ့တမန်တော်ဟာလည်း ဗုဒ္ဓဃောသ မထေရ်ကျော် ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

နောက်အနှစ်တစ်ရာ နှစ်ရာလောက် ကြာတဲ့အခါမှာ ထေရဝါဒ ဗုဒ္ဓသာသနာဟာ မြန်မာနဲ့ အရှေ့တောင်အာရှတခွင်မှာ မှေးမှိန်ခဲ့ပြန်တယ်။

## အနော်ရထာမင်း

အထက်က ကျွန်တော် ပြောခဲ့တဲ့အတိုင်း ၁၀ ရာစုနှစ် ကုန်ဆုံးခါနီးလောက်မှာ ဗုဒ္ဓသာသနာဟာ ပထမပေါ်ထွန်းရာအရပ် ဖြစ်တဲ့ အိန္ဒိယပြည်မမှာ ကွယ်ပျောက်ခဲ့တယ်။ သီဟိုဠ်ကျွန်းမှာလည်း ၁၁ ရာစုနှစ်မှာ အိန္ဒိယတောင်ပိုင်းသားများဖြစ်ကြတဲ့ ချိုလ[၁၂] ကျေးကုလားလူမျိုးတို့ရဲ့ ဝင်ရောက်တိုက်ခိုက်ခြင်း ခံနေရတဲ့အတွက် ဗုဒ္ဓသာသနာဟာ ဘေးအန္တရာယ်နဲ့ ကြုံတွေ့ခဲ့ရပြန်ပါတယ်။ အခုလို ဗုဒ္ဓသာသနာဟာ ဘေးရန်အပေါင်းနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာ မြန်မာနိုင်ငံ ပုဂံပြည်မှာ အနော်ရထာမင်းဟာ ဗုဒ္ဓသာသနာကို စောင့်ရှောက်ကာကွယ်တဲ့ အာဇာနည်အဖြစ်နဲ့ ပေါ်ထွက်လာပါတယ်။

အနော်ရထာမင်းဟာ ခရစ်နှစ် ၁၀၄၄ ခုမှာ နန်းတက်ပြီးတဲ့နောက် ၁၀ နှစ်အတွင်းမှာ မြန်မာတစ်နိုင်ငံလုံးကို စည်းလုံးညီညွတ်အောင် ဆောင်ရွက်ပြီး ပထမအကြိမ် စည်းလုံးမိတဲ့ မြန်မာနိုင်ငံကို ထူထောင်ခဲ့ပါတယ်။ အနော်ရထာမင်း နန်းတက်ချိန်မှာဆိုရင် တိုင်းသူပြည်သားတွေဟာ မဟာယာန ဗုဒ္ဓသာသနာ ရောနှောနေတဲ့ နတ်ကိုး

၁၂။ Chola

www.burmeseclassic.com

www.burmeseclassic.com



ကွယ်မှု အယူဝါဒတွေကို ယုံကြည် ကိုးကွယ်နေကြပါတယ်။ အနော်ရထာမင်းဟာ အရောရောနှောနှော အယူဝါဒတွေကို မနှစ်သက်ဘူး။ အိန္ဒိယပြည်က မေနန္ဒမင်းကြီးလိုပဲ မှန်ကန်တဲ့ အယူဝါဒကို လိုက်ရှာခဲ့တယ်။

## ရှင်အရဟံ

ဒီအချိန်မှာပဲ မုဆိုးတစ်ယောက်ဟာ ရဟန်းတစ်ပါးကို တောထဲမှာ တွေ့လို့ မင်းကြီးထံ ပင့်ဆောင်လာခဲ့တယ်။ အနော်ရထာမင်းနဲ့ ဒီ ရဟန်းတို့ တွေ့ဆုံကြပုံဟာ သီဟိုဠ်ကျွန်းမှာ တိဿမင်းကြီးနဲ့ ရှင်မဟိန္ဒတို့ တွေ့ဆုံပုံနဲ့ ခပ်ဆင်ဆင်တူတယ်လို့ ဆိုရမှာပဲ။ အနော်ရထာမင်းဟာ သူ့ရှေ့မှာ တည်ငြိမ်တဲ့ ဣန္ဒြေသိက္ခာနဲ့ ရဲရင့်စွာ ရပ်နေတဲ့ ရဟန်းတော်ကိုမြင်လျှင် မြင်ချင်းပဲ ကြည်ညိုဝမ်းမြောက်တဲ့ စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒါနဲ့ အရှင်မြတ်ဟာ လူလား၊ နတ်လား ဘယ်အမျိုး ဘယ်အနွယ်ပါလဲလို့ မေးတော်မူတယ်။ ဒီရဟန်းကတော့ တခြား မဟုတ်ပါဘူး။ မြန်မာနိုင်ငံတောင်ပိုင်းက မွန်လူမျိုး ရဟန္တာ ရှင်အရဟံ ပင် ဖြစ်ပါတယ်။

## အနော်ရထာမင်း ဆောင်ရွက်ချက်

အနော်ရထာမင်းလည်း ဒီအချိန်ကစပြီး ထေရဝါဒ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်လာတဲ့အတိုင်း ချက်ချင်းပဲ ထေရဝါဒ ဗုဒ္ဓသာသနာကို တိုင်းသူပြည်သားအားလုံး ကြည်ညိုလက်ခံအောင် ဆောင်ရွက်ခဲ့ပါတယ်။ နောက်ပြီးတော့ ပုဂံပြည်ကို ထေရဝါဒရဲ့ ဗဟိုအချက်အချာသစ် ဖြစ်လာအောင် ဘုရားများကို တည်ထားကိုးကွယ်တယ်။ ရဟန်းကျောင်းများကိုလည်း ဆောက်စေပါတယ်။ ဒီ ရဟန်း ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



များမှာ ထေရဝါဒကျမ်းများကို လေ့လာ သင်ကြားစေခဲ့ပါတယ်။ အနော်ရထာမင်းရဲ့ ဆောင်ရွက်တော်မူချက်များမှာ အရှေ့တောင်အာရှဒေသမှာ အလွန်အရေးပါ အရာရောက်ပါတယ်။

## ထေရဝါဒ ဗုဒ္ဓသာသနာ့ ဗဟိုအချက်အချာ ဌာနကြီးများ

အနော်ရထာမင်းကို ဆက်ခံကြတဲ့ ပုဂံမင်းများဟာ ၁၂ ရာစုအတွင်း သီဟိုဠ်ဗုဒ္ဓသာသနာ ပြန်လည်တည်ထောင်ရာမှာ အကူအညီအထောက်အပံ့ ပေးခဲ့ကြပါတယ်။ ဒီလိုနဲ့ မြန်မာပြည်နဲ့ သီဟိုဠ်ကျွန်းတို့ဟာ ထေရဝါဒ ဗုဒ္ဓသာသနာရဲ့ ဗဟိုအချက်အချာ ဌာနကြီးများ ဖြစ်လာခဲ့ပါတယ်။ ၁၃ ရာစုနှစ်အတွင်းမှာ ယိုးဒယားနိုင်ငံဟာ ထေရဝါဒဗုဒ္ဓသာသနာတော်ရဲ့ ဗဟိုအချက်အချာတစ်ခုအဖြစ် တိုးလာပါတယ်။ ဒီလိုနဲ့ပဲ သီဟိုဠ်၊ မြန်မာပြည်၊ ယိုးဒယားပြည်တို့ဟာ သမားရိုးကျဖြစ်တဲ့ ဗုဒ္ဓသာသနာတော်ကြီးကို မူလအတိုင်း စင်ကြယ်သန့်ရှင်းအောင်ယနေ့အထိ ထိန်းသိမ်းခဲ့ကြပါတယ်။

## ပဉ္စမ သင်္ဂါယနာ

မင်းတုန်းမင်းတရားကြီးဟာ ခရစ်နှစ် ၁၈၇၁ ခုမှာ ထေရဝါဒဗုဒ္ဓသာသနာရဲ့ ပဉ္စမသင်္ဂါယနာကို မန္တလေးနေပြည်တော်မှာ တင်တော်မူခဲ့တယ်။ ပိဋကတ်သုံးပုံကိုလည်း ကျောက်ထက်အက္ခရာတင်ခဲ့ပါတယ်။

## ဗြိတိသျှအစိုးရလက်ထက် ဗုဒ္ဓသာသနာ

သီဟိုဠ်ကျွန်းနဲ့ မြန်မာပြည်တို့ကို ဗြိတိသျှအစိုးရ သိမ်းပိုက်လိုက်တဲ့အခါမှာ သာသနာတော်ကြီးရဲ့ ပြန့်ပွား တိုးတက်ရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



အခါကဖြစ်တဲ့ သာသနာ့ဒါယကာမင်းများရဲ့ ထောက်ပံ့မှုကိုတော့ မရတော့ပါဘူး။ ဒါပေမဲ့ ဗြိတိသျှအစိုးရဟာ ဘာသာကိုးကွယ်မှု လွတ်လပ်ခွင့် ပေးခဲ့တဲ့အတွက် ဗုဒ္ဓသာသနာတော်ဟာ အားပျော့လာခဲ့ပေမဲ့ ပျက်စီးကွယ်ပျောက်တဲ့ အဖြစ်ကိုတော့ မရောက်ခဲ့ပါဘူး။ သီဟိုဠ်နဲ့ မြန်မာဘုန်းတော်ကြီးကျောင်းများမှာ ဆိုရင် စာပေ ပရိယတ္တိများကို ဆက်လက် သင်ကြားပို့ချမြဲ ပို့ချခဲ့ပါတယ်။ တိုင်းသူပြည်သားတို့က လည်း သာသနာ့ဝတ်ကို မမေ့မလျော့ ဆောင်ရွက်ကြပါတယ်။

ယိုးဒယားနိုင်ငံက အစဉ်တစိုက် လွတ်လပ်တဲ့နိုင်ငံဖြစ်နေလို့ ယိုးဒယား ဗုဒ္ဓသာသနာကတော့ သာသနာ့ဒါယကာ ယိုးဒယားပြည့်ရှင် မင်းတို့ရဲ့ အထောက်အပံ့ကို အစဉ်တစိုက်ရခဲ့ပါတယ်။

## ဆဋ္ဌ သင်္ဂါယနာ မဟာဓမ္မသဘင်

မြန်မာနဲ့ သီဟိုဠ်နိုင်ငံတို့ဟာ လွတ်လပ်ရေး ရပြီးတဲ့နောက် ဗုဒ္ဓသာသနာဟာ ပိုမိုစည်ပင်လာခဲ့ပါတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၅၀၀ အထိမ်းအမှတ်အဖြစ်နဲ့ မြန်မာနိုင်ငံ ရန်ကုန်မြို့တော်မှာ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးကို ကျင်းပခဲ့ပါတယ်။ ဒီသင်္ဂါယနာမှာ သီဟိုဠ်၊ မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအိုနဲ့ အင်္ဂလိပ်အက္ခရာ ပါဠိကျမ်းတွေကို ညှိနှိုင်းသန့်စင်ပြီး ပိဋကတ်သုံးပုံနဲ့တကွ အဋ္ဌကထာကျမ်းများကို စက်တင်ပုံနှိပ်လျက်ရှိပါတယ်။

## သာသနာ ၂၅၀၀ ပြည့်အထိမ်းအမှတ်ပွဲ

မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်ပြီးနောက် ၂၅၀၀ ပြည့်နှစ် အထိမ်းအမှတ်ပွဲများကို အရှေ့တောင်အာရှ နိုင်ငံအားလုံးနဲ့ သီဟိုဠ်ကျွန်း၊

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယပြည်မတို့မှာလည်း ကျင်းပခဲ့ပါတယ်။ ဒီအထိမ်းအမှတ်အတွက် ကျင်းပတဲ့ပွဲအားလုံးဟာ ခမ်းနားတဲ့ နေရာမှာရော၊ ကျက်သရေမင်္ဂလာ ရှိတဲ့ နေရာမှာရော၊ သဒ္ဒါအဟုန် ကြီးမားပြင်းပြအောင် လှုံ့ဆော် ပေးတဲ့ နေရာမှာရော၊ နက်နဲတဲ့ စာပေပရိယတ္တိကို လေ့လာဆည်းပူး လာအောင် လှုံ့ဆော်ပေးတဲ့ နေရာမှာရော ထူးခြားလှတဲ့အတွက် အရှေ့တောင်အာရှဒေသမှာ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးဟာ တတိယအကြိမ် ပြန်လည် တင့်ဆန်းပွင့်လန်း ထွန်းပလာပြီလို့ ကျွန်တော် ယုံကြပါတယ်။

တတိယအကြိမ်မြောက် ပြန်လည်ထွန်းပလာတဲ့ ဗုဒ္ဓသာသနာ တော်ကြီးဟာ ကာလအခွန့်ရှည်စွာ တည်ပါစေသတည်း။

▢

BURMESE CLASSIC

www.burmeseclassic.com